# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာ ပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၀ ရက် ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ အင်္ဂါနေ့ အတွဲ (၅၇)၊ အမှတ် (၃၂၃)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Lee Kuan Yew School of Public Policy သို့ သွားရောက်လေ့လာ




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့ Lee Kuan Yew School of Public Policy ၌ စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

သတင်းစဉ်

**စင်ကာပူ ဩဂုတ် ၂၀**

စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ အလုပ်သဘော ချစ်ကြည်ရေးခရီး လည်ပတ်ရန် စင်ကာပူတွင် ရောက်ရှိနေသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် Lee Kuan Yew School of Public Policy (LKYSPP) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ Lee Kuan Yew School of Public Policy သို့ ရောက်ရှိရာ စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မဟာဌာနမှူး


*စာမျက်နှာ ၃ ကော်လံ ၁* ✻


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


စာမျက်နှာ » ၁၀


**ယီမင်မှ ဟူသီသူပုန်များ ကလေးစစ်သား ၃၁ ဦးကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသို့ လွှဲပြောင်းပေး**


စာမျက်နှာ » ၁၄



C B BANK

Contact Center : (+95) 1 231 777 0

INTERNATIONAL TRADE SERVICES

- Export / Import Services
- Export / Import Financing
- International Remittance

Contact Us : (95-1) 2317698, (95-9) 261997208 www.cbbank.com.mm STU@cbbank.com.mm

မြန်မာ့အလင်း

## ပဲဈေးကွက်အရွေ့

မြန်မာနိုင်ငံသည် အာရှတွင် ပဲအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်ပြီး နှစ်စဉ် တန်ချိန် တစ်သန်းခွဲခန့် ပြည်ပသို့တင်ပို့ခဲ့ရသည်။ အိန္ဒိယသည် မြန်မာအတွက် အဓိကပဲဈေးကွက်ဖြစ်ပြီး မတ်ပဲနှင့် ပဲစင်းငုံတို့ကို တင်ပို့ခဲ့ရာမှ အိန္ဒိယနိုင်ငံက ပြည်ပမှတင်သွင်းမည့်ပဲ ကိုတာသတ်မှတ်ချက်မူဝါဒ အပြောင်းအလဲဖြစ်ပေါ်လာသောအခါ မြန်မာ ပဲစိုက်တောင်သူများအပါအဝင် ပဲလောကသားများအားလုံး ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

၂၀၁၅-၂၀၁၆ကာလအတွင်း ပဲဈေးကွက်မှာ ရောင်းသူစိတ်ကြိုက် ဈေးကောင်းရခဲ့သည့်အတွက် အားသွန်ခွန်စိုက် စိုက်ပျိုးခဲ့ကြရာမှ ၂၀၁၇ ခုနှစ်အတွင်း ပဲဈေးကွက်မှာ တစ်စတစ်စ နိမ့်ဆင်းလာခဲ့သည်။ ကမ္ဘာပေါ်တွင် ပဲကိုအများဆုံးစိုက်ပျိုးထုတ်လုပ်သူလည်းဖြစ်၊ အများဆုံးစားသုံးသူလည်းဖြစ်၊ အများဆုံးတင်သွင်းသူလည်းဖြစ်သည့် အိန္ဒိယက သူ့ပြည်တွင်းပဲစိုက်ပျိုးသည့် ရာသီတွင် ရေမှန်မိုးမှန်သဖြင့် ပဲထုတ်လုပ်မှုကို မြှင့်တင်နိုင်ခဲ့သည့်အလျောက် ပြည်ပမှပဲတင်သွင်းမှုများအပေါ် ကိုတာသတ်မှတ်ခြင်း၊ အခွန်နှုန်းမြှင့်တင်ခြင်းနည်းလမ်းများဖြင့် ကန့်သတ်လာခဲ့ရာမှ မြန်မာ့ပဲလောကကိုလည်း ထိခိုက်လာရခြင်းဖြစ်သည်။ အထူးသဖြင့် အိန္ဒိယပဲဈေးကွက်၏ အပြောင်းအလဲဖြစ်ပေါ်မှုများကို မြန်မာပဲစိုက်တောင်သူများထံ သတင်းအချက်အလက်များ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေမပေးနိုင်ခဲ့ခြင်းကလည်း အဓိကအားနည်းချက် ဖြစ်ခဲ့သည်။

ပဲစိုက်ပျိုးသည့်တောင်သူများ အကျိုးအမြတ်ဖြစ်ထွန်းစေမည့် အစားထိုးသီးနှံများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် လိုအပ်လာပြီဖြစ်သည့်အလျောက် မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက “ပဲစိုက်တောင်သူများအနေဖြင့် ဈေးကွက်ဝင် စိုက်ပျိုးရေးထွက်ကုန်များ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ကာလတို၊ ကာလလတ်၊ ကာလရှည် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း” ပြောကြားခဲ့သည်။

ကာလတိုအနေဖြင့် ပိုလျှံလက်ကျန်ပဲများ ရောင်းချရေးနှင့် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့ကို လျင်လျင်မြန်မြန် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်၊ ကာလလတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအနေဖြင့် ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ရရှိသည့် သီးနှံများအတွက် တောင်သူများအား မျိုးစေ့နှင့် စိုက်ပျိုးရေးနည်းပညာ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများ ကူညီထောက်ပံ့ခြင်း၊ ဈေးကွက်ရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကာလရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် **National Agriculture Master Plan** တစ်ခု တည်ဆောက်သွားရန်တို့ကိုလည်း ဒုတိယသမ္မတက ပြောကြားသွားခဲ့သည်။

မကြာမီ မိုးစပါးစိုက်ပျိုးရာသီ ပြီးဆုံးပြီးနောက် ပုံမှန်အားဖြင့် ပဲစိုက်ပျိုးသည့်ရာသီသို့ ရောက်ရှိလာတော့မည် ဖြစ်သည်။ ဆောင်းသီးနှံအဖြစ် ပဲကိုစိုက်ပျိုးနေကျ တောင်သူများအဖို့ ယခုနှစ်တွင် မည်သည့်ပဲ သို့မဟုတ် မည်သည့်သီးနှံကို စိုက်ပျိုးရမည်နည်းဆိုသည့် မေးခွန်းအတွက် အဖြေရှာကြရတော့မည်လည်း ဖြစ်သည်။ စိုက်ပျိုးရေးသီးနှံထွက်ကုန်များ၏ ဈေးကွက်အခြေအနေများနှင့် အလားအလာများကို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများထံ အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိအောင် ဖြန့်ချိပို့ဆောင်ပေးနိုင်ရေးသည် အဓိကလိုအပ်ချက် တစ်ရပ်ဟုသာ ဆိုချင်ပါကြောင်း။ ။

## ခရမ်းမြို့၌ စိုက်ပျိုးနည်းပညာပေးဆွေးနွေး

**ခရမ်း ဩဂုတ် ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ခမတ်ကျေးရွာတောင်သူဦးတင်စိုး၏နေအိမ်၌ ဩဂုတ်လတတိယပတ်က တောင်သူလယ်သမားများ စိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဦးအောင်ဆန်း၊ တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးစန်းထွန်းဝင်း၊ တိုင်းနှင့် ခရိုင်မြေ၊ မျိုး၊ ပိုးမှ တာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမားများ တက်ရောက်ကြပြီး တာဝန်ရှိသူများက စိုက်ပျိုးနည်းပညာများကို ဆွေးနွေးပြောကြားကာ တောင်သူလယ်သမားများက သိရှိလိုသည်များ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဗထူး**

## ကျိုက်ထိုမြို့နယ်၌ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲ ဖွင့်လှစ်

**ကျိုက်ထို ဩဂုတ် ၂၀**

ကျိုက်ထိုမြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ နှစ်စဉ်ဝါခေါင်လ ရောက်တိုင်း ကျင်းပမြဲဖြစ်သည့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာကို ယမန်နေ့က ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်းကျေးရွာ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အစည်းအဝေးခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ဓာတ်ပုံ)**



ရှေးဦးစွာ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးစံမြက ဂုဏ်ပြုစကားပြောကြားကာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောမြင့်ရွှေက ချည်ဖြူဖွဲ့မင်္ဂလာ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ယင်းနောက် ကရင်တိုင်းရင်းသား ဦးစောလွင်ထွန်းက မိမိတို့ဘိုးဘွားမိဘ ဆွေမျိုးများက လက်ဆင့်ကမ်း အမွေအနှစ်ဖြစ်သော ချည်ဖြူဖွဲ့မင်္ဂလာကို ဝါခေါင်လအတွင်း ကျင်းပရခြင်းဖြစ်ကြောင်း၊ ဝါခေါင်လဆန်းပိုင်းမှ စတင်ကာ ဒေသအလိုက်၊ အစုအဖွဲ့အလိုက် ကျင်းပလေ့ရှိပြီး တစ်ဦး၏လက်ကောက်ဝတ်အား တစ်ဦးမှချည်ဖြူဖြင့် မင်္ဂလာအမှတ်ပြုပြီး ဖွဲ့နှောင်ခြင်းမှာ အသက်အရွယ်ပိုင်းခြားမှု အမျိုးသား အမျိုးသမီး မခွဲခြားဘဲ တစ်နှစ်တစ်ခါဆုံတွေ့၍ ချည်ဖြူဖွဲ့မင်္ဂလာပြုလုပ်ကြကြောင်း၊ ယင်းသို့ ပြုလုပ်ရာ၌ လိပ်ပြာခေါ်ချည်ဖြူဖွဲ့ခြင်း၊ ထိမ်းမြားမင်္ဂလာ ချည်ဖြူဖွဲ့ခြင်း၊ ဝါခေါင်လချည်ဖြူဖွဲ့ခြင်း အစရှိသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ချည်ဖြူဖွဲ့မင်္ဂလာပွဲသို့ ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာ ၄၁ အုပ်စုမှ ကရင်တိုင်းရင်းသူ တိုင်းရင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင် (ကျိုက်ထို)**

## ကရင်ပြည်နယ် လိပ်သိုမြို့၌ ၂၄ နာရီ လျှပ်စစ်မီး ရရှိ

**လိပ်သို ဩဂုတ် ၂၀**

ကရင်ပြည်နယ် လိပ်သိုမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မြို့ပေါ်ရပ်ကွက် ခြောက်ခုနှင့် ပြည်သူ့ဆေးရုံ၊ ဌာနဆိုင်ရာရုံးများ၊ ကျောင်းများသို့ ညစဉ် ၇ နာရီမှ ၁၀နာရီအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ရာမှ ဩဂုတ် ၁၈ ရက်မှ စတင်ကာ ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် ပြည်နယ်လျှပ်စစ်ဝန်ကြီး၊ ဦးဆောင်ညွှန်ကြားရေးမှူး (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန)၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လိပ်သိုမြို့လျှပ်စစ်ဦးစီးမှူးတို့၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း JICA စီမံချက်ဖြင့် လိပ်သိုဒေသအား ဦးစားပေးအဆင့်(၁) ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေစနစ်ဖြင့် စတင်ဖြူးဖြန့်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ၂၄ နာရီ ဖြန့်ဖြူးပေးခြင်းဖြင့် လိပ်သိုဒေသပြည်သူများအတွက် လျှပ်စစ်ဓာတ်အားသုံးစွဲခြင်း အချိန်ကုန်၊ ငွေကုန်သက်သာခြင်း၊ သဘာဝသစ်တောထင်း၊ မီးသွေး လောင်စာအဖြစ်အသုံးပြုခြင်းမှ လေလွင့်ပြုန်းတီးမှု ထိန်းသိမ်းနိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး ပညာရေး၊ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လိပ်သိုဒေသ အနီးဝန်းကျင် ၁၁ မိုင်ခန့်ဝေးသော ကျေးရွာများသို့လည်း တိုးချဲ့ဖြန့်ဖြူးနိုင်ရန် တည်ဆောက်လျက်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်း ယခုလအတွင်း တည်ဆောက်ပြီးပါက ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း မြို့လျှပ်စစ်ဦးစီးမှူး ဦးချစ်ကိုကိုက ပြောသည်။

ထို့ပြင် မြို့နေပြည်သူများ မီးသုံးစွဲရာတွင် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးနှင့် အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် အသိပညာပေး လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ဇာဖြူဝင်း (ပြန်/ဆက်)**

## ဟုမ္မလင်း၌ စာစီစာကုံး၊ ပန်းချီ၊ ဆေးရောင်ခြယ် ဆုပေးပွဲကျင်းပ

**ဟုမ္မလင်း ဩဂုတ် ၂၀**

ဩဂုတ် ၁၉ ရက်တွင် ကျရောက်သည့် “ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှု” အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ဆေးရောင်ခြယ်၊ ကျပန်းပြိုင်ပွဲ ဆုပေးပွဲကို ဟုမ္မလင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီး ပြိုင်ပွဲတွင်ဆုရရှိသူ စုစုပေါင်း ၃၂ ဦးကို တာဝန်ရှိသူများက ဆုတံဆိပ် များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

**လင်းလင်း (ပြန်/ဆက်)**

## စားသုံးသူဘေးကင်းလုံခြုံရေးအတွက် မကွေးတိုင်းဒေသကြီးမှ ရေသန့်စက်ရုံများကို စည်းကမ်းပိုင်း တင်းကျပ်မည်

**မကွေး ဩဂုတ် ၂၀**

အသေးစား၊ အလတ်စား စက်မှုလက်မှု SME လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားသော်လည်း အများပြည်သူ ကျန်းမာရေးဆိုင်ရာ စားသုံးသူဘေးကင်းလုံခြုံရေးအတွက် မကွေးတိုင်းဒေသကြီး အတွင်းမှ ရေသန့်စက်ရုံများကို စည်းကမ်းပိုင်း တင်းကျပ်သွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာ ပြည့်ထူးထံမှ သိရသည်။

“ရေသန့်လို့ အာမခံပြီး မသန့်ရင် ငါးပါးသီလမလုံဘူး ဖြစ်သွားမယ်။ မကွေးတိုင်းဒေသကြီးထဲမှာ FDA မူနဲ့ မကိုက်ညီတဲ့စက်ရုံက ၃၀ ရာခိုင်နှုန်းလောက်ရှိနေတယ်။ SME ဖွံ့ဖြိုးဖို့အတွက်ရော၊ အရင်းလေး ပြန်ရပါစေဆိုပြီး လျှော့ပေါ့ပေးနေတာတွေ ရှိခဲ့ပါတယ်။ စံမမီတာတွေ ၊အရည်အသွေးပိုင်းကျတာ တွေက စားသုံးသူရဲ့ Safety နဲ့ ငြိလာရင်၊ ထိခိုက်လာရင်တော့ စက်ရုံပိတ်သိမ်းတဲ့အထိ တင်ပြ လုပ်ဆောင်သွားတော့မှာပါ”ဟု ၎င်းက ဆက်လက်ပြောသည်။

ရေသန့်စက်ရုံတည်မည်ဆိုလျှင် မတည်ခင် လာလျှောက်ပြီးမှ စက်ရုံတည်ရမည်ဖြစ်သော်လည်း စက်ရုံတည်ပြီးမှ လာရောက် လျှောက်ထားမှုများရှိနေသည့်အတွက် FDA မူနှင့် ကိုက်ညီမှု မရှိသည့်အခြေအနေများရှိနေကြောင်း၊ လတ်တလောခွင့်ပြုထားသော စက်ရုံများ အနေဖြင့်လည်း သက်တမ်းနှစ်နှစ်ပြည့်ပါက FDA စံနှုန်းနှင့်ညီအောင် အကြီးစားပြင်ဆင်မှုများ လုပ်ဆောင်ရမည် ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။




“ရေသန့်အရည်အသွေးစစ်တဲ့အခါမှာ သုံးကြိမ်စစ်လို့မှမအောင်ရင် စက်ရုံလုံးဝ ပိတ်သိမ်းဖို့ထိ အစိုးရတာဝန်ရှိသူတွေနဲ့ ဆွေးနွေးနေပါတယ်။ စည်းကမ်းပိုင်းအားနည်းတဲ့ စက်ရုံတွေကိုတော့ ကာလတို၊ ကာလရှည် ပိတ်သိမ်းတဲ့ ပြစ်ဒဏ်တွေ ပေးသွားပါမယ်။ အထူးသဖြင့် ရေသန့်လုပ်ငန်းခွင်မှာ လက်အိတ်၊ နှာခေါင်းစည်း၊ ခေါင်းစွပ်တွေကို ပူလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဝတ်ဆင်မှုမရှိတာတွေကို တင်းတင်းကျပ်ကျပ် အရေးယူသွားပါမယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ရေတွင်းပြောင်း၊ စက်ရုံပြောင်း အခြေအနေတွေကိုလည်း တင်ပြပြီး စစ်ဆေးမှုခံယူလုပ်ဆောင်ရပါမယ်” ဟု ၎င်းက ပြောသည်။

လုပ်ငန်းရှင်များ၏ အကျိုးစီးပွားဖော်ဆောင်နိုင်ရန်၊ အခက်အခဲများကို ဖြေရှင်းနိုင်ရန် မကွေးတိုင်းဒေသကြီး ရေသန့်လုပ်ငန်းရှင်များ အသင်းကို ဩဂုတ် ၁၇ ရက်က စတင်ဖွဲ့စည်းခဲ့ကြောင်း သိရပြီး ပုဂ္ဂလိကအကျိုးစီးပွားနှင့် စားသုံးသူဘေးကင်းလုံခြုံရေးအတွက် GMP ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်သွားရန်လိုအပ်ကြောင်း၊ အကူအညီများ ပေးရန်လည်း အသင့်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က လက်ဖက်ရည်ပွဲဖြင့် ခင်မင်ရင်းနှီးစွာ ဧည့်ခံစဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

Prof Danny Quah က Lee Kuan Yew School of Public Policy ဆိုင်ရာ နောက်ခံသမိုင်းအကျဉ်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Lee Kuan Yew School of Public Policy ရှိ စာသင်ခန်းများ၌ စာပေသင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Lee Kuan Yew School of Public Policy ကို ၂၀၀၄ ခုနှစ် ဩဂုတ်မှ စတင်ကာ ကိုယ်ပိုင်လွတ်လပ်သောဘွဲ့လွန်တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ တက္ကသိုလ်ကို စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)၏ အုပ်ချုပ်မှုအောက်တွင် ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

Lee Kuan Yew School of Public Policy သည် QS World University Rankings (2019) ၏ အဆင့်သတ်မှတ်ချက်အရ အာရှတွင် အဆင့်တစ်အဖြစ် သတ်မှတ်ခြင်းခံရပြီး တက္ကသိုလ်အမည်ကို စင်ကာပူနိုင်ငံတွင် သက်တမ်းအကြာဆုံး အုပ်ချုပ်ခဲ့သည့် ဝန်ကြီးချုပ် လီကွမ်ယုအား ဂုဏ်ပြုသည့်အနေဖြင့် Lee Kuan Yew School of Public Policy ဟု အမည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Lee Kuan Yew School of Public Policy ရှိ စာသင်ခန်း၌ စာပေသင်ကြားပို့ချနေမှုများကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

**တက္ကသိုလ်များစွာနှင့်ချိတ်ဆက်**

၂၀၁၈ ခုနှစ်တွင် Lee Kuan Yew School of Public Policy ၌ နိုင်ငံပေါင်း ၉၀ ကျော်မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၈၀၀ ကျော် တက်ရောက်လျက်ရှိပြီး အဆိုပါတက္ကသိုလ်မှ မဟာဘွဲ့၊ ပါရဂူဘွဲ့များ ပေးအပ်လျက်ရှိသည့်အပြင် ကမ္ဘာပေါ်ရှိ တက္ကသိုလ်များစွာနှင့်လည်း ပညာရေးဆိုင်ရာ Exchange Programmes များ ချိတ်ဆက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့အား စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်က အဆိုပါ တက္ကသိုလ်၌ လက်ဖက်ရည်ပွဲဖြင့် ခင်မင်ရင်းနှီးစွာ ဧည့်ခံသည်။

အဆိုပါ ဧည့်ခံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးနှင့်အတူ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဝါရင့်ဒုတိယဝန်ကြီး Dr.Mohamad Maliki Bin Osman၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms. Vanessa Chan နှင့် မဟာဌာနမှူး Prof Danny Quah တို့လည်း တက်ရောက်ကြသည်။

**ညစာစားပွဲတက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Vivian Balakrishnan က ၎င်း၏ နေအိမ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကိုယ်စားလှယ်အဖွဲ့ Lee Kuan Yew School of Public Policy ၌ ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# ရာဇဝတ် အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၄) မှု စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၂၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသာဋ္ဌေးနှင့် ဦးမြသိမ်းတို့ ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်း အမှတ်(၁) ၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄) မှုကို စီရင်ချက်ချမှတ်သည်။ ထို့အပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၁) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၀**

ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး(၁/၂၀၁၈) ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၁၈) ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်နှင့် ဦးစိုးအောင်၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်း အတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြားဖြတ်ရွေးကောက်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ် (၉) ခုရှိ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၄)နယ်၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၁) နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်(၈)နယ်တို့တွင် နိုင်ငံရေးပါတီပေါင်း(၂၅)ပါတီမှ ကိုယ်စားလှယ်စုစုပေါင်း ၆၅ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံသွားကြမည်ဖြစ်ပါကြောင်း၊

ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ အကြိုကာလလုံခြုံရေး၊ မဲဆွယ်စည်းရုံးနေသည့်ကာလ လုံခြုံရေး၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပစဉ်ကာလ လုံခြုံရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးနောက် လုံခြုံရေးဟူ၍ ကာလ (၄) ခုသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကို ထိခိုက်စေမည့် ဖြစ်နိုင်ဖွယ်ရှိသော အလားအလာများကို ကြိုတင်မြော်တွေး၍ လုံခြုံရေး အစီအမံများဆောင်ရွက်၍ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ချက်များ အပေါ် အခြေခံ၍ လုံခြုံရေးအစီအမံလိုအပ်ချက်များကို ဖြည့်စွက်ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်ကြသူများအားလုံးသည်လည်း ဥပဒေ၊ နည်းဥပဒေများ နှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်သွားနိုင်ရေးအတွက်လည်း စီမံကြရမည်ဖြစ်ပါကြောင်း၊

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးသည်အရေးကြီးပါကြောင်း၊ အချိန်နှင့်တစ်ပြေးညီသတင်းမှန်များကိုလည်း ထုတ်ပြန်သွားကြရမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပါအဝင် သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းမှုအလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပစဉ်ကာလအတွင်း ဆောင်ရွက်မည့်လုံခြုံရေး အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် အစည်းအဝေးတက်ရောက်လာသူများက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ တည်ငြိမ် အေးချမ်းစွာ ကျင်းပနိုင်ရေးစပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များမှ တင်ပြသည့် လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း/အင်အား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ - တရုတ် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၀

**လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိနေသော လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် CNPC International ကုမ္ပဏီဥက္ကဋ္ဌနှင့် Petro China ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Wang Zhongcai နှင့်တာဝန်ရှိသူများ၊ Sino Pipeline International ကုမ္ပဏီမှ တာဝန်ရှိသူများ၊ Petro China Gas Marketing ကုမ္ပဏီမှ တာဝန်ရှိသူများ၊ Chinnery Assets Limited ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံဆွေးနွေးစဉ် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသောရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ အသစ်တိုးချဲ့ဆောင်ရွက်ရန်အလားအလာနှင့် အခွင့်အလမ်းများ၊ အနာဂတ်ကာလတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် Powerchina Group ကုမ္ပဏီ၏ Executive Vice President,Mr. Li Yanming နှင့်တာဝန်ရှိသူများ၊ TBEA Company Limited ၏ President, Mr.Huang Hanjie နှင့် တာဝန်ရှိသူများ၊ China Energy Engineering Group International Company Limited ၏ President, Mr. Yang Yisheng နှင့်တာဝန်ရှိသူများ၊ China Huadian Company ၏ Chairman, Mr. Feng Zheng နှင့်တာဝန်ရှိသူများ၊ Zhefu Holding Company ၏ Chairman Mr.Sun Yi နှင့်တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသော LNG သဘာဝဓာတ်ငွေ့ရည်နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ ရေအားလျှပ်စစ်စီမံကိန်းများနှင့် မဟာဓာတ်အားလိုင်း တည်ဆောက်ရေစီမံကိန်းများ အချိန်မီပြီးစီးရေးအတွက် တွန်းအားပေးဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့၏ အုပ်ချုပ်ရေးမှူး၊ Mr.Nur Bekri နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်အောက်မှ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် Electric Power Planning Design & Research Institute သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းခွင် အကြိုသင်တန်း သီပေါမြို့၌ ဖွင့်

**သီပေါ ဩဂုတ် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဖွင့်လှစ်သော ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းကို ဩဂုတ် ၁၉ ရက် နံနက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံးခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးကျော်ကျော်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲအဆင့်ဆင့် လုပ်ဆောင်ရမည့် အခန်းကဏ္ဍနှင့် တာဝန်များ၊ လိုက်နာရမည့် ကျင့်ဝတ်များကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးအောင်မြင့်က ရွေးကောက်ပွဲဆိုင်ရာစက်ဝန်းနှင့် မဟာဗျူဟာစီမံကိန်းပန်းတိုင်များကို လည်းကောင်း၊ အဖွဲ့ဝင်ဒေါ်နန်းခင်လှက ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို လည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

ထို့နောက် သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်ကော်မရှင်အဖွဲ့ ခွဲအတွင်းရေးမှူးက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆရာအဖြစ်သင်တန်း ၂၀၁၈ နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်လက်စွဲ စာအုပ်များကို သင်တန်းသားများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၀**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပစဉ်။**
သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Ichiro Maruyama အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်း၊ JICA၊ BAJ၊ စေတနာ၊ TPAအဖွဲ့တို့နှင့် ပူးပေါင်း၍ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များ၌ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ ရေ၊ မီးစသည့် လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နေမှုအခြေအနေများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအခြေအနေများ၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဆိုင်ရာ ကိစ္စရပ်များတွင် ဂျပန်နိုင်ငံ အစိုးရအနေဖြင့် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ချင်းပြည်နယ် အစိုးရအဖွဲ့တို့ လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဩဂုတ် ၂၀**

အမျိုးသားလွှတ်တော်၊ အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ချင်းပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းတည့် ၁၂ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင်အမှတ် (၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေက အမှာစကားပြောကြားပြီး ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ကွင်းဆင်းစိစစ်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ထို့နောက် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာ စိစစ်တွေ့ရှိချက်များကို တင်ပြခဲ့ပြီး ချင်းပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘောလခဲခရိုင်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် မိုးနှမ်းဧက ၁၇၀ ကျော် စိုက်ပျိုးနိုင်ခဲ့

**ဘောလခဲ ဩဂုတ် ၂၀**

ကယားပြည်နယ် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာ တောင်သူဒေါ်ခင်ညွှန့်၏ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထားသော နှမ်းစိုက်ခင်းနှစ်ဧကကို တောင်သူများကိုယ်တိုင် သိရှိနိုင်ရန်အတွက် ကွင်းပြပွဲကို ယမန်နေ့က အဆိုပါနှမ်းစိုက်ခင်း၌ ကျင်းပခဲ့သည်။

အဆိုပါကွင်းပြပွဲသို့ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမျိုးခန့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ ပြည်နယ်ဒုတိယဦးစီးမှူး ဦးစိုင်းသန်းအောင်၊ ပြည်နယ် မြေ၊ မျိုး၊ ပိုး၊ တာဝန်ခံများ၊ ခရိုင်ဦးစီးမှူးနှင့် ခရိုင်မြေ၊ မျိုး၊ ပိုးတာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။ ဘောလခဲခရိုင်အတွင်း စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများဖြင့် နှမ်းဧက ၁၇၀ ကျော် အကောင်အထည်ဖော်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **မောင်ကျော်ကြီး**

# ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မည်

နေပြည်တော် ဩဂုတ် ၂၀

**ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှုများတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးဖြစ်ခဲ့ကြောင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို လျင်မြန် ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးနိုင်ရန်၊ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနိုင်ရန်နှင့် လိုအပ်ချက်များအပေါ် ပြန်လည်သုံးသပ်ပြီး ဖြည့်ဆည်းပေးနိုင်ရေး တို့အတွက် ဩဂုတ် ၁၆ ရက်တွင် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အလျင်အမြန်နှင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ နေ့စဉ်ဘဝ ပုံမှန်ပြန်လည် လည်ပတ်စေရေးတွင် အကျိုးရှိစေမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း စတင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကဏ္ဍအလိုက် ပျက်စီးမှုများအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားပြီး လိုအပ်ချက်များကိုလည်း တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများအပြင် ထိခိုက်ဆုံးရှုံးမှုများ လျော့ပါးစေရေးအစီအမံများကိုလည်း ဆောင်ရွက်သွားရန် အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ပါရှိပြီးဖြစ်သဖြင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် အဓိကငွေကြေး လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ ဘတ်ဂျက်ရန်ပုံငွေ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့မှ သုံးစွဲသွားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရန်လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအပြင် ဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ စနစ်ကျနေရန် လိုအပ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်းအပြင် အထောက်အပံ့ရရှိသည့် စာရင်းကိုပါ သိရှိရန်လိုကြောင်း၊ သို့မှသာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဆောင်ရွက်ထားမှုအပေါ် ဗဟိုမှ ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို အလေအလွင့်မရှိ စနစ်တကျဖြင့် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသူများက ရေဘေးဒဏ်အများဆုံးခံခဲ့ရသည့် ဒေသများဖြစ်သော ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ ရေဘေးဒဏ်ခံစားရမှုအခြေအနေ၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ပြန်လည်ထူထောင်ရေး စတင်ဆောင်ရွက်နေမှု အခြေအနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများကို တင်ပြဆွေးနွေးရာ ဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အသစ်တစ်ဖန် ဖွဲ့စည်းဖြစ်ပေါ်လာမည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ဒေါက်တာ သီတာတင်

**မကြာမီကာလအတွင်း သက်တမ်းကုန်ဆုံးတော့မယ့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနေရာမှာ တာဝန်ယူဆောင်ရွက်ကြမယ့် သတင်းမီဒီယာကောင်စီဝင်အသစ်များ ရွေးချယ်ပွဲကို ပြီးခဲ့တဲ့ စနေနေ့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ နံနက် ၉ နာရီခွဲမှာ ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။**

ဒီဆောင်းပါးရေးရခြင်းရဲ့ရည်ရွယ်ချက်က မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်အသစ်များကို ကြိုဆိုရင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဘယ်လိုဖွဲ့စည်း ဖြစ်ပေါ်လာတယ်ဆိုတာကို သိရှိနိုင်စေရန် ရည်ရွယ်ပြီး ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဥပဒေဆိုင်ရာ သိမြင်နားလည်မှု (Legal Awareness) ပေးဖို့လည်း ရည်ရွယ်ပါတယ်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဆိုတာဟာ ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းလိုက်တဲ့ သတင်းမီဒီယာဥပဒေ၊ ၂၀၁၅ ခုနှစ်မှာ ထုတ်ပြန်လိုက်တဲ့ သတင်းမီဒီယာ နည်းဥပဒေများအရ ပေါ်ပေါက်လာတဲ့ အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေအခန်း(၂)၊ ပုဒ်မ ၃ မှာ ဥပဒေပြဋ္ဌာန်းရတဲ့ရည်ရွယ်ချက်များ ဖော်ပြထားတာကို အများပြည်သူသိရှိနိုင်ဖို့ ဥပဒေပါအတိုင်း ဖော်ပြလိုက်ပါတယ်။

ပုဒ်မ ၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာ လုပ်ငန်းများဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်း ဖြေရှင်းသောနည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်။

ဒီလို ရည်ရွယ်ချက်ကောင်းတွေ ဖြစ်ထွန်းလာစေဖို့ အဓိက အခန်းကဏ္ဍကနေပါဝင်တဲ့ အဖွဲ့အစည်းဖြစ်လို့ အရေးပါတဲ့ အဖွဲ့အစည်းတစ်ခုအဖြစ် တွေ့ရမှာ ဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေပုဒ်မ ၁၂ အရ ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ လွတ်လပ်စွာဆောင်ရွက်နိုင်တဲ့ တစ်ခုတည်းသော ကောင်စီဖြစ်ပြီး ကောင်စီမှာ ကောင်စီဝင်ဦးရေ အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၀ ပါဝင်နိုင်တယ်လို့ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဃ) မှာ ပြဋ္ဌာန်းပါရှိပါတယ်။

ဒီပုဂ္ဂိုလ်တွေကတော့ ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ ပါဝင်ခွင့်ကို ပုဒ်မ ၁၃ ပုဒ်မခွဲ (က)မှာ ပြဋ္ဌာန်းထားသလို ကျန်ကောင်စီဝင်များဖြစ်တဲ့ သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ လူထုအဖွဲ့အစည်းများက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်များ ပါဝင်ခွင့်ကို ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)နဲ့ (ဂ) တို့မှာ ပြဋ္ဌာန်းပါရှိပါတယ်။

သတင်းမီဒီယာနည်းဥပဒေရဲ့ နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (က) အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်သုံးဦးမှအပ ကျန်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ အစုအဖွဲ့များမှ ရွေးချယ်နိုင်ဖို့အတွက် သတင်းမီဒီယာကောင်စီဝင်ရွေးချယ်ရေး အဖွဲ့ကို နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က) နဲ့ (ခ)အရ အဖွဲ့ဝင် ကိုးဦးနဲ့ ဖွဲ့စည်းထားရှိပါတယ်။




ဩဂုတ် ၁၈ ရက်က ချက်ထရီယံဟိုတယ်၌ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပစဉ်။

❒ **ရွေးကောက်ပွဲအပြီးမှာ ကောင်စီဝင် သုံးဦး (နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသူပုဂ္ဂိုလ်များ)နဲ့ ကိုယ်စားလှယ်လောင်း ၂၆ ဦးတို့ရဲ့ အမည်စာရင်းများ ရရှိပြီးဖြစ်ပါကြောင်းနဲ့ နည်းဥပဒေ ၁၄ အရ သတင်းမီဒီယာကောင်စီဝင်အသစ်များ ဖြစ်လာကြမယ့် ပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတရှေ့မှောက်မှာ ကတိသစ္စာပြုကြရမှာဖြစ်**

ဆိုလိုရင်းကတော့ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ပုဂ္ဂိုလ်တစ်ဦးစီ အဆိုပြု (Nomination) ခွင့်ရှိထားတဲ့အတွက် စုစုပေါင်း ပုဂ္ဂိုလ်သုံးဦးကို ကောင်စီဝင်များအဖြစ် အမည်စာရင်းပေးခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျန်ကိုယ်စားလှယ်လောင်းများကတော့ သက်ဆိုင်ရာအစုအဖွဲ့များအတွင်း မဲပေးရွေးချယ်ခံရလို့ပဲ ဖြစ်ဖြစ်၊ အစည်းအဝေး ဆုံးဖြတ်ချက်အရဖြစ်ဖြစ် ကိုယ်စားလှယ်လောင်းအဖြစ် ရောက်ရှိလာကြသူများနဲ့ တစ်ဦးတည်း ကိုယ်စားလှယ်များ (တစ်သီးပုဂ္ဂလများ) အဖြစ် ဝင်ရောက်အရွေးခံလိုသူများဖြစ်တဲ့အတွက် သူတို့ကို ရွေးချယ်ဖို့ လိုအပ်တဲ့ စည်းမျဉ်းများ သတ်မှတ်နိုင်ဖို့ ကောင်စီဝင်ရွေးချယ်ရေးအဖွဲ့ဝင်များနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့အကြား တိုင်ပင်ဆွေးနွေးကြသလို လက်ရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနဲ့ ညှိနှိုင်းမှုများရယူကာ (၁/၂၀၁၈) ကို ထုတ်ပြန်ခဲ့ပါတယ်။

ဒီထုတ်ပြန်ချက်မှာဖော်ပြထားတဲ့ အချက်တွေကတော့ ကောင်စီဝင်လောင်းအဖြစ် အမည်စာရင်း တင်သွင်းလို့မရတဲ့ အခြေအနေများ၊ အစုအဖွဲ့များမှ ရရှိနိုင်တဲ့ ကောင်စီဝင် အရေအတွက် (Quota) နဲ့ ကိုယ်စားလှယ်လောင်းများ အချင်းချင်း မဲပေးမှုပုံစံတွေကို ဖော်ပြပါရှိပါတယ်။

ရွေးချယ်ရေးအဖွဲ့အနေနဲ့ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံလိုသူများ အမည်စာရင်းကို တင်သွင်းပေးဖို့ ကြေညာရန်နဲ့ စတင်ကြေညာတဲ့နေ့ကနေ ရက်ပေါင်း ၃၀ အတွင်း အဖွဲ့ထံတင်ပြရမယ်ဆိုတဲ့အချက်ကို နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က)(ခ)တို့မှာ ပြဋ္ဌာန်းပါရှိတဲ့အတွက် အဖွဲ့က ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့မှာ ကြေညာခဲ့ပြီး တင်ပြရမယ့် နောက်ဆုံးရက်နဲ့ အချိန်ကို ဇူလိုင်လ ၂၀ ရက် ညနေ ၄ နာရီ သတ်မှတ်ထားခဲ့ပါတယ်။

ဇူလိုင်လ ၁၉ ရက်နေ့က အာဇာနည်နေ့ပိတ်ရက်ဖြစ်လို့ ၂၀ ရက်နေ့လို့ သတ်မှတ်လိုက်ရပါတယ်။ အဖွဲ့ကို တင်ပြလာတဲ့ ကိုယ်စားလှယ်လောင်းများ သတ်မှတ်အရည်အချင်းတွေနဲ့ ကိုက်ညီမှု ရှိ၊ မရှိ၊ လိုအပ်တဲ့ စာရွက်စာတမ်း အချက်အလက်များ ပါ၊ မပါ ကို ရွေးချယ်ရေးအဖွဲ့က စိစစ်ကြရပါတယ်။ အဲဒီနောက် သတ်မှတ်အရည်အချင်းတွေနဲ့ ကိုက်ညီမှုရှိတဲ့ ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကို နည်းဥပဒေ ၉ နည်းဥပဒေခွဲ (က)အရ ကြိုတင်ကြေညာပေးခဲ့ပါတယ်။

ရွေးချယ်ရေးအဖွဲ့အနေနဲ့ သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)မှာပါတဲ့ အဆိုပြုတဲ့ ကိုယ်စားလှယ်များနဲ့ ပုဒ်မခွဲ (ဂ)ပါတဲ့ ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေကို ကောင်စီဝင်အဖြစ် ရွေးချယ်ပေးဖို့ ဩဂုတ်လ ၁၈ ရက်နေ့ကို ရွေးချယ်ပွဲကျင်းပမယ့်နေ့အဖြစ် နည်းဥပဒေ ၉ နည်းဥပဒေခွဲ (ခ) နဲ့ အညီ သတ်မှတ်ကြေညာခဲ့ပါတယ်။ နည်းဥပဒေ ၁၁ နည်းဥပဒေခွဲ (ခ)နဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ နည်းလမ်းနဲ့ ကိုယ်စားလှယ်လောင်း ၅၂ ဦးအနက် တစ်ဦးပျက်ကွက်တဲ့အတွက် ကျန် ၅၁ ဦးက အချင်းချင်း ဆန္ဒမဲများပေးခဲ့ကြပါတယ်။ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) အရ ကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်လိုလျှင် ရွေးချယ်ပွဲ ကျင်းပတဲ့နေ့ကစပြီး ခုနစ်ရက်အတွင်း ရွေးချယ်ရေးအဖွဲ့ဆီကို တင်ပြနိုင်တယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဩဂုတ်လ ၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား ပေးပို့ရပါမယ်။

ဆိုလိုရင်းကတော့ သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ သတင်းအေဂျင်စီများမှ ကိုယ်စားလှယ်လောင်း၊ ပုံနှိပ်ထုတ်ဝေသူများအသင်းမှ ကိုယ်စားလှယ်လောင်း၊ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းမှ ကိုယ်စားလှယ်လောင်း၊ စာရေးဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်းများ၊ ကာတွန်းရုပ်ပြဆရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်လောင်း၊ လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနဲ့ နည်းပညာဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်တဲ့ လူထုအဖွဲ့အစည်းများက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်လောင်းများ၊ အားလုံးပေါင်းလိုက်ရင် ကိုယ်စားလှယ်လောင်း ၂၆ ဦးနဲ့ပတ်သက်ပြီး ကန့်ကွက်လိုပါက ကန့်ကွက်ခွင့်ပေးထားခြင်း ဖြစ်ပါတယ်။

နောက်ဆုံးတင်ပြချင်တာကတော့ ဩဂုတ်လ ၁၈ ရက်နေ့မှာ ကျင်းပတဲ့ ရွေးကောက်ပွဲအပြီးမှာ ကောင်စီဝင်သုံးဦး (နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသူပုဂ္ဂိုလ်များ)နဲ့ ကိုယ်စားလှယ်လောင်း ၂၆ ဦးတို့ရဲ့ အမည်စာရင်းများရရှိပြီးဖြစ်ပါကြောင်းနဲ့ နည်းဥပဒေ ၁၄ အရ သတင်းမီဒီယာကောင်စီဝင်အသစ်များ ဖြစ်လာကြမယ့် ပုဂ္ဂိုလ်များအနေနဲ့ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖွဲ့စည်းပြီးနောက် ရက်ပေါင်း ၃၀ အတွင်း နိုင်ငံတော်သမ္မတ ရှေ့မှောက်မှာ ကတိသစ္စာပြုကြရမှာဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းကို ဒီဆောင်းပါးနဲ့ ကြိုတင်ဂုဏ်ပြု လိုက်ရပါတယ်။ ။

❍ **လွတ်လပ်ပြီး တရားမျှတတဲ့ နည်းလမ်းနဲ့ ကိုယ်စားလှယ်လောင်း ၅၂ ဦးအနက် တစ်ဦး ပျက်ကွက်တဲ့အတွက် ကျန် ၅၁ ဦးက အချင်းချင်း ဆန္ဒမဲများ ပေးခဲ့ကြပါတယ်။ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) အရ ကိုယ်စားလှယ်လောင်းတွေက ကန့်ကွက်လိုလျှင် ရွေးချယ်ပွဲ ကျင်းပတဲ့နေ့ကစပြီး ခုနစ်ရက် အတွင်း ရွေးချယ်ရေးအဖွဲ့ဆီ ကို တင်ပြနိုင်တယ်လို့ ပြဋ္ဌာန်း ထားတဲ့အတွက် ဩဂုတ်လ ၂၄ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံး ထားပေးပို့ရပါမယ်။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**




ယနေ့အစည်းအဝေးတွင် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း၊ အစီရင်ခံစာတစ်ခု လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်က ဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် ၆/၂၀၁၈ အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## အခြေခံပညာဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းလုပ်ငန်း ၂၅၈၀ ခုအတွက် တန်ဖိုးငွေကျပ် ၁၃၁၅၉၃ ဒသမ ၆၃၅ သန်း ခွင့်ပြုချက်ရရှိ

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် ငွေလုံးငွေရင်းလုပ်ငန်း ၂၅၈၀ ခုအတွက် တန်ဖိုးငွေကျပ် ၁၃၁၅၉၃ ဒသမ ၆၃၅ သန်း ခွင့်ပြုချက်ရရှိပါကြောင်း၊ အဆိုပါလုပ်ငန်း ၂၅၈၀ ခုအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနသို့ လုပ်ငန်းအပ်နှံခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ အပ်နှံသည့် လုပ်ငန်း ၂၅၈၀ ခုအနက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနမှ လုပ်ငန်း ၃၃ ခုအား တာဝန်ယူဆောက်လုပ်ခဲ့ပြီး လုပ်ငန်း ၂၄၉၁ ခုအား တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်နှံဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ရန် ညှိနှိုင်းစာများ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုချက်ပါ တည်ဆောက်ရေးလုပ်ငန်း ၄၈၁၀ ခုအတွက် ငွေကျပ် ၆၂၅၆၃ ဒသမ ၉၃၄ သန်းကို ခွင့်ပြုချက်ရရှိခဲ့ပါကြောင်း။

အဆိုပါအပ်နှံထားသည့် လုပ်ငန်း ၄၈၁၀ ခုအား လစာနှုန်းတိုးမြှင့်သွားခြင်းကြောင့် လစာငွေလိုအပ်ချက်အရ အထွေထွေပိုလျှံရန်ပုံငွေသို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ပြန်လည်အပ်နှံထားသည့် လုပ်ငန်းများအား ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတွင် ထည့်သွင်းလျာထားပြီး ခွင့်ပြုချက်ရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တင်ဒါရွေးချယ်စိစစ်အတည်ပြုထားသည့် ကုမ္ပဏီများအား ဆက်လက်အပ်နှံသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေ မပါဝင်သည့် လုပ်ငန်း များအား ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံသည့် စာရင်းတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်းက အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနမှ ယခုအခါ ကိုယ်တိုင် ဆောင်ရွက်ခြင်း မပြုလုပ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကိုသာ တိုက်ရိုက်အပ်နှံပြီး ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးဌာနများကို အကြောင်းကြားစာပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့်လည်း တည်ဆောက်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ အပ်နှံဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

## ဗိသုကာပုံစံ၊ ပုံထုတ်ပုံစံ၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေးအာမခံတို့အတွက် ကုန်ကျမည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာရေးနှစ် တစ်နှစ်စော၍ ကြိုတင်တောင်းခံပြီး ရေးဆွဲထားရန် တိုက်တွန်း

စီမံကိန်းကြီးများမဟုတ်သည့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းလေးများနှင့် ရုံးအဆောက်အအုံလေးများကို ဆောင်ရွက်ခြင်းမပြုဘဲ Architectural Drawing, Structural Drawing တို့သာ ရေးဆွဲအတည်ပြုပြီး ဘတ်ဂျက်တောင်းခံဆောင်ရွက်သွားမည်ဆိုပါက ဘတ်ဂျက်ရရှိသည့်အခါ တင်ဒါလုပ်ငန်းစဉ်များကို လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် တင်ဒါမခေါ်မီ အရည်အသွေးအာမခံကိုပါ တစ်ပါတည်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ ဗိသုကာပုံစံ၊ ပုံထုတ်ပုံစံ၊ မြေစမ်းသပ်ခြင်း၊ အရည်အသွေးအာမခံတို့အတွက် ကုန်ကျမည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဘဏ္ဍာရေးနှစ် တစ်နှစ်စော၍ ကြိုတင်တောင်းခံပြီး ရေးဆွဲထားရန် တိုက်တွန်းတင်ပြလိုပါကြောင်း၊ ထိုသို့ပြည့်စုံအောင် ဆောင်ရွက်ထားနိုင်မည်ဆိုပါက တင်ဒါခေါ်ယူရာတွင် နှစ်လခန့်သာကြာမြင့်မည်ဖြစ်ပြီး သုံးလအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် အချိန်လုံလောက်စွာရရှိပြီး ဘဏ္ဍာရေးနှစ်အလိုက် လက်ရာကောင်းမွန်ပြီး စံချိန်စံညွှန်းပြည့်မီသော လုပ်ငန်းများကို ရရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးသည့်အခါ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အသုံးစရိတ်များအတွက် ဌာနအလိုက် ဘဏ္ဍာရေးခွင့်ပြုမိန့်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးပါကြောင်း၊ လုပ်ငန်းများ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားသင့်ပါကြောင်း၊ ဘဏ္ဍာနှစ်အတွင်း ပြီးစီးနိုင်ရေးအတွက် တင်ဒါဆိုင်ရာ စာရွက်စာတမ်းများ၊ အဖွဲ့ ဖွဲ့စည်းမှုများ၊ စိစစ်တွက်ချက်မှုများ၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းစဉ်များအထိ အချိန်ကို တန်ဖိုးရှိရှိ အသုံးချပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ပြင်ပကန်ထရိုက်တာများသို့ တင်ဒါခေါ်ယူ၍ ဆောင်ရွက်နိုင်သကဲ့သို့ လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းအတွက် နိုင်ငံပိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ လုပ်ငန်းအပ်နှံဆောင်ရွက်မှုများလည်း ရှိပါကြောင်း။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ ၆/၂၀၁၈ တွင် သုံးသပ်တင်ပြထားသည့်အတိုင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနကလည်း မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြအစီရင်ခံခဲ့ပါကြောင်း၊ ယခုကြုံတွေ့နေရသည့်ဖြစ်စဉ်မှာ အစိုးရဌာနအချင်းချင်း လုပ်ငန်းအပ်နှံ၊ လက်ခံရာတွင် အချိန်ကိုက်ဆောင်ရွက်နိုင်မှု အားနည်းခြင်း၊ အောက်ခြေသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးမှု အားနည်းခြင်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်အတွက် မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ရခြင်း၊ လုပ်ငန်းအပ်နှံသဘောတူစာချုပ်များတွင် အားနည်းချက်များရှိခြင်း၊ ငွေပေးချေမှုစနစ်များ အားနည်းချက်ရှိခြင်း စသည့်အချက်များကြောင့်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## အခြေခံပညာဦးစီးဌာနမှ အပ်နှံလုပ်ငန်းများ စုစုပေါင်း၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းသာပြီးစီးသည့်အတွက် လုပ်ငန်းများဆောလျင်စွာ ပြီးစီးရေးနှင့် အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီစေရန် တိုက်တွန်း

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပညာရေးဝန်ကြီးဌာနမှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အပ်နှံသောလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူဆောင်ရွက်မှုမှာ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တင်ဒါခေါ်ယူရာတွင် နောက်အကျဆုံးချုပ်ဆိုခဲ့သည့်ရက်မှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်ပိုင်းကာလဖြစ်သည့် ၂၀၁၈ ခုနှစ် မေ ၁၄ ရက်မှ ချုပ်ဆို နိုင်သည်ကို တွေ့ရှိရသည့်အတွက် တင်ဒါခေါ်ယူခြင်း၊ စာချုပ်ချုပ်ဆိုခြင်း စသည့်လုပ်ငန်းစဉ်များ ပိုမိုလျင်မြန်အောင် ဆောင်ရွက်ရန်လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အပ်နှံလုပ်ငန်းများ စုစုပေါင်း၏ ၂၄ ဒသမ ၆ ရာခိုင်နှုန်းသာပြီးစီးသည့်အတွက် လုပ်ငန်းများဆောလျင်စွာ ပြီးစီးရေးနှင့် အရည်အသွေး၊ စံချိန်စံညွှန်းကိုက်ညီစေရန် တိုက်တွန်းအားပေးဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူလက်ခံရန် အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ ၇/၂၀၁၈ ကို ကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ဖတ်ကြားတင်ပြပြီး ကော်မတီဝင် ဒေါ်ထုမေက လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန်သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဩဂုတ် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆင့်ပွားသင်တန်းပို့ချ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက်က တောင်ဥက္ကလာပမြို့နယ်ရှိ စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မောင်အေး၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်မောင်(အရှေ့ပိုင်းခရိုင် တာဝန်ခံ)၊ အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာကျော်စိုးဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ သင်တန်းသား မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းပို့ချမှုများ ပြုလုပ်သည်။ အဆိုပါသင်တန်းတွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်း လမ်းညွှန်များနှင့် မဲဆန္ဒရှင်စာရင်း ပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းခြင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီများနှင့် ရွေးကောက်ပွဲခုံရုံးဆိုင်ရာများကို သင်တန်းဆရာ ၁၆ ဦးတို့က ပို့ချပေးမည်ဖြစ်သည်။

ယင်းလုပ်ငန်းခွင်အကြို သင်တန်းကို ဩဂုတ် ၁၈ ရက်နှင့် ၁၉ရက်များတွင် ပို့ချမည်ဖြစ်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ တောင်ဥက္ကလာပ၊ ဗိုလ်တထောင်နှင့် သာကေတမြို့နယ်များမှ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲဝင် ၃၉ ဦး တက်ရောက်ကြသည်။

**ဇော်မိုးသောက်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ ဒေါက်တာလှမိုး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ မိတ်ဆွေများ၊ ဒေါက်တာစံရွှေဝင်း (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၏ မိတ်ဆွေများ၊ သဇင်လူမှုဖွံ့ဖြိုးရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအပါအဝင် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၃၅၂ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၄၁၂၇၈ ဦးရှိကြောင်း၊ လွှတ်တော်သို့လာရောက် လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက် ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများစီးပွားရေးစကားဝိုင်းကျင်းပ

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် (၂၀၁၆) အကြောင်းဆွေးနွေးမှု

ရဲခေါင်ညွန့်၊ ဇော်ကြီး၊ ဓာတ်ပုံ - ဖိုးဇော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်မြသူဇာ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးဌေးချွန်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုစီးပွားရေးကော်မတီအဖွဲ့ဝင် ဦးအေးလွင်တို့က စီးပွားရေးစကားဝိုင်း ဆွေးနွေးသူများအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြသည်။



ဦးသန်းအောင်ကျော်



ဒေါ်မြသူဇာ



ဦးဌေးချွန်



ဦးအေးလွင်

အဆိုပါဆွေးနွေးပွဲတွင် **(၁) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ၏ အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ် (၂၀၁၆)၊ (၂) ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ၊ (၃) ကမ္ဘာနှင့် မြန်မာတွင် လတ်တလော ဖြစ်နေသည့် စီးပွားရေးနှင့်ငွေကြေး ဈေးကွက် အခြေအနေတို့ကို** ဆွေးနွေးခဲ့ကြသည်။

**မေး။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့လုပ်ငန်းဆောင်ရွက်မှု အခန်းကဏ္ဍနဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဦးသန်းအောင်ကျော်။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေထဲမှာ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းထားတာပါ။ အဲဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဦးဆောင်ပြီးတော့ အကောင်အထည်ဖော်ရတာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းတွေကို ဦးစီးဦးဆောင်ပြီး အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းတွေရှိတယ်။ ထိုင်းမှာဆို ထိုင်းရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (BOI) ရှိသလို မလေးရှား၊ ကမ္ဘောဒီးယားတို့မှာလည်း ရှိပါတယ်။

### အဓိကလုပ်ငန်းတွေ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ အဓိကလုပ်ငန်းတွေကို ပြောရင် ပထမ အရေးကြီးဆုံးက မြန်မာနိုင်ငံရဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ပြည်တွင်းရော၊ ပြည်ပရော တိုးမြှင့်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒုတိယအရေးကြီးဆုံးက မြန်မာနိုင်ငံမှာဆောင်ရွက်နေတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ အဆင်ပြေပြေ ချောမွေ့အောင် ဆောင်ရွက်ပေးရတဲ့ တာဝန်ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေနဲ့ အဆင်ပြေအောင် ပေါင်းစပ်ပြီး ညှိနှိုင်းရတာရှိတယ်။ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေက သူတို့ရဲ့လုပ်ငန်းတွေကို တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာနိုင်အောင် အကောင်အထည်ဖော်တဲ့အခါမှာ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ မူဝါဒတွေကို ပံ့ပိုးပေးပါတယ်။

ရင်းနှီးမြှုပ်နှံမှုတွေလာတဲ့အခါမှာ နိုင်ငံတိုင်းက လာချင်အောင် မက်လုံးတွေ ပေးရတယ်။ အဲဒီမက်လုံးပေးတဲ့ ခံစားခွင့်တွေ၊ သက်သာခွင့်တွေကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေ ဆောင်ရွက်ပေးပါတယ်။ နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီ၊ ဆောင်ရွက်နေပြီဆိုရင် ဒီလုပ်ငန်းတွေဟာ ဥပဒေနဲ့အညီ လုပ်ရဲ့လား၊ တိုင်းပြည်အတွက် အကျိုးရှိရဲ့လား၊ တာဝန်ယူမှု၊ တာဝန်သိမှုရှိတဲ့ စီးပွားရေးလုပ်ငန်းတွေအဖြစ် ရပ်တည်နေရဲ့လားဆိုတာတွေကို စောင့်ကြည့်၊ ကြီးကြပ် ဆောင်ရွက်တဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပါတယ်။ ဒါတွေက အဓိက တာဝန်တွေပါ။

**မေး။ ။ ဥပဒေပိုင်းနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ၂၀၁၆ မတိုင်ခင်ကလည်း ရင်းနှီးမြှုပ်နှံမှု ဥပဒေတွေ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး အဲဒီနောက်ပိုင်းမှာလည်း မူဘောင်တွေအဆင့်ဆင့် ပြောင်းလဲလိုက်တာ တွေ့ရပါတယ်။ အကြောင်းရင်းကို ရှင်းပြပေးပါ။**

ဒေါ်မြသူဇာ။ ။ မြန်မာနိုင်ငံဟာ ၁၉၈၈ နောက်ပိုင်းကစပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးစနစ် စတင်ပြောင်းလဲကျင့်သုံးခဲ့ချိန်ကစပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ စီးဝင်လာစေရန် ရည်ရွယ်ပြီး ၁၉၈၈ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေနဲ့အတူ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းခဲ့ပါတယ်။ နိုင်ငံခြားကို ဖိတ်ခေါ်ရုံတင်မဟုတ်ဘဲ ကိုယ့်နိုင်ငံသားတွေကိုပါ အခွင့်အရေးတွေရစေချင်တဲ့အတွက် ၁၉၉၄ မြန်မာ နိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့အတူ လုပ်ထုံးလုပ်နည်းတွေ ပြဋ္ဌာန်းခဲ့ပါတယ်။

**မေး။ ။ အခုလက်ရှိမှာ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို အဆင့်ဆင့်ပြောင်းလဲ ရေးဆွဲလာတာတွေ့ရပါတယ်။ အခု နောက်ဆုံးထွက်ရှိလာတဲ့ ဥပဒေသစ် (၂၀၁၆)ရဲ့ အားသာချက်နဲ့ အကျိုးရလဒ်တွေက ဘာတွေဖြစ်မလဲ။**

### ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်

ဦးဌေးချွန်။ ။ ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်က အားသာချက်တွေ ရှိပါတယ်။ ရင်းနှီးမြှုပ်နှံမှုမှာ အဓိက အချက်ကြီးတွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ခြင်းနဲ့ အများသိစေခြင်း၊ လွယ်ကူချောမွေ့စေခြင်း၊ ဖြေလျှော့မှုပေးခြင်း ဆိုတဲ့ သုံးရပ်စလုံးက အရင်ဥပဒေတွေနဲ့ ယှဉ်ရင် အားသာချက်တွေရှိပါတယ်။ ပွင့်လင်းမြင်သာမှုကို အဓိကထား ရေးဆွဲထားပါတယ်။ အရင်ဥပဒေတွေမှာက လုပ်ငန်းတိုင်းခွင့်ပြုမိန့်လျှောက်ထားရပါတယ်။ အခုဥပဒေအသစ်က ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတိုင်း ခွင့်ပြုမိန့် လျှောက်ထားစရာ မလိုပါဘူး။ ဥပဒေသစ်ရဲ့ ပုဒ်မ (၃၆) မှာ သတ်မှတ်ထားတဲ့ လုပ်ငန်းအမျိုးအစား ငါးမျိုးမှတစ်ပါး ခွင့်ပြုမိန့် လျှောက်ထားစရာမလိုပါဘူး။ အဲဒီ ငါးမျိုးက နံပါတ် (၁) နိုင်ငံတော်အတွက် မဟာဗျူဟာကျတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ (၂) မတည်ငွေရင်း ကြီးမားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ (၃) သဘာဝပတ်ဝန်းကျင်နဲ့ ဒေသခံလူထုအပေါ် ကြီးမားတဲ့ သက်ရောက်မှုရှိမယ့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ (၄) နိုင်ငံတော်ပိုင် မြေနဲ့ အဆောက်အအုံတွေ အသုံးပြုတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ၊ (၅) ကော်မရှင်ကို အဆိုပြုချက်တင်ရင် အစိုးရက သတ်မှတ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေဖြစ်ပါတယ်။ အဲဒီငါးမျိုးကလွဲရင် ကျန်တာကကော်မရှင် ခွင့်ပြုမိန့် စောင့်စရာမလိုပါဘူး။ အတည်ပြုမိန့်နဲ့ပဲ ဆောင်ရွက်လို့ရပါတယ်။ အဲဒါတွေအပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အချိုးညီညီ တိုးတက်စေဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ အားလုံးကို ရင်းနှီးမြှုပ်နှံမှုကော်မတီတွေ ဖွဲ့ပေးပြီး အဲဒီ ရင်းနှီးမြှုပ်နှံမှုကော်မတီတွေကနေ အတည်ပြုမိန့်တွေ ပေးလို့ရပါတယ်။ အမေရိကန်ဒေါ်လာ ၅ သန်း၊ မြန်မာကျပ်ငွေ သန်းပေါင်း ၆၀၀၀ အောက်ဆိုရင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ကို လာစရာမလိုဘဲ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကော်မတီတွေမှာပဲ အတည်ပြုမိန့်တွေ လျှောက်ထားလို့ရပါတယ်။

### ဥပဒေသစ်ရဲ့အားသာချက်

လွယ်ကူချောမွေ့စေရေးအတွက် အရင်တုန်းက MIC ခွင့်ပြုမိန့်တစ်ခုအတွက် စောင့်ရတာ ရက်ပေါင်း ၉၀ ဥပဒေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုဆိုရင် ရက်ပေါင်း ၆၀ အတွင်း ရပါတယ်။ အမြန်ဆုံးလည်း ထုတ်ပေးနေပါတယ်။ အတည်ပြုမိန့်ဆိုရင်တော့ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပါတယ်။ ဒါ့အပြင် ဖြေလျှော့ပေးခြင်းမှာလည်း သူ့အလွှာအလိုက် ဇုန် သုံးခုခွဲပြီး သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ် ဆိုပြီး ဒေသအသီးသီး ခွဲခြားပေးထားပါတယ်။ ဒါတွေဟာ အခုဥပဒေသစ်ရဲ့အားသာချက်တွေပါပဲ။

**မေး။ ။ ရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ဇုန်တွေခွဲခြား သတ်မှတ်ပေးထားတယ်။ ဘယ်လိုမျိုး ခွဲခြားသတ်မှတ်တာလဲ။ အဲဒီလို ခွဲခြားသတ်မှတ်ခြင်းအားဖြင့် နိုင်ငံနဲ့ နိုင်ငံသားတွေအပေါ် ဘယ်လိုအကျိုးရလဒ်တွေ ရလာမလဲ။**

ဦးအေးလွင်။ ။ အဲဒီလို ဥပဒေရည်ရွယ်ချက်ထည့်တာ ကောင်းပါတယ်။ လာအိုမှာလည်းရှိသလို ကမ္ဘောဒီးယားမှာလည်း ရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာလည်း ဒီလိုပုံစံမျိုး ရှိပါတယ်။ မြန်မာနိုင်ငံမှာက အဖွံ့ဖြိုးဆုံးဒေသလို့ သတ်မှတ်ရင် ရန်ကုန်နဲ့ မန္တလေး မြို့တော်နှစ်ခုပါ။ သူတို့က စီးပွားရေးအဓိကလုပ်တဲ့ မြို့တော်တွေပါ။ ရန်ကုန်နဲ့မန္တလေး နောက် ပဲခူးတိုင်းဒေသကြီးမှာဆို ဒေသအချို့ပေါ့။ အဲ့ဒီ နေရာတွေလောက်ပဲ ဇုန် ၃ လို့ သတ်မှတ်ထားတယ်။ ဇုန် ၃ လို ဖွံ့ဖြိုးနေတဲ့ဒေသမှာ ရင်းနှီးမြှုပ်နှံမှု လုပ်မယ်ဆိုရင် အမြတ်ခွန် ကင်းလွတ်ခွင့် သုံးနှစ်ပေးတာကို ဆိုလိုခြင်းဖြစ်ပါတယ်။ သူနဲ့ နည်းနည်းလှမ်းတဲ့ မြို့နယ်တွေဆို ဇုန် ၂ သတ်မှတ်ပြီး အမြတ်ခွန် ကင်းလွတ်ခွင့် ငါးနှစ်ပေးပါတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့ဆို ပြည်နယ်တစ်ခုလုံး လိုလိုပဲ ဇုန် ၂ ထဲမှာပါသလို ဇုန် ၃ ထဲမှာလည်း ပါပါတယ်။ ဇုန် ၁ ကတော့ မဖွံ့ဖြိုးသေးတဲ့ နေရာတွေပါ။ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် စသည်ဖြင့် နယ်စွန်၊ နယ်ဖျားတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် ဇုန် ၁ အနေနဲ့ သတ်မှတ်ပြီး အခွန်ကင်းလွတ်ခွင့် ခုနစ်နှစ် ပေးပါတယ်။ ဒါက ထူးခြားချက်ပါ။

### ရင်းနှီးမြှုပ်နှံလိုသူကိုပေးတဲ့ အခွင့်အရေး

နောက်ထပ် ထူးခြားချက်အနေနဲ့ ကျန်သွားတာက ဇုန် သုံးခုထဲက ဘယ်မှာမဆို ရင်းနှီးမြှုပ်နှံသူတွေကို နှစ် ၅၀ အပေါင်း ၁၀ အပေါင်း ၁၀ နှစ် ၇၀ ကို အစိုးရက ဖြစ်စေ၊ သက်ဆိုင်ရာ မြေငှားရမ်းသူ ပုဂ္ဂလိက က ဖြစ်စေ တိုက်ရိုက်ငှားရမ်း ရင်းနှီးမြှုပ်နှံနိုင်ပါတယ်။ နောက်တစ်ခုက ဇုန် ၁ သတ်မှတ်ပြီး ခုနစ်နှစ် အခွန်ကင်းလွတ်ခွင့်ပေးထားတာက ပထမအရစ် ကင်းလွတ်ခွင့်ပေးတာ။ တကယ့်ကို ဒီလုပ်ငန်းဟာ တိုင်းပြည်အတွက် အကျိုးရှိတယ်။ ဒီဒေသဖွံ့ဖြိုး တိုးတက်ဖို့အတွက် အမှန်တကယ်ကို လိုအပ်တယ်။ လုပ်ငန်းရှင်ကလည်း မှန်မှန်ကန်ကန်နဲ့ တည်ဆောက်ပြီး ပြည်သူကို အကျိုးပြုတယ်။ အောင်မြင်နေတဲ့ လုပ်ငန်းဆိုရင် ပြည်သူ့လွှတ်တော်ကိုတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်တွေက သဘောတူရင် သူ့အတွက် သီးခြား အခွင့်အရေးပေးပိုင်ခွင့်ရှိပါသေးတယ်။ ဒါက နယ်စွန်၊ နယ်ဖျားတွေမှာ ရင်းနှီးမြှုပ်နှံလိုသူကိုပေးတဲ့ အခွင့်အရေးပါ။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ အားသာချက်တွေများပါတယ်။ ဒါဟာ နယ်စွန်၊ နယ်ဖျားတွေမှာရှိတဲ့ လုပ်ငန်းရှင်တွေအတွက် အားသာချက်ဖြစ်ပါတယ်။

အားလုံးပြန်ခြုံလိုက်ရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဟာ ရင်းနှီးမြှုပ်နှံမယ့်လူကို လမ်းဖွင့်ပေးပြီးတော့ သူတို့လုပ်ချင်တဲ့ လုပ်ငန်းတွေကို ဥပဒေဘောင်ထဲထည့်ပြီး လုပ်ပေးလိုက်ခြင်း၊ ခွင့်ပြုလိုက်ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတကာအနေနဲ့ ထိုင်းရင်းနှီးမြှုပ်နှံမှု ဘုတ်အဖွဲ့ဆိုရင်လည်း One Step One Stop (OSOS) လို့ရေးထားတယ်။ ကျွန်တော်တို့ဆီမှာလည်း အခုလိုလျင်မြန် မြန်ဆန်တဲ့ စနစ်ကို အသုံးချဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၉ သို့*

**“လွယ်ကူချောမွေ့စေရေးအတွက် အရင်တုန်းက MIC ခွင့်ပြုမိန့်တစ်ခုအတွက် စောင့်ရတာ ရက်ပေါင်း ၉၀ ဥပဒေမှာ ပြဋ္ဌာန်းခဲ့ပါတယ်။ အခုဆိုရင် ရက်ပေါင်း ၆၀ အတွင်း ရပါတယ်။ အမြန်ဆုံးလည်း ထုတ်ပေးနေပါတယ်။ အတည်ပြုမိန့်ဆိုရင်တော့ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုပါတယ်။ ဒါ့အပြင် ဖြေလျှော့ပေးခြင်းမှာလည်း သူ့အလွှာအလိုက် ဇုန်သုံးခုခွဲပြီး သုံးနှစ်၊ ငါးနှစ်၊ ခုနစ်နှစ် ဆိုပြီး ဒေသအသီးသီး ခွဲခြားပေးထားပါတယ်။ ဒါတွေဟာ အခုဥပဒေသစ်ရဲ့ အားသာချက်တွေပါပဲ”**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အိန္ဒိယဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းလက်မှတ်ရေးထိုး



ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ဟောင်း H.E. Mr. Shri Atal Bihari Vajpayee ကွယ်လွန်ခြင်းအတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး၌ ဝမ်းနည်းကြောင်းမှတ်တမ်းတွင် ယနေ့နံနက် ၁၁ နာရီက လက်မှတ်ရေးထိုးသည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Shri Atal Bihari Vajpayee သည် ဩဂုတ် ၁၆ ရက်တွင် နယူးဒေလီမြို့ All India Institute of Medical Science (AIIMS)ဆေးရုံ၌ ကွယ်လွန်သွားခြင်းဖြစ်ပြီး ဝန်ကြီးချုပ်ဟောင်းအား လေးစားသောအားဖြင့် အိန္ဒိယသမ္မတနိုင်ငံတွင် ဩဂုတ် ၁၆ ရက်မှ ၂၂ ရက်အထိ နိုင်ငံတော်အဆင့် ရက်သတ္တပတ် ဝမ်းနည်းကြေကွဲခြင်းရက်များအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးတွင် လာရောက်ဂါရဝပြုလိုသူများ ဝမ်းနည်းခြင်းမှတ်တမ်းရေးထိုးနိုင်ရန်အတွက် ဩဂုတ် ၂၀ နှင့် ၂၁ ရက်တို့တွင် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း H.E. Mr. Shri Atal Bihari Vajpayee ဩဂုတ် ၁၆ ရက်က ကွယ်လွန်သွားသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။**

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မန်းကျည်းကန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း တိုးတက်မှုအခြေအနေများကို ဒေသခံများနှင့် ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၀

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့ရိုးရာအစားအစာပြပွဲ ၂၀၁၈ ကို ပုဂံမြို့ လောကနန္ဒာဘုရားအနီး၌ ဩဂုတ် ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပသည်။**

အဆိုပါ ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လောကနန္ဒာဘုရားအနီး ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သံရုံးများမှ သံတမန်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ခင်းကျင်းပြသ**

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း ဇုန် ကိုးဇုန်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ၊ ရှမ်းတောင်၊ ကယား၊ မော်လမြိုင်၊ ထားဝယ်၊ ကရင်၊ ကျိုက်ထိုနှင့် မြန်မာနိုင်ငံစားဖိုမှူးအသင်းတို့မှ ဒေသထွက်ရိုးရာ အစားအစာများအား ပြခန်း ၂၆ ခန်းတွင် ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် ပြခန်းများတွင် ရိုးရာအစားအစာများ ချက်ပြုတ်ပြင်ဆင်ပြသနေမှုအား လေ့လာကြည့်ရှုခဲ့ကြပြီးနောက် လောကနန္ဒာဘုရားတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့ရိုးရာ လှေပြိုင်ပွဲကို အားပေးကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း စလေမြို့ မန်းကျည်းကန်ရွာ၌ ခရီးသွားလုပ်ငန်းရှင်များ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၆ ခုနှစ်က စတင်ခဲ့သော မန်းကျည်းကန် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေများကို ဒေသခံပြည်သူများနှင့် ထိတွေ့ဆွေးနွေးခဲ့ပြီး လာမည့် ခရီးသွားရာသီ၌ ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြရန်၊ ဈေးနှုန်းများ လျော်ကန်မှုရှိစေရန်၊ ကျေးရွာအတွင်း လှည့်ပတ်သွားလာ၍ လူနေမှုဓလေ့များ လေ့လာရာတွင် အဆင်ပြေချောမွေ့မှု ရှိစေရန်၊ ခရီးသွား ဧည့်သည်များ ကျန်းမာရေး စောင့်ရှောက်မှု ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ အရန်သင့်ထားရှိနိုင်ရန်တို့ အပြင် ကျေးရွာအတွက် လျှပ်စစ်မီး ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မြန်မာ့ရိုးရာအစားအစာပြပွဲ၌ ခင်းကျင်းပြသမှုများအား ကြည့်ရှုအားပေးစဉ်။**

**အကောင်အထည်ဖော်ဆောင်ရွက်**

ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်းအား စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဒေသခံပြည်သူလူထုအတွက် အချိန်တိုတိုအတွင်း အကျိုးခံစားခွင့်ရရှိမည့် လုပ်ငန်းဖြစ်ကာ လက်ရှိအချိန်ထိ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ခရီးစဉ်ဒေသ စုစုပေါင်း ၂၁ ခု သတ်မှတ်ဖော်ထုတ် ဆောင်ရွက်လျက်ရှိရာ လက်ရှိဆောင်ရွက်ပြီးစီးမှု ခရီးစဉ်ဒေသ ၁၅ ခု၊ ကျေးရွာပေါင်း ၃၈ ရွာတွင် လုပ်ငန်းဆောင်ရွက်နေပြီး ဆက်လက်၍ နေရာခြောက်ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

တစ်ခုရှိတာက ကျွန်တော်တို့ ကော်မရှင်က ဒါကို ရင်းနှီးဖို့ ခွင့်ပေးလိုက်ပြီဆိုတဲ့ နောက်မှာ နောက်ဆက်တွဲဖြစ်တဲ့ သက်ဆိုင်ရာ လုပ်ငန်းအပေါ်မှာမူတည်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အထူးသဖြင့် သက်ဆိုင်ရာ မြို့နယ်ဒေသက အာဏာပိုင်အဖွဲ့အစည်းမှာရှိတဲ့ ဌာနတွေရဲ့ ခွင့်ပြုချက် စသည်ဖြင့် ဆောင်ရွက်တဲ့အခါမှာ ပိုပြီးလျင်မြန်တဲ့ စနစ်တွေလုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းလို့ မရပါဘူး။ ပူးပေါင်းဆောင်ရွက်မှု အားကောင်းရပါမယ်။ အဲဒီလိုပဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုဟာ စစချင်း ပြည်သူတွေကလည်း ကြိုဆိုဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှု မစတင်ခင်မှာပဲ လုပ်ငန်းရှင်က အတွေးတွေနဲ့ စိုးရိမ်ကြောင့်ကြဖြစ်နေမယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုဟာ မလာရဲပါဘူး။ ဒါကြောင့် ကျွန်တော်တို့တွေဟာ တိုးတက်ဖွံ့ဖြိုးရေးလုပ်တဲ့အခါမှာ အစိုးရရော၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာရှိတဲ့ အစိုးရအဖွဲ့တွေရော၊ ပြည်ထောင်စု အစိုးရအဖွဲ့ရော ၊ အစိုးရဌာနတွေရဲ့ ရုံးချုပ်တွေရော ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာရှိတဲ့ ဌာနတွေရော၊ သက်ဆိုင်ရာ ဆက်စပ်တဲ့ ဌာနတွေက ပံ့ပိုးတဲ့လုပ်ငန်းစဉ်တွေဟာ ယနေ့ကာလထက် ပိုကောင်းတဲ့၊ ပိုမြန်တဲ့ ၊ ပိုပူးပေါင်း ဆောင်ရွက်တဲ့ စနစ်တွေလုပ်ဖို့ လိုသေးတယ်လို့တော့ ကျွန်တော်မြင်ပါတယ်။

**မေး။ ။ ဒါဆိုရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့ လက်ရှိ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး ခွင့်ပြုမိန့်တွေချပေးတဲ့အပေါ်မှာ ပိုမိုမြန်ဆန်မှုရှိအောင် ဘယ်လိုမျိုးတွေ ဆောင်ရွက်နေလဲဆိုတာ ဆက်ပြီးပြောပြပေးပါ။**

ဦးသန်းအောင်ကျော်။ ။ အရင်တုန်းက ရင်းနှီးမြှုပ်နှံမှုတစ်ခုကိုတင်ပြရင် ဥပဒေအရကိုက ရက် ၉၀ လောက်ကို အချိန်ယူတာပေါ့။ အခုဥပဒေ သစ်ထဲမှာ ကော်မရှင်က ခွင့်ပြုရမယ့်လုပ်ငန်းကို ရက်ခြောက်ဆယ်ဆိုပြီးတော့ လျှော့တဲ့အပြင် အတည်ပြုအမိန့်လောက်ဆိုရက် ၃၀ ပဲ။ အချိန်တွေအများကြီး ကျုံ့ပစ်လိုက်တယ်။ နောက်တစ်ခုကတော့ အလုပ်လုပ်တဲ့အပိုင်းမှာလည်း သူကထင်သာ မြင်သာအောင် လုပ်ထားတယ်။ ဝန်ကြီးဌာနတွေကို ခွင့်ပြုမိန့်ရပြီးရင် လိုင်စင်လျှောက်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ဆီမှာ ခွင့်ပြုမိန့်ယူတဲ့အပိုင်း။

အဲဒါတွေအားလုံးဟာလည်း ရိုးရှင်းလွယ်ကူအောင် လုပ်ထားတယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ကြည့်လိုက်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို လျှောက်မယ့်လုပ်ငန်းတွေ အားလုံးအတွက် ပုံစံတွေလုပ်ပေးထားတယ်။ ပစ္စည်းလျှောက်မယ်ဆိုရင် အဲဒီပုံစံကို ဖြည့်လိုက်ရုံပဲ။ ကော်မရှင် အမိန့်လျှောက်မယ်ဆိုရင် ဘယ်ပုံစံ။ အဲဒီလောက် လွယ်ကူအောင် ကျွန်တော်တို့ လုပ်ထားတယ်။ ဒီလို မိမိကဏ္ဍအလိုက် ပညာရေးမှာရင်းနှီးမြှုပ်နှံမလား။ လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမလား။ ဟိုတယ်ဆောက်မလား။ အဲဒါတွေဆိုရင်လည်း ဘယ်လိုအဆင့်တွေနဲ့ ဘယ်လိုအထောက်အထားတွေတင်ပြရမယ် ဆိုတာလည်း အားလုံးအသိပေးထားတယ်။

နောက်တစ်ခါ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်တော့ ရပြီ။ လိုအပ်တဲ့ ကုန်ကြမ်းတွေ သွင်းမယ်။ စက်ပစ္စည်းတွေ သွင်းမယ်။ တည်ဆောက်ရေး လုပ်မယ်ဆိုရင်လည်း One Stop Service (OSS) ကျွန်တော်တို့မှာရှိတယ်။ OSS က ဒီနေ့ လျှောက်ရင် တစ်ခါတလေဆို ညနေပိုင်းနဲ့အပြီး လိုင်စင်ရတယ်။ ဒါမှမဟုတ်ရင်လည်း နောက်တစ်နေ့ ဒီလောက်နဲ့ပဲ ကျွန်တော်တို့ မြန်ဆန်အောင် လုပ်ပေးတယ်။ ဥပမာ -စက်ပစ္စည်းတွေ သွင်းတယ်။ ကုန်ကြမ်းတွေသွင်းတယ်ဆိုရင် စီးပွား / ကူးသန်းကလိုင်စင်။ စီးပွား / ကူးသန်းက ရုံးကကိုယ်စားလှယ်အဖွဲ့က MIC မှာရှိတဲ့ OSS မှာလာထိုင်နေတယ်။ စီးပွား / ကူးသန်းရုံးကလည်း လုပ်ပိုင်ခွင့်အပြည့် ပေးထားတယ်။ အဲဒီမှာလာထိုင်တဲ့ ဒုတိယညွှန်ကြားရေးမှူးက လိုင်စင်အပြီး ထုတ်ပေးလိုက်တယ်။ ထို့အတူ နိုင်ငံခြားက ပညာရှင်တွေ ခေါ်လာတယ်။ ဒီမှာ အလုပ်လုပ်မယ်။ အဲဒါတွေအတွက်လည်း လူဝင်မှုကြီးကြပ်ရေးအရာရှိတွေက ကျွန်တော်တို့ရုံးမှာ လာထိုင်တယ်။ ဗီဇာအားလုံး ၂၄ နာရီအတွင်းမှာ ထုတ်ပေးလိုက်တယ်။ အဲဒီလို လွယ်ကူမြန်ဆန်အောင် လုပ်ပေးထားတယ်။

ရင်းနှီးမြှုပ်နှံတဲ့ လူတစ်ယောက်ရောက်လာပြီဆိုရင် သူကစတင်ပြီးတော့ ကုမ္ပဏီထောင်မယ်။ တည်ဆောက်ရေးကာလ လုပ်တော့မယ်ဆိုရင် သူဟာ စည်ပင်သာယာမှာ တည်ဆောက်မိန့်လျှောက်ရမယ်။ နောက်တစ်ခါမီးသတ်ကာကွယ်ရေးကိစ္စတွေလုပ်ရမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေ ဆောင်ရွက်ရမယ်။ အလုပ်သမားတွေ မှတ်ပုံတင်ဖို့လုပ်မယ်။ အခွန်နဲ့ပတ်သက်တဲ့ မှတ်ပုံသွားတင်မယ်။ ဒါတွေအားလုံးကို လွယ်လွယ်ကူကူ ဘယ်လိုအထောက်အထားနဲ့ လျှောက်ရမယ်။ ဘယ်နှရက်ကြာမယ်။ ဒီကိစ္စတွေ ဘယ်လောက်ငွေကုန်မယ်ဆိုတာကို One Stop Service နဲ့ ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်း (SOP) ကိုလည်း JICA ကဆွဲထားတာပါ။ အခုဆိုရင် ပြီးခဲ့တဲ့ရင်းနှီးမြှုပ်နှံမှု အစည်းအဝေးမှာ အတည်ပြုပြီးပြီ။ အဲဒီတော့ ပြောချင်တာကတော့ နံပါတ်တစ် မြန်ဆန်အောင် လုပ်နေတယ်။ လုပ်နေတဲ့ကိစ္စတွေ အားလုံးကိုလည်း ဟိုလူ့မေးမှ သိမယ်။ ဒီလူ့မေးမှ သိမယ်ဆိုတာမျိုး မဟုတ်ဘဲနဲ့ SOP ကို ရေးဆွဲထားပြီး အားလုံး အသိပေးဆောင်ရွက်နေတယ်ဆိုတဲ့အကြောင်း ပြောကြားလိုပါတယ်။ ***(ဆက်လက်ဖော်ပြပါမည်)***

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၂၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားနှင့် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၁/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁။ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်မော် ကျေးရွာရှိ မော်လုပ်ကွက်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နမ့်မော်ကျေးရွာရှိ ကျောက်မျက်လုပ်ကွက်များအတွင်း စောင့်ဆိုင်း စိစစ်နေစဉ် နံပါတ်မပါဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)အား မောင်းနှင်လာသူ မာယော် (၄၄)နှစ်၊ (ဘ)ဦးမာဂမ်၊ အမှတ်(၃) ရပ်ကွက်၊ စပေါ့ကျေးရွာနေသူအား ရပ်တန့်ရှာဖွေ စစ်ဆေးရာ ဘိန်းဖြူ 88/1 စာတမ်းပါစိတ်ကြွဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖားကန့်) မယ(ပ)၁၃၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂။ | ကချင်ပြည်နယ်၊ဖားကန့်မြို့နယ်၊ ဆယ်ဇင်း တစ်ဖက်ကမ်းရှိ ရွှေပြည်မြစ်ကျေးရွာနေ မောင်ပိန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၂-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ ဆယ်ဇင်းကျေးရွာ၊ ရပ်ကွက်(၅)၌ လျှို့ဝှက်စောင့်ဆိုင်းစိစစ်နေစဉ် မောင်ပိန်(ခ) မြင့်အောင် (၃၅)နှစ်၊ (ဘ) ဦးကျော်မြင့်အား ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆယ်ဇင်း) မယ(ပ)၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃။ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ်(၃)ခု၌ အမှု(၁၇)မှုတွင် တရားခံအမျိုးသား (၁၇)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၁၈)ဦးအား ဘိန်းဖြူ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၄-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄)အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ ဂျုံးဇယ်(ကျား) (၂၁)နှစ်၊ (ဘ) ဦးဟောင်းဂျုံးအား လွယ်အိတ်အတွင်းမှ ဘိန်းဖြူ၊ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၉၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄။ | ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ကျိတ္တန်းလမ်း၊ စလင်းဘုန်းကြီးကျောင်းအနီးမှ ကိုအောင်သန်းမှ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကျိတ္တန်းလမ်း၊ စလင်းကျောင်းတိုက်၊ ဘုန်းကြီးကျောင်းရှေ့ ဝေနေယျသုခ ရေချမ်းစင်အနောက်နေ အောင်သန်း (၅၅)နှစ်၊ (ဘ) ဦးမောင်ကြီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အောင်ကျော်ကျော်(၃၈)နှစ်၊ (ဘ)ဦးထိန်ဝင်းတို့အား နေအိမ်အတွင်းမှ ဘိန်းဖြူနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ကြည့်မြင်တိုင်) မယ(ပ) ၁၈/၂၀၁၈၊ မူး/စိတ် ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅။ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃၁၉)၊ ရပ်ကွက်(၁၉)၊ မေဒါဝီလမ်းနှင့် ဓညဝတီလမ်းထောင့် နေအိမ်မှ အခန်း(၆)နေ ကိုပုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၈-၂၀၁၈ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ မေဒါဝီလမ်းနှင့် ဓညဝတီလမ်းထောင့်၊ အမှတ်(၃၁၉)၊ အခန်း (၆)အား ဝင်ရောက်ရှာဖွေရာ ကိုပု(ခ) စိန်ကုလား (၅၂)နှစ်၊ (ဘ)ဦးထွန်းမြင့်အား ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်သာယာ) မယ(ပ)၅၁/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၂(ခ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ မျိုးမင်းထွန်း(ခ)ဖိုးထောင် (ဘ)ဦးစိုးညွန့်၊ ညောင်ပင်ကြီးစုရွာ၊ ဆေးရုံနှင့် မျက်နှာချင်းဆိုင် ထော်လာဂျီဝပ်ရှော့နေ သီဟဇော်တို့သည် မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းနှင့် ငွေစက္ကူအတုလုပ်ငန်းတို့ လုပ်ကိုင်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိ ဖိုးထောင်(ခ) မျိုးမင်းထွန်း (၃၃)နှစ်၊ (ဘ) ဦးစိုးညွန့်၏ ဆိုင်ကယ်ဝပ်ရှော့နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ အောင်နိုင်(ခ)အောင်နိုင်ဌေး(၃၉)နှစ်၊ (ဘ)ဦးသာဌေး၊ ဇော်ရဲအောင် (၂၄) နှစ် (ဘ) ဦးသန်းဦးတို့အား တွေ့ရှိရပြီး နေအိမ်အတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့် (၁)သောင်းကျပ်တန် ငွေစက္ကူအတု (၅၀)ရွက်တို့ကို ရှာဖွေတွေ့ရှိပြီး စစ်ဆေးရာ မူးယစ်ဆေးများမှာ ခင်ဦးမြို့နယ်၊ ညောင်ပင်ကြီးစုရွာနေ သီဟဇော်(၂၇)နှစ်၊ (ဘ)ဦးမြင့်ထံမှ ရရှိခဲ့ကြောင်း သိရှိရသဖြင့် သီဟဇော်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိခဲ့သော်လည်း ၎င်းတို့(၄)ဦးအား မမစ(ရေဦး)မယ(ပ)၅/၂၀၁၈၊ မယ(ပ)၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ငွေစက္ကူအတုများ လက်ဝယ်ထားရှိသူ ဖိုးထောင် (ခ) မျိုးမင်းထွန်းအား မစစ(ရေဦး) (ပ)၁၉၈/၂၀၁၈၊ ဇဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇။ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်အုပ်စု၊ ပန်းတောင်ကုမ္ပဏီ ရွှေလုပ်ကွက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ပန်းတောင်ကုမ္ပဏီ ရွှေလုပ်ကွက်အတွင်း စုံစမ်းစိစစ်စဉ် သတင်းအရ ပန်းတောင်ရွှေလုပ်ကွက် အပေါ်ဈေးတန်းရှိ ဒေါ်ညို(၄၈)နှစ်၊ (ဘ) ဦးလှရွှေ၏တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရခိုင်(ခ)မောင်မောင်(ခ)မောင်ဦးစံ (၃၇)နှစ်၊ (ဘ) ဦးစံရီအား တွေ့ရှိ၍ တဲအတွင်းမှ 88/1 စာတန်းပါစိတ်ကြွဆေးပြားများ ရှာဖွေတွေ့ရှိပြီး မူးယစ်ဆေးများမှာ ဝါးဖြူတောင် အောက်ရွာနေ မထွေးညိုထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ရမည်းသင်း) မယ (ပ) ၁၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁/၂၂(ခ) ဖြင့် လည်းကောင်း၊ ကွင်းဆက်အရ ၁၂-၈-၂၀၁၈ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ ဝါးဖြူတောင်အောက်ရွာနေ မထွေးညို(၃၅)နှစ်၊ (ဘ) ဦးညွန့်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရမည်းသင်း) မယ(ပ)၁၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈။ | မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ဝန်ဇင်းရပ်၊ နယ်မြေ(၄)၊ EPC ဝန်းအရှေ့နေ ဒေါ်ကြည်ဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၄)၊ EPC ဝန်းအရှေ့ဘက်နေ ဒေါ်ကြည်ဌေး (၅၇)နှစ်၊ (ဘ)ဦးညွန့်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၂) (မိတ္ထီလာ) မယ(ပ)၁၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၁၁) ခြေရင်းနေ ကိုဝင်းနိုင်သည် မူးယစ်ဆေးဝါးများကို ကိုယ်တိုင်သုံးစွဲပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၁၁)၊ ခြေရင်းခန်းနေ ဝင်းနိုင် (ခ)မင်းဝင်းနိုင် (၄၈)နှစ်၊ (ဘ) ဦးကျော်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်) မယ(ပ)၁၇/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀။ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်၊ မီးသတ်ရုံးအနီးနေ ကိုထွန်းဝင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၃-၈-၂၀၁၈ ရက်နေ့တွင် ရပ်စောက်မြို့ ဇော်ဂျီရပ်ကွက်ရှိ ထွန်းဝင်း (ခ) ကျော်လွင်ထူး (၃၇)နှစ်၊ (ဘ)ဦးကံထူး၏ နေအိမ်နှင့် ဆက်စပ်လျက်ရှိသော ပြောင်းခင်းဘေးရှိ တဲအတွင်းသို့ ၎င်းနှင့်အတူ ရှာဖွေရာ ခွန်ဇော် (၂၀)နှစ်၊ (ဘ)ဦးအောင်၊ ငှက်ပျောဂနိုင်ကျေးရွာ၊ ယောကို(ခ) ယောကိုကိုအောင် (၂၄)နှစ်၊ (ဘ)ဦးအောင်ဝင်း၊ မြို့ဦး ရပ်ကွက်၊ လင်းလင်း (ခ)လေင်း (၃၁)နှစ်၊ (ဘ) ဦးသန်းထူး၊ ငှက်ပျောဂနိုင်ကျေးရွာနှင့် မအေးချို (၁၉)နှစ်၊ (ဘ) ဦးအောင်၊ ဟွေ့ကျေးရွာတို့အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၅)ဦးအား မမစ(ရပ်စောက်) မယ(ပ) ၃၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁။ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့ ရေလယ်ကျွန်းရပ်ကွက်၊ ဦးအေးကို(ကွယ်လွန်) နှင့် ဇနီး ဒေါ်တင်ကြီး(ကွယ်လွန်)တို့၏ အိမ်ဝင်းတွင် နေထိုင်သော မအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့ ရေလယ်ကျွန်းရပ်ကွက်၊ အိမ်အမှတ် (၅၉/ခ) ဦးအေးကို(ကွယ်လွန်)နှင့် ဇနီး ဒေါ်တင်ကြီး(ကွယ်လွန်)တို့၏ အိမ်ဝင်းတွင် နေထိုင်သော မအေး(ခ) မအေးအေးမြင့် (၄၅)နှစ်၊ (ဘ) ဦးမျိုးမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သားဖြစ်သူ သီဟနိုင်(ခ) လီဖျင်း (၂၅)နှစ်၊ (ဘ)ဦးဇော်လေးတို့(၂)ဦးအား တွေ့ရှိရပြီး နေအိမ်အတွင်းမှ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၂)ဦးအား မမစ(မိုးညှင်း)မယ(ပ)၁၃၂/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂။ | ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအုပ်စု၊ နန့်ပုတ်ကျေးရွာ၊ ပြည်ထောင်စု ကားလမ်းဘေးနေ "အောင်ကမ္ဘာ"ကွမ်းယာဆိုင်မှ မသူဇာသည် ညဘက်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၁၈ ရက်နေ့တွင် မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာ၊ ပြည်ထောင်စု ကားလမ်းဘေးရှိ အောင်ကမ္ဘာနေအိမ်ကွမ်းယာဆိုင်အား ဝင်ရောက်ရှာဖွေရာ မသူဇာ (၄၀)နှစ်၊ (ဘ) ဦးစံထွေးအား နေအိမ်ဆိုင်အတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးညှင်း) မယ(ပ) ၁၃၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃။ | နေပြည်တော် ကောင်စီနယ်မြေ၊ လယ်ဝေးမြို့၊ "အောင်သပြေ" လက်ဖက်ရည်ဆိုင် နောက်ကျောလမ်း၊ ဒုတိယအိမ်ဝိုင်းတွင် နေထိုင်သော ကိုတာတီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၁၈ ရက်နေ့တွင် လယ်ဝေးမြို့ အမှတ်(၆)ရပ်ကွက်၊ အောင်သပြေ လ္ဘက်ရည်ဆိုင် နောက်ကျောလမ်း၊ ဒုတိယအိမ်ဝိုင်းတွင် နေထိုင်သော ကိုတာတီး (ခ)နိုင်ဝင်းသူ (၃၂)နှစ်၊ (ဘ) ဦးမောင်မောင်ဝင်း၏ နေအိမ်ခြံဝန်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းခြံဝန်းအတွင်းရှိ လျှပ်စစ်လုပ်ငန်းလုပ်သည့် နေရာကုတင်ပေါ်မှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့် ဂတ်(စ်) သေနတ် (၁) လက်အား ဖမ်းဆီးရမိသဖြင့် စစ်ဆေးရာ ဆေးပြားများမှာ စိုးငယ် (၃၃)နှစ်၊ (ဘ) ဦးစိုးမြင့်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နှင့် အောင်စိုး (၃၇)နှစ်၊ (ဘ)ဦးစိန်မောင်၊ ဘိုကုန်းရွာ၊ ရမည်းသင်းမြို့နယ်နေသူတို့ထံမှ ဝယ်ယူရရှိခြင်းဖြစ်ကြောင်း သိရပြီး စိုးငယ်နှင့် အောင်စိုးတို့(၂)ဦးအား ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့(၃)ဦးအား မမစ(လယ်ဝေး) မယ(ပ) ၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/ ၂၁/၂၂(ခ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၈ ရက်နေ့အထိ အမှုပေါင်း (၁၅၃)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၁၉၅)ဦး၊ မ (၄၁)ဦး၊ ပေါင်း(၂၃၆)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ (၁၀၄၆.၄၄)ဂရမ်၊ ICE (၀.၅၅)ဂရမ်၊ ဘိန်းမဲ(၂၃၀)ဂရမ်၊ ဘိန်းစိမ်း(၃၁၃၈၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၇.၅၀)ဂရမ်၊ ဘိန်းချေးခဲ (၂၇.၅၀)ဂရမ်၊ ဘိန်းစာမှုန့် (၁၅၀၂)ဂရမ်၊ ဘိန်းစာရွက်(၃၂၆၆)ဂရမ်၊ စိတ်ကြွဆေးပြား (၈၃၂၉၆)ပြား၊ ဆေးခြောက်(၁၇၆၆.၀၈)ဂရမ်၊ ဘိန်းရည်(၀.၁၀) လီတာ၊ ဘိန်းဆီခဲ (၂၁၃.၄၀)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ ဂတ်(စ်)သေနတ်(၁)လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်၊ မဘိမ်းမြို့နယ်အတွင်း လဝါကျေးရွာတွင် တရားခံအမျိုးသား(၁)ဦးအား ဘိန်းဖြူ(၃၅၆၁)ဂရမ်၊ စိတ်ကြွဆေးပြား(၅၀၄၉၇၄)ပြား၊ ကျောက်လုံးကြီး ကျေးရွာအနီးတွင် ဘိန်းဖြူ (၂၂၀၀)ဂရမ်၊ စိတ်ကြွဆေးပြား (၈၂၄၀၀၀)ပြား၊ စီပိန်းကျေးရွာအုပ်စု၊ ဒေသအခေါ် လေယာဉ်ကွင်းတောလမ်းဘေးတွင် ဘိန်းဖြူ (၁၂၁၀)ဂရမ်၊ စိတ်ကြွဆေးပြား(၃၁၈၀၀၀)ပြား၊ ရေစိုပျက်စီးနေသည့် စိတ်ကြွဆေးပြား(၁၆၀၀၀)ပြားတို့ဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်အတွင်းဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခု၌ တရားခံအမျိုးသား (၁)ဦးနှင့် အမျိုးသမီး (၃) ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၇၆၆၄၁၂)ပြား၊ ဆေးခြောက်(၁၆၀)ဂရမ်ဖြင့် လည်းကောင်း၊ လက်နက်နှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၈)ခု ရှိခဲ့ပြီး တရားခံအမျိုးသား(၁၅)ဦးနှင့် အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၆၂၂)ပြား၊ လက်နက်မျိုးစုံ(၁၀)လက်၊ ကျည်မျိုးစုံ(၁၇၁)တောင့်၊ လက်ပစ်ဗုံး(၃)လုံး၊ ခဲသီး (၈၀)လုံး၊ ယမ်းမှုန့်(၅၅၀)ဂရမ်၊ ယမ်းကြိုး(၁)ချောင်း၊ ဒစ်တိုနီတာ(၁)ခုတို့ဖြင့် လည်းကောင်း၊ ပြည်ပသို့ ပို့ဆောင်ရန်ရည်ရွယ်ချက်ဖြင့် သယ်ဆောင်လာသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှုဖြစ်စဉ် (၂)ခုတွင် တရားခံ အမျိုးသား(၂)ဦးနှင့် အမျိုးသမီး(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၈၇၈၄)ပြားတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၂-၈-၂၀၁၈ ရက်နေ့မှ ၁၈-၈-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၃၅၇)မှုတွင် တရားခံကျား(၄၂၈)ဦး၊ မ(၈၁)ဦး၊ ပေါင်း(၅၀၉)ဦးကို ဘိန်းဖြူ(၁၂၈၂၉.၇၂) ဂရမ်၊ ICE(၃၂၂.၀၅)ဂရမ်၊ ဘိန်းစိမ်း(၆၉၇၂.၅၉)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၂)ဂရမ်၊ ဘိန်းစာမှုန့်(၂၇၆၃၅.၀၅)ဂရမ်၊ ဘိန်းစာရွက် (၁၄၀၈၀.၅၀)ဂရမ်၊ စိတ်ကြွဆေးပြား (၅၃၈၉၂၄၂)ပြား၊ ဆေးခြောက်(၈၃၂၄.၁၈)ဂရမ်၊ စိတ်ကြွဆေးပြားအမှုန့်(၁)ဂရမ်၊ ဘိန်းဆီခဲ (၀.၉)ဂရမ်၊ ဘိန်းရည်(၀.၀၅)လီတာ၊ ဗျူပရီနော်ဖင်းဆေးပြား(၃)ပြား၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (၉၆၀၀)လီတာ၊ ဒိုင်ယာဇီပင်ဆေးရည်(၀.၀၀၆)လီတာ၊ ကတ်တမင်း(၁)ဂရမ်၊ ဆိုဒီယမ်ဆာယာနိုက်(၃၀၅၀)ကီလို၊ လက်နက်မျိုးစုံ(၁၀)လက်၊ ကျည်မျိုးစုံ (၁၇၁)တောင့်၊ လက်ပစ်ဗုံး(၃)လုံး၊ ဒစ်တိုနီတာ(၁)ခု၊ ယမ်းကြိုး(၁)ချောင်း၊ ခဲသီး(၈၀)လုံး၊ ယမ်းမှုန့်(၅၅၀)ဂရမ်တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် နိဒင် IDP စခန်းအား အပြီးသတ်ပိတ်သိမ်း

**စစ်တွေ ဩဂုတ် ၂၀**

ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောက်တော်မြို့နယ် နိဒင် IDP စခန်း ပိတ်သိမ်းနိုင်ရေးအတွက် နိဒင်ကျေးရွာအနီးတွင် နေအိမ်သစ် ၈၅ လုံး ဆောက်လုပ်ပြီးဖြစ်၍ အဆိုပါ နိဒင် IDP စခန်းမှ အိမ်ထောင်စု ၈၅ စု လူဦးရေ ၅၀၀ ကျော်အား ရခိုင်ပြည်နယ်အစိုးရက စနစ်တကျ ပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ယခုအခါ အိမ်ထောင်စုအားလုံး ပြောင်းရွှေ့ပြီးဖြစ်သည်။



ယခင်က ရခိုင်ပြည်နယ်တွင် IDP စခန်း ၂၁ ခု ကျန်ရှိနေပြီး ၂၀၁၇ ခုနှစ်အတွင်း ကျောက်ဖြူမြို့နယ်ရှိ ကညင်တော IDP စခန်း၊ ရမ်းဗြဲမြို့နယ်ရှိ တန်းရွာ IDP စခန်းများ အပြီးပိတ်သိမ်းနိုင်ခဲ့ပြီး ပေါက်တောမြို့နယ်ရှိ ကြိမ်နီပြင် IDP စခန်းအား တစ်စိတ်တစ်ပိုင်း ပိတ်သိမ်းနိုင်ခဲ့ကာ ကျေးရွာများတွင် ပြန်လည်နေရာချထားပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် IDP စခန်း ၁၈ ခုသာ ကျန်ရှိပြီး ၎င်းတို့အထဲမှ မြေပုံမြို့နယ်ရှိ တောင်ပေါ် IDP စခန်းအား ပိတ်သိမ်းလျက်ရှိပြီး စစ်တွေမြို့နယ်ရှိ သက်ကြေပြင် IDP စခန်း၊ ခေါင်းဒုက္ကာ(၁)နှင့် (၂) IDP စခန်း၊ ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး IDP စခန်းများ ပိတ်သိမ်းနိုင်ရန်အတွက်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တတိယအကြိမ် တနင်္သာရီမြစ်ရေကြီးသဖြင့် ကျောင်း ၄၀ ယာယီပိတ်

**တနင်္သာရီ ဩဂုတ် ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် တနင်္သာရီမြစ်ရေသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းမှစ၍ မိုးများအဆက်မပြတ် ရွာသွန်းနေမှုကြောင့် ဩဂုတ် ၂၀ ရက် မွန်းတည့်၁၂ နာရီ တနင်္သာရီမြို့၏ ရေအမှတ်မှာ ၂၆ ပေ ၆ လက်မအထိ အန္တရာယ်ရေအမှတ် ၂၄ ပေကို များစွာကျော်လွန်၍ မြစ်ရေကြီးပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသောကြောင့် ယနေ့ ညနေ ၄ နာရီမှစ၍ အခြေခံပညာကျောင်း ၄၀ အား ယာယီပိတ်ထားလိုက်ရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ အဆိုပါ ယာယီပိတ်လိုက်ရသော ကျောင်းများမှာ အထက်တန်းကျောင်း ငါးကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ အလယ်တန်းကျောင်းခွဲ သုံးကျောင်း၊ မူလတန်းလွန်ကျောင်း ခြောက်ကျောင်းနှင့် မူလတန်းကျောင်း ၁၉ ကျောင်း စုစုပေါင်း ကျောင်း ၄၀ ဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## တွံတေးတူးမြောင်း ထူးကဲဒီရေလျော့ကျ၍ ကျောင်းများပြန်ဖွင့်

**တွံတေး ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ဩဂုတ် ၁၂ ရက်တွင် တိုးမြစ်နှင့် ရန်ကုန်မြစ်တို့၏ ထူးကဲဒီရေတက်လာမှုကြောင့် ဩဂုတ် ၁၃ ရက်မှစ၍ ကျောင်းအတွင်း၊ အပြင်နှင့် ကျောင်းတက်ရာ လမ်းကြောင်းများ ရေကြီး၊ ရေမြုပ်ခြင်း၊ ကျောင်းဝင်းများတွင် ရေဝင်ခြင်းတို့ကြောင့် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၊ ဆရာဆရာမများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကျောင်းများကို စတင်ပိတ်ခဲ့ပြီး ယခုအခါ တွံတေးတူးမြောင်း ထူးကဲဒီရေလျော့ကျသွားသည့်အတွက် ယာယီပိတ်ထားသောကျောင်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

**မျိုးလှိုင် (တွံတေး)**

*❁ ကျောဖုံးမှ*

လေးပေ ငါးလက်မခန့်၊ အင်ကုန်းလမ်း အနိမ့်ဆုံးပိုင်း၌ သုံးပေခန့် ရေကျော်လျက်ရှိကြောင်း၊ ထော့မဲပါ ရပ်ကွက်ရှိလမ်းများအပါအဝင် သုခနေလမ်း၊ သုခလမ်း၊ သုခမိန်လမ်း၊ သုဘောဂလမ်းတို့တွင် ရေကျော်ခြင်းများရှိသော်လည်း သွားလာ၍ ရရှိသေးကြောင်း၊ အမှတ်(၈)ရပ်ကွက်ရှိ ဘားအံ-ထုံးအိုင်လမ်းမပေါ်ရှိ ဥယျာဉ်လမ်းထိပ်တွင် တစ်ပေ ငါးလက်မခန့်၊ ကူးဆိပ်လမ်းဆုံတွင် တစ်ပေ နှစ်လက်မခန့်၊ ရွှေကင်း(၂/၃) လမ်းတွင် သုံးလက်မခန့်၊ မိုးကယ်ကျောင်းရှေ့လမ်းတွင် လေးလက်မခန့်၊ တိုင်းရင်းဆေးရုံရှေ့တွင် တစ်ပေ ရှစ်လက်မခန့်တို့ ရေကျော်လျက်ရှိကြောင်း၊ အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကမ်းနားလမ်းတွင် ရေအနက် တစ်ပေခန့်၊ ကျောက်တိုင်လမ်းတွင် ရေအနက် ၁ ဒသမ ၅ ပေခန့်၊ ကူးဆိပ်လမ်းနှင့် ကမ်းနားလမ်းဆုံတွင် ရေအနက် တစ်ပေခန့်၊ ဓမ္မပီယလမ်း ရေအနက် ရှစ်လက်မခန့်၊ ဒေါနလမ်းနှင့် စွယ်တော်လမ်းဆုံ ရေအနက်တစ်ပေခန့်၊ ဒေါနလမ်းတော်ဝင်ရတနာဟိုတယ်ရှေ့ရေအနက် ရှစ်လက်မခန့်၊ ဥယျာဉ်(၂)လမ်းနှင့် ဥယျာဉ်(၃) လမ်းပေါ်တို့တွင် ရေအနက် သုံးပေခန့် ရေကျော်လျက်ရှိကြောင်း၊ အမှတ်( ၇ )ရပ်ကွက်အတွင်း၌ မန်းဝင်းမောင်လမ်း သုံးပေခန့်၊ မန်းဘခိုင်လမ်းတွင် သုံးပေခန့်၊ ဒေါက်တာစောလှထွန်းလမ်းတွင် သုံးပေခန့်၊ နဝဒေးလမ်းတွင် သုံးပေ ငါးလက်မခန့်၊ ရာဇဓိရာဇ်လမ်းတွင် တစ်ပေခန့်၊ ဦးအောင်မြတ်လမ်းတွင် သုံးပေခန့်၊ စောစံဖိုးသင်လမ်းတွင် နှစ်ပေခန့်၊ စောစံဖိုးစီလမ်းတွင် နှစ်ပေခန့်တို့ ရေကျော်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ဘားအံမြို့နယ်အတွင်း၌ ဘားအံ-သထုံကားလမ်း မြိုင်ကလေးလမ်းဆုံနှင့် မြိုင်ကလေးရွာကြီးအကြား မိုင်တိုင်အမှတ် ၁/၀ နှင့် ၁/၂ အကြား ကားလမ်းမပေါ်တွင် ပေ ၁၀၀ ခန့်မှာ ရေတစ်ပေခန့် ကျော်တက်လျက်ရှိကြောင်း၊ ဝါးဘိုးတော-ကမမောင်း-ဖာပွန်လမ်းပိုင်း မိုင်တိုင်အမှတ် ၂၃ နှင့်၂၄ အကြား အရှည် ပေ ၆၀ ခန့်တွင် ရေနှစ်ပေခွဲခန့်နှင့် မိုင်တိုင်အမှတ် ၄၈ နှင့် ၄၉ အကြား အရှည် ပေ ၂၂၀ ခန့်တွင် ရေ သုံးပေခွဲခန့်၊ ဘားအံ-ဝင်းကျန်လမ်းတွင် ရေနှစ်ပေခန့်နှင့် ဘားအံ-ဇာသပြင် အဖြောင့်လမ်း ကော့ဒိုက်ပြင်ကျေးရွာအနီးလမ်းအရှည် ပေ ၂၀၀ ကျော်တွင် ရေငါးလက်မကျော်ခန့်၊ ရွှေတောကျေးရွာမုခ်ဦးအနီး လမ်းအရှည် တစ်ဖာလုံကျော်တွင် ရေအနက် ကိုးလက်မကျော်၊ ကော့ပရံကျေးရွာအနီး မိုင်တိုင်အမှတ် ၈/၂လမ်းအရှည် တစ်ဖာလုံကျော်ခန့်တွင် ရေအနက် ၁၀ လက်မခန့် ရေကျော်လျက်ရှိကြောင်း၊ လှာကာ-ဖားပု-ကျုံပိုက်-မုက္ကဒိ ကားလမ်းမပေါ်တွင် ကျုံပိုက်ကျေးရွာအနီး လမ်းအရှည် ပေ ၆၅၀ ခန့်တွင် ရေအနက် သုံးပေခန့်၊ ဖားပုကျေးရွာအနီး လမ်းအရှည်ပေ ၈၀၀ ခန့်တွင် သုံးပေခန့်၊ လှာကာအုပ်ချုပ်ရေးမှူးရုံးရှေ့ လမ်းအရှည်ပေ ၆၀၀ ခန့်တွင် ရေနှစ်ပေခွဲခန့်တို့ အသီးသီးရေကျော်လျက်ရှိကြောင်းသိရပြီး ဘားအံမြို့နယ်အတွင်း အချို့ကျေးရွာများတွင်လည်း မြစ်ရေများ ဝင်လျက်ရှိကြောင်း သိရသည်။

ထိုသို့ သံလွင်မြစ်ရေ တိုးလာခြင်းကြောင့် ဘားအံမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင် ရေဘေးရှောင်စခန်း ၁၁ ခု ဖွင့်လှစ်ထားပြီး ရေဘေးရှောင် အိမ်ထောင်စု ၁၅၀၀ ကျော်မှ ရေဘေးရှောင်ပြည်သူ အမျိုးသား ၊ အမျိုးသမီး ရှစ်ထောင်ကျော် ခိုလှုံနေရကြောင်းသိရပြီး လမ်းများရေကျော်နေသည့်အတွက် အချို့နေရာများတွင် ယာဉ်ငယ်များနှင့် ဆိုင်ကယ်များ သွားလာရန်ခက်ခဲလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

# မော်တင်စွန်းကမ်းခြေတွင် ဝေလငါးကြီးတစ်ကောင် သေဆုံးပုပ်ပွလျက် တွေ့ရှိ

**ဟိုင်းကြီးကျွန်း ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မော်တင်စွန်းအနီး မေခလာတည်းခိုဆောင်ရှေ့ပင်လယ်ကမ်းစပ်တွင် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပင်လယ်ရေနှင့် မျောပါလာပြီး ပုပ်ပွသေဆုံးလျက်ရှိသော ဝေလငါးတစ်ကောင် ကမ်းခြေသဲသောင်ပြင်ပေါ်၌ တင်နေကြောင်း သိရသည်။

အဆိုပါဝေလငါးကြီးမှာ အလျား ပေ ၃၀ ၊ လုံးပတ် ပေ ၂၀ ခန့်ရှိပြီး ပုပ်ပွနေခြင်းဖြစ်သည့်အတွက် အရောင်အဆင်းမှာ အဖြူရောင်အဖြစ်သာ တွေ့ရှိရသည်။ နံနက် ၁ နာရီခန့်က မေခလာတည်းခိုဆောင်၏ အစောင့်ဖြစ်သူ ဦးမောင်မောင်ထွန်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနက မော်တင်စွန်းကမ်းခြေရှိ ဝေလငါးအသေရှိရာနေရာသို့ သွားရောက်ကြည့်ရှု စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

စစ်ဆေးတွေ့ရှိချက်များအရ ယခုဝေလငါးမှာ ဤဒေသတွင် ပထမဆုံးတွေ့ရှိရသည့် မျိုးစိတ်တစ်ခုဖြစ်ကြောင်း၊ ပီစီတာကာတိုဒွန် (Physeter Catodol) ဝေလငါးမျိုးစိတ်ဖြစ်ကြောင်း၊ ငါး၏အရိုးများကို ထုတ်ယူကာ ယာယီမြေမြုပ်ထားရှိမည်ဖြစ်ပြီး ပုပ်ပွနေသော အသားများကို မီးရှို့ဖျက်ဆီးသွားမည်ဖြစ်ကြောင်း မြို့ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# (၁၈) ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်









နေပြည်တော် ဩဂုတ် ၂၀

**အင်ဒိုနီးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဂျကာတာမြို့နှင့် ပလန်ဘန်းမြို့တို့ရှိ အားကစားရုံ အားကစားကွင်းများ၌ ယနေ့ဆက်လက်ကျင်းပရာ မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင် လျက်ရှိပြီး အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသားဘောလုံး ပြိုင်ပွဲနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲများတွင် မြန်မာအသင်းများ အနိုင်ရရှိခဲ့သည်။**

အဆိုပါ အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်တို့ လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဂျကာတာမြို့ရှိ Indoor Stadium အားကစားရုံ၌ ကျင်းပသော တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီး ၅၃ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဒေစီဦးဂျူးလိယက်နှင့် ထိုင်းနိုင်ငံမှ အားကစားသမားတို့ ယှဉ်ပြိုင်ကစားရာ မြန်မာမှ ဒေစီဦးဂျူးလိယက်ရှုံးနိမ့်၍ အမျိုးသား ၅၇ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဇော်လင်းထက်နှင့် အာဖဂန်နစ္စတန်မှ အားကစားသမားတို့ ယှဉ်ပြိုင်ကြရာ မြန်မာမှ ဇော်လင်းထက် ရှုံးနိမ့်ခဲ့သည်။

ဆက်လက်၍ ဂျကာတာ ဝူရှူး အားကစားရုံ၌ ကျင်းပပြုလုပ်သော ဝူရှူးပြိုင်ပွဲ ထောက်လုအားကစားနည်းတွင် ထိုက်ချီချွမ်၊ ထိုက်ကျိကျန်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မြတ်နိုးအိမ် ဝင်ရောက်ယှဉ်ပြိုင်ရာ နှစ်ရက်ပေါင်းရမှတ် ၁၉.၀၄ မှတ်ဖြင့် အဆင့်(၁၀) ရရှိခဲ့ပြီး ထောက်လု အမျိုးသမီးနန်းသောင်း၊ နန်းချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးသစ္စာမြင့် ဝင်ရောက်ယှဉ်ပြိုင်ရာ ယနေ့ရမှတ် ၉.၆၇ မှတ် နှစ်ရက်ပေါင်း ရမှတ် ၁၉.၀၁ မှတ်ဖြင့် အဆင့်(၇) ရရှိပြီး ထောက်လုအမျိုးသား နန်းသောင်း၊ နန်းချွမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သိန်းသန်းဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ယနေ့ပွဲစဉ်တွင် ၉. ၆၈ ရမှတ်ဖြင့် အဆင့်(၆)ရရှိပြီး မနက်ဖြန်ပွဲစဉ်တွင် ဆက်လက်ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ဆက်လက်၍ ပလန်ဘန်းမြို့၌ ယှဉ်ပြိုင်လျက်ရှိသော ပိုက်ကျော်ခြင်း အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ပလန်ဘန်းမြို့၌ ယှဉ်ပြိုင်လျက်ရှိသော ၁၀ မီတာလေရိုင်ဖယ် (အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အေးမြတ်ရတနာဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၆၀၄.၆ မှတ်ဖြင့် အဆင့်(၃၉) ရရှိခဲ့သည်။

ဆက်လက်၍ ပလန်ဘန်းမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် အမျိုးသား ရှစ်ယောက်တွဲနှင့် လေးယောက်တွဲ အမျိုးသမီး လက်ရည်စစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မနက်ဖြန်တွင်လည်း လက်ရည်စစ်ပွဲထပ်မံယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဆက်လက်၍ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကာဇက်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းမှ ကာဇက်စတန် အသင်းကို ရမှတ်(၁၇-၂၅) (၂၅-၂၂) (၂၅-၁၉) (၂၅-၁၈) သုံးပွဲ - တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါအစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများ ပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၂၈(က) အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အစားအသောက်အမျိုးအစား | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | အချိုချောင်း | World War Craft | Rhodamine B |
| ၂။ | လက်ဖက် | ပအိုဝ့်မယ် | Auramine O |
| ၃။ | လက်ဖက်ချဉ်စပ် | ပလောင်ကြည် | Auramine O |
| ၄။ | လက်ဖက် (ရိုးရိုးချဉ်စပ်) | ဦးရှမ်းကြီး | Auramine O |
| ၅။ | လက်ဖက် (ရိုးရိုးချဉ်စပ်) | ရွှေနန်းတော် | Auramine O |
| ၆။ | လက်ဖက် (အညွန့်) | ရွှေနန်းတော် | Auramine O |
| ၇။ | လိမ္မော်ဖျော်ရည် | မြသရဖူ | Orange II |





စားသုံးရန်မသင့်သော လက်ဖက်နှင့် လိမ္မော်ဖျော်ရည်

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံးပြိုင်ပွဲ တက္ကသိုလ်များဘောလုံးကွင်း၌ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အဆင့်မြင့်ပညာဦးစီးဌာနအဆင့်ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သထုံလမ်းရှိ တက္ကသိုလ်များ ဘောလုံးကွင်း၌ ကျင်းပသည်။

MPT University Football Tournament 2018 ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ရန်ကုန်အဝေးသင်ပါမောက္ခချုပ် ဒေါက်တာတင်မောင်လှက အမှာစကားပြောကြားပြီး MPT မှ Joint Operation အော်ပရေတာ ဦးခင်မောင်မြင့်က ပြိုင်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားများပြောကြားကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြိုင်ပွဲဝင်အသင်းများကို လိုက်လံအားပေးနှုတ်ဆက်သည်။

ယင်းနောက်ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီးတစ်သင်းစီအား မြန်မာနေရှင်နယ်လိဂ်မှ ထောက်ပံ့ငွေကျပ်သိန်း ၂၀ စီ ပေးအပ်သည်။

နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံမှအသင်းပေါင်း ၁၆၀ ကျော်ကို ကျောင်းအလိုက် ယှဉ်ပြိုင်မှုဖြင့် မတ်လဆန်းပိုင်းက စတင်ခဲ့ပြီး ယင်းတို့မှ ပေါ်ထွက်လာသော ဇုန်အလိုက်အသင်းတို့ကို ရွေးချယ်ပြီး ယှဉ်ပြိုင်ခြင်းဖြစ်ကာ အောက်မြန်မာပြည် အမျိုးသားအသင်းတွင် ဇုန်ရှစ်ဇုန်၊ အမျိုးသမီးအသင်းတွင် ဇုန်ခြောက်ဇုန်ပါဝင်ကာ အမျိုးသားပွဲစဉ်များတွင် ရန်ကုန်ဇုန်၊ ရန်ကုန်အနောက်ပိုင်းဇုန်၊ ရန်ကုန်အရှေ့ပိုင်း ဇုန်၊ ဒဂုံဇုန်၊ မော်လမြိုင်ဇုန်၊ စစ်တွေဇုန်၊ ပုသိမ်ဇုန်နှင့် ပြည်ဇုန်တို့ဖြစ်ကြောင်း သိရသည်။

MPT မှပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး လူငယ်ဘောလုံးသမားများ တိုးတက်ထွန်းကားလာစေရန်နှင့် အနာဂတ်မျိုးဆက်သစ်ဘောလုံးသမားကောင်းများ ထွန်းကားလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပထမဆုံးပွဲစဉ်အဖြစ် အထက် မြန်မာပြည်တက္ကသိုလ်များ အမျိုးသား (A) အသင်းနှင့် အောက်မြန်မာပြည် တက္ကသိုလ်များအမျိုးသား (B)အသင်းတို့ ယှဉ်ပြိုင်ကစားရာ အောက်မြန်မာပြည် တက္ကသိုလ်များ အမျိုးသား(B)အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဩဂုတ် ၂၇ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

❍ *ကျောဖုံးမှ*

မြန်မာ ယူ-၂၃ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး အသင်းခေါင်းဆောင် ဇော်မင်းထွန်းဒဏ်ရာရနေ၍ စိုးမိုးကျော်ကို ပြောင်းလဲအသုံးပြုခဲ့ပြီး စည်သူအောင်ကို ပွဲထွက်လူစာရင်းတွင်အသုံးပြုကာ အကောင်းဆုံးလူစာရင်းဖြင့် ရင်ဆိုင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အီရန်အသင်း၏ ခံစစ်အသားပေးကစားသည့်ပုံစံကြောင့်လည်း အခွင့်အရေးများရခဲ့သည်။ မြန်မာအသင်းသည် အောင်သူ၊ စည်သူအောင်၊ မောင်မောင်လွင်တို့၏ တိုက်စစ်တိုးအား၊ ကွင်းလယ်ကစားသမားများ၏ ပံ့ပိုးမှုများဖြင့် အီရန်ခံစစ်ကို ထိုးဖောက်ခဲ့ပြီး ပထမပိုင်းမှာ ပင်ဂိုးရနိုင်သည့်အခွင့်အရေးများရခဲ့သည်။ စည်သူအောင်၏ကန်ချက်တိုင်ထိထွက်ခဲ့သလို အောင်သူနှင့် လွင်မိုးအောင်တို့၏ ကန်သွင်းမှုများကိုလည်း အီရန်ဂိုးသမားကာကွယ်နိုင်ခဲ့သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရသောကြောင့် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာပြီး မောင်မောင်စိုးအစား မြတ်ကောင်းခန့်ကို ထည့်ကာ အပြောင်းအလဲလုပ်ခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေး၏ နည်းဗျူဟာမှန်ကန်ခဲ့ပြီး ၅၅ မိနစ်တွင် ဂိုးစရခဲ့သည်။ ယင်းဂိုးကို ကွင်းလယ်ကစားသမား လွင်မိုးအောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရသွား၍ မြန်မာအသင်း ပို၍စိတ်ဓာတ်တက်လာပြီး အီရန်အသင်းဘက်သို့ ဆက်တိုက်ဖိအားပေးနိုင်ခဲ့သည်။ အီရန်အသင်းသည် မြန်မာအသင်းခံစစ်ကိုသာ ကာကွယ်ဖျက်ထုတ်နေရပြီး ၆၈ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို လူငယ်ကစားသမား ထက်ဖြိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နောက်တစ်ဆင့်တက်နိုင်ရန် သုံးဂိုးပြတ် အနိုင်ရရန် လိုအပ်နေသောကြောင့် အားကုန်ထုတ်ကစားခဲ့ပြီး ဒွေးကိုကိုချစ်ကိုထည့်ကာ တိုက်စစ်အားထပ်မြှင့်ခဲ့သည်။ တိုက်စစ်မှူး အောင်သူ၏ အနီးကပ်ကန်ချက်ကို အီရန်ဂိုးသမား ကာကွယ်နိုင်ခဲ့သလို ဒွေးကိုကိုချစ်က ဂိုးသမားကိုကျော်ပြီး ကန်သွင်းမှုမှာလည်း ဘားထိထွက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

တစ်ချိန်တည်းယှဉ်ပြိုင်သည့်ပွဲတွင် မြောက်ကိုရီးယားအသင်းက ဆော်ဒီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ ထို့ကြောင့် ယင်းအုပ်စုတွင် လေးသင်းစလုံး လေးမှတ်စီတူညီခဲ့ပြီး ဂိုးကွာခြားချက်ဖြင့်အီရန်အသင်းက အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက အုပ်စုဒုတိယရပြီး ဆော်ဒီအသင်းမှာလည်း အကောင်းဆုံးအုပ်စု တတိယစာရင်းဝင်ခဲ့သည်။ မြန်မာအသင်းမှာမူ လေးမှတ်ရသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

❍ မန်စီးတီးအသင်းသည် အင်္ဂလန်နောက်ခံကစားသမားဂျွန်စတုန်းအား တစ်ပတ်ပေါင်တစ်သိန်းနှစ်သောင်းဖြင့် သက်တမ်းတိုးစာချုပ်ရန် ဆန္ဒရှိနေကြောင်း သည်ဆန်း၏ ဖော်ပြချက်အရ သိရသည်။ အသက် ၂၄ နှစ် အရွယ်အဆိုပါ နောက်ခံကစားသမား၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၂ ခုနှစ်အထိ ကျန်ရှိနေသေးကြောင်းလည်း သိရသည်။

❍ မန်ယူအသင်းမှ စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာ ၂၇ နှစ်သည် အိုးထရက်ဖို့ဒ်၌ တစ်ပတ်ပေါင်နှစ်သိန်းဖြင့် စာချုပ်သစ်ချုပ်ဆိုရန် နီးစပ်လာပြီ ဖြစ်ကြောင်း မေရာ၏ဖော်ပြချက်အရ သိရသည်။

❍ လီဗာပူးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား အိုရီဂီ (၂၃ နှစ်) သည် ဒေါ့မွန်အသင်း၏ ပစ်မှတ်ဖြစ်သော်လည်း ဘွန်ဒက်စ်လီဂါကလပ်မှ အဆိုပါ ကစားသမားအား ကမ်းလှမ်းပြုလုပ်ခြင်းမရှိသေးကြောင်းလည်း သိရသည်။

❍ မန်ယူ၊ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့၏ ပစ်မှတ်ဖြစ်သော အသက် ၂၁ နှစ်အရွယ် လီယွန် ဘိုင်လေသည် လေဗာကူဆင်အသင်းနှင့် သက်တမ်းတိုးစာချုပ် တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဂိုးဒေါ့ကွန်း၏ ဖော်ပြချက်အရ သိရသည်။

❍ ချယ်လ်ဆီးအသင်းမှ စပိန်တိုက်စစ်ကစားသမား မိုရာတာ ၂၅ နှစ် သည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေးပြောဆိုနေမှုများရှိနေ သော်လည်း အသင်းမှထွက်ခွာမည်ဟု မည်သည့်အခါမျှ မတွေးခဲ့ဘူးဟု ဒေးလီးမေးသတင်း တစ်ရပ်တွင် ဖော်ပြထားသည်။

❍ လီဗာပူးဂိုးသမား ကားရီးယပ်စ်သည် တူရကီကလပ် ဘက်ရှီးတပ်စ်အသင်းနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း မေရာ၏ဖော်ပြချက်အရ သိရသည်။

❍ အက်စ်တွန်ဗီလာအသင်းသည် အသက် ၂၁ နှစ်အရွယ် လီဗာပူးတောင်ပံကစားသမား အိုဂျီအားခေါ်ယူရန် စဉ်းစားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လီဗာပူးအသင်းက အဆိုပါကစားသမားအား အငှားစေလွှတ်ရန် ဆန္ဒရှိနေကြောင်းလည်း သိရသည်။ **အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၁ -၈-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **"စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ စိန်ခေါ်မှုများ)(ပထမပိုင်း)**
၁၀း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၁း၄၅ - "အတူယှဉ်တွဲနွဲလို့ပျော် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေး ပွဲတော်"
၁၃း၃၀ - **Myanmar's Democratic Transition Challenges and Way Forward by Her Excellency Daw Aung San Suu Kyi State Counsellor of The Republic of The Union Of Myanmar in Singapore (Live Broadcast)**

**ညပိုင်း**

၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက် ဆိုင်ရာ စကားဝိုင်း
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "စီးပွားရေးစကားဝိုင်း" (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ )(ဒုတိယပိုင်း)
- အနုပညာခန်းရိပ်သာ "ဆရာချစ်ဦးညိုနှင့် တွေ့ဆုံခြင်း" (ပထမပိုင်း)
- နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခု အချစ်တစ်ခု" (အပိုင်း-၉)

# ရန်ကုန်ဘူတာကြီး၌ ခွင့်ပြုချက်မရှိဘဲ ကုန်ထမ်း၍ အခကြေးငွေတောင်းယူသူ ခြောက်ဦးအား အရေးယူထား

**နေပြည်တော် ဩဂုတ် ၂၀**

ရန်ကုန်ဘူတာကြီး၌ ရထားစီးခရီးသည် နှစ်ဦးသည် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ပါလာသော ပစ္စည်းများအား အလုပ်သမား ငှားရမ်းသယ်ဆောင်ခဲ့ရာ အလုပ်သမား ခြောက်ဦးက လူမိုက်ဆန်ဆန် အခကြေးငွေများ ပိုမိုတောင်းခံခဲ့သည့်အတွက် အရေးယူထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၁၃) ရထားရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ စုံစမ်းရာ အလုပ်သမား ခြောက်ဦးမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၈၈) ရပ်ကွက်နေ မောင်နီ (၃၄ နှစ်)၊ လှိုင်သာယာမြို့နယ် မီးကွက်ဈေးရပ်ကွက်နေ အောင်ကိုလတ်(ခ)ရှီဝါးလေး (၂၃ နှစ်)၊ ဗိုလ်တထောင်မြို့နယ် ၁၀ ရပ်ကွက်နေ ကျော်အေး(ခ) ဘဘလေး (၂၉ နှစ်)၊ မြန်မာ့မီးရထား ကြေးနန်းနှင့် အချက်ပြဌာန စက်မှုကျွမ်းကျင်-၅ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်နေ ကျော်ခင်(၃၂ နှစ်)၊ ကုန်တင်ကုန်ချ နေ့စားဝန်ထမ်းများဖြစ်သော ရွှေပြည်သာမြို့နယ်နေ စတားလုံး(ခ)ကျော်ဦး(၃၃ နှစ်)နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်နေ ဇော်ဇော် (၂၄နှစ်) တို့ဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး ၎င်းတို့အား မေးမြန်းရာ ခရီးသည်ထံမှ ငွေကျပ် ၁၇၀၀၀ တောင်းခဲ့သော်လည်း ငွေကျပ် ၆၀၀၀ ဖြင့် ဈေးတည့်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ စီ ခွဲဝေယူခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ရထားပေါ်၌ အခြားသူအား စိတ်ပြိုငြင်အောင် ပြုမူဆောင်ရွက်ပြီး ရထား နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ ကုန်ထမ်းရန် ပြုလုပ်သူများဖြစ်သော မောင်နီ၊ အောင်ကိုလတ် (ခ)ရှီဝါးလေး၊ ကျော်အေး(ခ)ဘဘလေး၊ စတားလုံး(ခ)ကျော်ဦးနှင့် ဇော်ဇော်တို့အား ရန်ကုန်ရထားရဲစခန်း၌ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၈(က) ဖြင့်လည်းကောင်း၊ ကျော်ခင်အား ရန်ကုန်ရထားရဲစခန်း (ပ) ၈၆/၂၀၁၈၊ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ ၈၇(က) ဖြင့်လည်းကောင်း၊ ၎င်းတို့ ခြောက်ဦးအား ရန်ကုန်ရထားရဲစခန်း(ပ)၈၈/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၆/၁၁၄ ဖြင့်လည်းကောင်း အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကသာခရိုင် ဧရာဝတီတံတား (ထီးချိုင့်)အနီး တရားမဝင် သစ်ဖောင်နှစ်ဖောင် ဖမ်းဆီးရမိ

**ကသာ ဩဂုတ် ၂၀**

ကသာခရိုင် ဧရာဝတီတံတား (ထီးချိုင့်) အနီး ရပ်ဆိုင်းထားသော တရားမဝင် ကျွန်းသစ်ပါဝင် သစ်ဖောင်နှစ်ဖောင်အား ဩဂုတ် ၁၈ ရက်က ကျောက်မှော်ရွာအထက် ဧရာဝတီမြစ်အတွင်း ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထီးချိုင့်မြို့နယ် သစ်တောဦးစီးအရာရှိ ဦးစိုးမင်းအောင်နှင့် အဖွဲ့သည် ဧရာဝတီမြစ်အတွင်း စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာ တင်းဝါးများဖြင့် ဖုံးအုပ်ထားပြီး အောက်၌ ကျွန်းသစ်ပါရှိ၍ စစ်ဆေးရာ တရားမဝင် ကျွန်းသစ်ခွဲသား ၁၁ ဒသမ ၁၇၈၄ တန်၊



အင်ခွဲသား ၀ ဒသမ ၇၈၇၄ တန် စုစုပေါင်း ၁၁ ဒသမ ၉၆၂၂တန်၊ ကျွန်းပကာ/စိပ်ခြမ်း ၁၉ ဒသမ ၄၅၆၈ တန်ကို ပိုင်ရှင်မဲ့ ဖမ်းဆီးခဲ့ပြီး သစ်များအား ဘိုတဲကုန်းသစ်ဆိပ်၌ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ဇန်းမောက်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ဇန်းမောက် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာအနီး နန့်ပုံတောအတွင်းမှ ဘိန်းဖြူ၊ ဘိန်းမည်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်းမောက်မြို့နယ် မူး/တားအဖွဲ့မှ ဦးတင်မောင်ညွန့် ဦးဆောင်သော အဖွဲ့သည် ဩဂုတ် ၂၀ ရက် ည ၉ နာရီခန့်တွင် သတင်းအရ ဇန်းမောက်မြို့နယ် နောင်ပတ်ကျေးရွာအနီး နန့်ပုံတောအတွင်းရှိတဲကို သွားရောက်ရှာဖွေရာ ဇန်းမောက်မြို့နယ် နုံးကောင်ကျေးရွာနေ ညဏ်ဝင်းထံမှ စုစုပေါင်း ကာလတန်ဖိုး ကျပ်သိန်း ၁၀၀ ကျော်ခန့်ရှိ ဘိန်းဖြူ ၆၇ ဂရမ်၊ ဘိန်းမည်း ၈၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀ ပြားများနှင့်အတူ တရားမဝင် တူမီးသေနတ် သုံးလက်ကို ရှာတွေ့ရှိသဖြင့် ဇန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲကင်းစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# မောင်တော၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မောင်တော ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဩဂုတ် ၁၈ ရက် ညနေပိုင်းက မောင်တော မူးယစ်တပ်စု (၄၆)နှင့် ပူးပေါင်းအဖွဲ့တို့သည် မြို့ဦးကျေးရွာအုပ်စု လသာအောက်ရွာနေ ဘော်မီလာခါတူ၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ နှင့် အရိုး၊ အရွက်၊ အစေ့ရောရာ ဆေးခြောက် ၁၆၀ ဂရမ်ပါ တစ်ထုပ်၊ မူးယစ်ဆေးပြားရောင်းချ ငွေကျပ် ၁၀၂၀၀၀ တို့ကို ရှာဖွေတွေ့ရှိရသဖြင့် ဒုရဲအုပ် သိန်းဝင်းသူက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ ဈေးဝယ်လာသူ အမျိုးသမီးချင်း ဓားခုတ်မှုဖြစ်

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် ချယ်ရီဈေး ဈေးရုံအမှတ်(၃)အတွင်း၌ ဈေးဝယ်လာသူ အမျိုးသမီးချင်း ဓားခုတ်မှုဖြစ်ပွားခဲ့ရာ ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တင်ပို့ကုသထားရကြောင်း သိရသည်။

ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီခွဲက ဒေါ်ခင်စန်းဝင်း၏သား ကိုထွန်းအောင်ကျော် ဝဏ္ဏသိဒ္ဓိရပ်ကွက်နေသူသည် ချယ်ရီဈေးရှိ ဈေးရုံ(၃)အတွင်း မိခင်ဖြစ်သူ ဒေါ်ခင်စန်းဝင်းနှင့် မအေးမြတ်မိုး ဒက္ခိဏသီရိမြို့နယ်နေသူတို့ စကားများရန်ဖြစ်နေကြောင်း သိရသဖြင့် သွားရောက်ရာ မအေးမြတ်မိုးက အရိုးအသွား ၁၃ လက်မရှိ အသားခုတ်သည့်ဓားဖြင့် ဒေါ်ခင်စန်းဝင်းအား ခုတ်သဖြင့် ဒဏ်ရာများရရှိခဲ့ရာ ခုတင်(၁၀၀၀)ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူထားရသည်။ ကိုထွန်းအောင်ကျော်က နယ်မြေရဲတပ်ဖွဲ့စခန်းတွင် မအေးမြတ်မိုးအား အမှုဖွင့်တိုင်တန်းထားပြီး ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ဖမ်းဆီးခံ ရိုက်တာသတင်းထောက်နှစ်ဦး နှစ်ဖက်ရှေ့နေများ၏လျှောက်လဲချက် အပြီးသတ်ကြားနာ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦး မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်၏ တရားခွင်(၆)တွင် ယနေ့နံနက် ၁၀ နာရီက ၃၆ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး နှစ်ဖက်ရှေ့နေများ ထံမှ အပြီးသတ်လျှောက်လဲချက်များ ကြားနာခဲ့ရာ လာမည့်တစ်ပတ်ရုံးချိန်း၌ အပြီးသတ် အမိန့်ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ)အရ စွဲဆိုမှုကနေ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာ သုံးဦးကို ပယ်လိုက်သဖြင့် ကျန်လိုပြသက်သေ ၂၂ ဦး ကုန်စင်အောင် စစ်ဆေးပြီးရာမှ ဇူလိုင် ၂ ရက်ရုံးချိန်းတွင် စွဲချက်တင်ရန် သင့်မသင့် နှစ်ဖက်ရှေ့နေများ၏လျှောက်လဲချက်ကို ကြားနာခဲ့ကြောင်း၊ကျယ်ကျယ်ပြန့်ပြန့်ကြားနာခဲ့ပြီးနောက် ယခင်ကနဦးစွဲဆိုထားသည့် ဥပဒေပုဒ်မ ၃(၁)(ဂ) နှင့်ပင် ဇူလိုင် ၉ ရက်ရုံးချိန်း၌ စွဲချက်တင်အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက" ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရစွဲဆိုမှုကနေ ဒီကနေ့ နှစ်ဖက်ရှေ့နေတွေရဲ့ အပြီးသတ်လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့် ကြားနာတာဖြစ်ပါတယ်။ လာမယ့်အပတ် ရုံးချိန်းမှာ အပြီးသတ်အမိန့်ချမှတ်သွားမှာမို့ ဩဂုတ် ၂၇ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြန်မာ- လာအို- ထိုင်း ရွှေတြိဂံနယ်စပ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၆ သန်းကျော် ဖမ်းဆီးရမိ

ကျိုင်းခေါင် ဩဂုတ် ၂၀

**ထိုင်းနိုင်ငံ မြန်မာ-လာအို-ထိုင်း ရွှေတြိဂံနယ်စပ်ကျိုင်းခေါင်မြို့နယ်၌ ထိုင်းဘတ်ငွေသန်းပေါင်း ၃၈၄ သန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၆ သန်းကျော်ကို ဩဂုတ် ၁၈ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။**



ဩဂုတ် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းနိုင်ငံ ထိုင်း- လာအိုနယ်စပ် ကျိုင်းခေါင်မြို့နယ်ရှိ ခရိုင်ချင်းဆက်လမ်းမပေါ်၌ မူးယစ်ဆေးဝါး သတင်းအရ ချင်းရိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး ဒွိုင်ဝုန်းဖုန့်နှင့် ပူးပေါင်းအဖွဲ့သည် ထိုင်းနိုင်ငံသား နိုင်းလုံ့လီယမ်မွန်ဖယားဖိုင် (၂၉ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် နှစ်ဦးလိုက်ပါလာသော ကွန်တိန်နာ ၂၂ ဘီးအဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ ကွန်တိန်နာ သေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပါအထုပ် ၇၄၀၀၊ စုစုပေါင်းဆေးပြား၁၄၈ သိန်း (ထိုင်းနိုင်ငံ ဒေသပေါက်ဈေးဘတ်သိန်းပေါင်း ၇၄၀၀ ဘတ်)အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသော ထိုင်းနိုင်ငံသား နိုင်းလုံ့လီယမ်မွန်ဖယားဖိုင်၏ ထွက်ဆိုချက်အရ မူးယစ်ဆေးဝါးများကို အယုဓျပြည်နယ် ဘန့်ပအင်မြို့သို့ သယ်ဆောင်သွားစဉ် ချင်းရိုင်းခရိုင် အထွက် အဝေးပြေးလမ်း စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံရကြောင်း။

အဆိုပါ မူးယစ်ဆေးဝါးများကို ချင်းရိုင်းခရိုင် ဘန့်ဆန်ဆိုင်းထောင်း အမှတ်(၆)ကျေးရွာအုပ်စုအတွင်းရှိ ခြံဝင်းတစ်ခုအတွင်းရှိ ထိုင်းနိုင်ငံသား နိုင်းလော် မဲဟောင်ဆောင်မြို့နယ်နေထိုင်သူ၏ ကုန်လှောင်ရုံတွင် သိမ်းဆည်းထားကြောင်း ထွက်ဆိုချက်အရသိရှိရပြီး မူးယစ်ဆေးဝါးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့ဖြင့် ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂ သန်းကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးမှုဖြစ်စဉ် နှစ်ခုမှာ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၆ ဒသမ ၈ သန်း (ထိုင်းနိုင်ငံဒေသတန်ဖိုး ဘတ်သန်းပေါင်း ၃၈၄ ) ကို ဖမ်းဆီးရမိပြီး အဆိုပါ ဆေးပြားများကို ထိုင်း-မြန်မာ- လာအို ရွှေတြိဂံနယ်စပ် တစ်လျှောက်ရှိ စက်ရုံများတွင် အများဆုံး ထုတ်လုပ်ကြောင်း ချင်းရိုင်းခရိုင် ရဲတပ်ဖွဲ့ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမှုမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ ထိုင်းနိုင်ငံသား နိုင်းလုံ့လီယမ်မွန်ဖယားဖိုင် (၂၉ နှစ်)နှင့် ယာဉ်နောက်လိုက် နှစ်ဦးတို့အား ကျိုင်းခေါင်မြို့မရဲစခန်းက တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်လက်ဝယ်ထားရှိမှုဖြင့် အရေးယူဆောင်ရွက်ထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တူရကီနိုင်ငံတွင် အမေရိကန်သံရုံးကို သေနတ်သမားတစ်ဦးက ပစ်ခတ်

**အန်ကာရာ ဩဂုတ် ၂၀**

တူရကီနိုင်ငံရှိ အမေရိကန်သံရုံးကို ဩဂုတ် ၂၀ ရက်က သေနတ်သမားတစ်ဦးက အကြိမ်ပေါင်းများစွာ ပစ်ခတ်မှု ပြုလုပ်ခဲ့ပြီး ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိသူ ရှိ မရှိ မသိရသေးကြောင်း ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

သေနတ်သမား၏ပစ်ခတ်မှုကြောင့် လုံခြုံရေးအခန်းတံခါးများကို ထိမှန်ခဲ့သော်လည်း သေဆုံးသူမရှိသေးကြောင်း ရဲတပ်ဖွဲ့က သတင်းပေးပို့ခဲ့သည်။

အဆိုပါပစ်ခတ်မှုသည် တူရကီနှင့် အမေရိကန် ဘုန်းတော်ကြီးတို့အကြား နက်နဲစွာ ပတ်သက်မှုရှိနိုင်ကြောင်း သိရသည်။

သံရုံးကို ယခုတစ်ပတ် ကုရ်ဘာနီအီးဒ်ပွဲတော် ကျင်းပသည့် အထိမ်းအမှတ်အဖြစ် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များက လုပ်ကြံပစ်ခတ်သူကို အပူတပြင်းရှာဖွေလျက်ရှိသည်။ သေနတ်သမားသည် ပစ်ခတ်ပြီးနောက် အဖြူရောင်ကားဖြင့် ထွက်ပြေးသွားခဲ့ကြောင်း ပုဂ္ဂလိကသတင်းလိုင်းတစ်ခုဖြစ်သော စီအင်န်အင်န်တာ့ခ်တွင် ဖော်ပြခဲ့သည်။

သေနတ်ပစ်ခတ်သံ လေးငါးချက်ခန့် ကြားလိုက်ရကြောင်း အဆိုပါသတင်းလိုင်းက ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက အဆိုပါသံရုံး၏ ဝင်ပေါက်ကို လိုက်လံစစ်ဆေးကြည့်ရာတွင် သေနတ်ထိမှန်ခဲ့သည့် လုံခြုံရေးခန်းတံခါးပေါက်များကိုသာတွေ့ခဲ့ရကြောင်းနှင့် ကျည်ကတ်ဗလာတစ်ခုကို အဆိုပါနေရာတွင် တွေ့ခဲ့ရကြောင်း ပြောခဲ့သည်။

အမေရိကန်ဘုန်းတော်ကြီး အန်ဒရူးဘရွန်ဆန်ကို တူရကီကဖမ်းဆီးထားသည့်အတွက် တူရကီနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးသည် တစ်ဖက်နှင့်တစ်ဖက် တင်းမာနေကြောင်း သိရသည်။

ထို့အပြင် အမေရိကန်က တူရကီနိုင်ငံအပေါ် တင်းမာသည့် ကုန်သွယ်ရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ အန်ကာရာရှိ အမေရိကန်သံရုံးနှင့် အစ္စတန်ဘူလ်ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးတို့သည် ယခင်ကတည်းက တိုက်ခိုက်မှုများ၏ ပစ်မှတ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# ယီမင်မှ ဟူသီသူပုန်များ ကလေးစစ်သား ၃၁ ဦးကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသို့ လွှဲပြောင်းပေး

ဆာနား ဩဂုတ် ၂၀

**ယီမင်ဟူသီသူပုန်များသည် ကလေးစစ်သား ၃၁ ဦးကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသို့ တနင်္ဂနွေနေ့က လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ယင်းကလေးစစ်သားများမှာ စစ်ပွဲကာလအတွင်း ဖမ်းဆီးမိသောသူများဖြစ်ကြောင်း ဟူသီတို့ ထိန်းချုပ်ထားသည့် ဆာဘာသတင်းဌာနတွင် ဖော်ပြထားသည်။**

ယင်းကလေး စစ်သားများမှာ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုထားသော ယီမင်အစိုးရတပ်ဖွဲ့မှ တပ်သားသစ်အဖြစ်စုဆောင်းထားသောသူများဖြစ်ကြောင်း ဆာဘာသတင်းဌာနတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ဟူသီတို့ထိန်းချုပ်ထားသော နယ်မြေရှိ လူ့အခွင့်အရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂကလေးသူငယ်များဆိုင်ရာ ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြကြောင်း သိရသည်။

အေဒင်မြို့တွင်အခြေစိုက်နေသော ယီမင်အစိုးရအဖွဲ့ကမူ အဆိုပါ လွှဲပြောင်းပေးအပ်မှုသတင်းနှင့် ပတ်သက်၍ မည်သည့် ဖြေရှင်းချက်မျှမပေးခဲ့ပေ။

ယီမင်နိုင်ငံပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် လာမည့်လတွင် ဂျီနီဗာ၌ ဆွေးနွေးပွဲကျင်းပမည်ဖြစ်ရာ နှစ်ဖက်စလုံးမှကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။

ယီမင်နိုင်ငံအတွင်း အစိုးရအဖွဲ့နှင့် သူပုန်များကြား မကြာခဏ အကျဉ်းသား လဲလှယ်မှု ပြုလုပ်လျက်ရှိ သည်။ ၂၀၁၄ ခုနှစ်တွင် ဟူသီသူပုန် များက နိုင်ငံမြောက်ပိုင်းကို တိုက်ခိုက်မှု များ ပြုလုပ်ခဲ့ချိန်မှစ၍ ယီမင်နိုင်ငံသည် စစ်ပွဲများအကြား နစ်မြုပ်နေခဲ့ရသည်။

ဆော်ဒီအာရေဗျ ဦးဆောင်သည့် အာရပ်တပ်ပေါင်းစုသည် ၂၀၁၅ ခုနှစ်တွင် ယီမင်စစ်ပွဲအတွင်းသို့ ပါဝင်လာခဲ့ပြီး နယ်နှင်ဒဏ်ပေးခံရသည့် သမ္မတမန်ဆောဟာဒီ၏ အစိုးရအဖွဲ့ကို ကူညီတိုက်ခိုက်ပေးခဲ့သည်။

ယီမင်အရပ်သား အများစုပါဝင်သည့် လူပေါင်း တစ်သောင်းခန့်မှာ စစ်ပွဲအတွင်းသတ်ဖြတ်ခံခဲ့ရပြီး သုံးသန်းနီးပါးခန့်မှာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

**ဆင်ဟွာ**




## အပူပိုင်းမုန်တိုင်းနှစ်ခု ဂျပန်နိုင်ငံသို့ ဝင်ရောက်မည်

**တိုကျို ဩဂုတ် ၂၀**

အပူပိုင်းမုန်တိုင်းနှစ်ခု ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းသို့ ဦးတည်ရွေ့လျားလျက်ရှိပြီး နောက်ထပ်ရက် အနည်းငယ်အတွင်း အဆိုပါဒေသများသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း ဂျပန်မိုးလေဝသပညာရှင်များက ဩဂုတ် ၂၀ ရက် တွင် ပြောကြားခဲ့သည်။

ဩဂုတ် ၂၀ ရက် နေ့လယ်ပိုင်းတွင် အင်အားပြင်းတိုင်ဖွန်း မုန်တိုင်းဆိုလစ်သည် မီနာမီဒိုင်ဒိုကျွန်း၏ တောင်ဘက် ကီလိုမီတာ ၅၀၀ ခန့် အကွာတွင်ရှိကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက ပြောခဲ့သည်။ အဆိုပါ မုန်တိုင်းသည် အနောက်-အနောက် မြောက်ဘက် ယွန်းယွန်းသို့ တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကြောင်း အေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါမုန်တိုင်း၏ အလယ်ဗဟိုလေထုဖိအားမှာ ၉၅၅ ဟက်တိုပါစကယ်ရှိကြောင်းသိရပြီး ၎င်း၏ ဗဟိုချက်အနီးတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၄၄ ကီလိုမီတာနှုန်းအထိ တိုက်ခတ်နိုင်ကြောင်း၊ အဆိုပါမုန်တိုင်းသည် ကျူးရှူးကျွန်းနှင့် အမာမီကျွန်းများသို့ အင်္ဂါနေ့ နေ့လယ်ပိုင်းခန့်တွင် ဝင်ရောက်နိုင်ကြောင်းသိရပြီး အင်အားပြင်းထန်နိုင်သည်။ မိုးလေဝသအရာရှိများက ဒေသခံများအနေဖြင့် မုန်တိုင်းကြောင့် လှိုင်းကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးခြင်းမှ ကြိုတင်ကာကွယ်မှုများ လုပ်ထားရန် သတိပေးထားကြောင်း သိရသည်။ အခြား အပူပိုင်းမုန်တိုင်းတစ်ခုမှာ ဆိုင်မရွန်ဖြစ်ပြီး ၎င်းသည် ဂျပန်နိုင်ငံ တောင်ပိုင်းနှင့် အနည်းငယ်ကွာဝေးသော ပစိဖိတ်သမုဒ္ဒရာ၌ အနောက်-အနောက် မြောက်ယွန်းယွန်းသို့ ရွေ့လျားလျက်ရှိပြီး တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းခန့်ဖြင့် ရွေ့လျားနေကြောင်း သိရသည်။

အဆိုပါမုန်တိုင်း၏ အလယ်ဗဟိုလေထုဖိအားမှာ ၉၈၅ ဟက်တိုပါစကယ်ရှိပြီး ၎င်း၏ အလယ်ဗဟိုအနီးတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၈ ကီလိုမီတာအထိရှိကြောင်း သိရသည်။ ယင်းမုန်တိုင်းသည် ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းသို့ ချဉ်းကပ်ရောက်ရှိလာမည်ဟု ခန့်မှန်းထားပြီး ဆိုလစ်မုန်တိုင်းလမ်းကြောင်းနီးနီး ဝင်ရောက်လာမည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံ လွန်ဘွတ်ကျွန်း၌ ငလျင်ထပ်မံလှုပ်ခဲ့မှုကြောင့် ၁၀ ဦးထက်မနည်း သေဆုံး




**ဂျကာတာ ဩဂုတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံ လွန်ဘွတ်ကျွန်းတွင် အင်အားပြင်းထန်သည့် ငလျင်ထပ်မံလှုပ်ခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော နှစ်ပတ်ခန့်ကလည်း ပြင်းထန်သည့် ငလျင်လှုပ်မှုကြောင့် လူပေါင်း ၅၀၀ နီးပါးခန့် အသက်ဆုံးရှုံးခဲ့ရသည်။

တနင်္ဂနွေနေ့က ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၃ ရှိ ငလျင်တစ်ခု လှုပ်ခဲ့ရာ မြေပြိုမှု များဖြစ်ပွားခဲ့ပြီး လူအများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ သည်။

တနင်္ဂနွေနေ့က ငလျင်လှုပ်မှုကြောင့် လူ ၁၀ ဦးခန့် သေဆုံးခဲ့ရာ အများစုမှာ အပျက်အစီးပုံများအောက်ပိမိကာ သေဆုံးခဲ့ကြောင်း သိရသည်။

လွန်ဘွတ်ကျွန်း အရှေ့ပိုင်းမှ လေးဦးနှင့် လွန်ဘွတ်ကျွန်းနှင့် အိမ်နီးချင်းကျွန်းဖြစ်သည့် ဆမ်ဘာဝါကျွန်းမှ ခြောက်ဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမျိုးသားသဘာဝဘေး အေဂျင်စီက ပြောသည်။

လူပေါင်း နှစ်ဒါဇင်နီးပါး ဒဏ်ရာရရှိခဲ့ပြီး နေအိမ်ပေါင်း ၁၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ရာ ဘာသာရေးအဆောက်အအုံလည်း ပျက်စီးခဲ့ရကြောင်း အမျိုးသား သဘာဝဘေးအေဂျင်စီက ပြောသည်။

ငလျင်လှုပ်သည်နှင့် တစ်ပြိုင်နက် လူများသည် နေအိမ်များ၊ ခိုလှုံရာနေရာများမှ အပြင်သို့ ပြေးထွက်လာကြသည့်အတွက် ဩဂုတ် ၅ ရက် ငလျင်နှင့်ယှဉ်လျှင် သေဆုံးသူနည်းပါးကြောင်း အမျိုးသားသဘာဝဘေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဝူနူဂရိုဟိုက ပြောသည်။

ဆမ်ဘာဝါကျွန်းရှိဆေးရုံမှ လူနာများကိုလည်း လွန်ဘွတ်ကျွန်းမြို့တော် မာတာရမ်သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### တာလီဘန်တို့နှင့် အပစ်ရပ်စဲရေး ပြုလုပ်ရန် အာဖဂန်သမ္မတ ပြောကြား

ကဘူးလ် ဩဂုတ် ၂၀

အာဖဂန်သမ္မတ အက်ရှ်ရက်ဖ်ဂါနီက ကုရ်ဘာနီအီးဒ် အားလပ်ရက်အထိမ်းအမှတ်ကျင်းပရန် တာလီဘန်များနှင့် အပစ်ရပ်စဲရေး ပြုလုပ်လိုကြောင်း ကမ်းလှမ်းခဲ့သည်ဟု သတင်းများတွင် ဖော်ပြခဲ့သည်။

ဂါနီက ဩဂုတ် ၁၉ ရက်တွင် အပစ်ရပ်စဲရေး သုံးလတာပြုလုပ်ရန် အဆိုပါ အပစ်ရပ်စဲရေးကာလကို ဩဂုတ် ၂၀ ရက် မှစတင်ရန် ပြောကြားခဲ့သည်။

အစိုးရအဖွဲ့သည် ယခင်က တာလီဘန်တို့နှင့် အပစ်ရပ်စဲရေးကို ဇွန်လ အစ်အယ်လ်ဖာ အားလပ်ရက်အတွင်း ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သော်လည်း သုံးရက်တာ လွန်မြောက်ပြီးနောက် တာလီဘန်တို့က ချက်ချင်းပြန်လည် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့များသည် နိုင်ငံ၏ တောင်ပိုင်း ဂါဇာနီမြို့ကို ထိန်းချုပ်နိုင်ပြီး ကတည်းက တာလီဘန်များသည် အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းလှမ်းချက်ကို တာလီဘန်တို့က မည်သည့်တုံ့ပြန်မှုမှ မပြုသော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ကြိုဆိုခဲ့ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

### ဓားကိုင်ရမ်းကားသူကို စပိန်ရဲများအသေပစ်ခတ်ဖမ်းဆီး

မက်ဒရစ် ဩဂုတ် ၂၀

စပိန်နိုင်ငံ ကတ်တလိုနီးယားပြည်နယ် အရှေ့မြောက်ပိုင်းဒေသ ရဲစခန်းတစ်ခုတွင် ဓားဖြင့်တိုက်ခိုက်သူ အမျိုးသားတစ်ဦးကို ဒေသခံရဲများက တနင်္လာနေ့တွင် အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ မိနစ် ၅၀ ဝန်းကျင်ခန့်တွင် ဘာစီလိုနာတောင်ပိုင်း ကော်နဲလာဒီလိုဘာဂတ်မြို့တွင် အမျိုးသားတစ်ဦးက ဓားဖြင့်တိုက်ခိုက်မှုကြောင့် ရဲများက အသေပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဓားကိုင်တိုက်ခိုက်သူမှာ အသက် ၂၉ နှစ်အရွယ် အယ်လ်ဂျီးရီးယားလူမျိုး ဖြစ်ကြောင်း လာဗန်ဂူအာဒီရာ သတင်းစာတွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုဖြစ်ပွားခဲ့သော ရဲစခန်းကို ယခုအခါ ပိတ်ထားပြီး စုံစမ်းမှုများ ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုသည် ဘာစီလိုနာ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု နှစ်ပတ်လည်အပြီး သုံးရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# အင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးအားပြိုင်မှု အဆုံးသတ်တော့မှာလား

**တင်လင်းအောင်**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ တရုတ်သမ္မတရှီကျင့်ဖျင်တို့ဟာ လာမယ့် နိုဝင်ဘာလမှာ ပါပူဝါနယူးဂီနီမှာကျင်းပမယ့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးပွဲနဲ့ အာဂျင်တီးနားမှာကျင်းပမယ့် စက်မှုထိပ်သီးအဖွဲ့ဝင်နိုင်ငံ - ၂၀ အစည်းအဝေးရဲ့သီးသန့်ဆွေးနွေးပွဲမှာ ကုန်သွယ်ရေး တင်းမာမှုတွေ ဖြေလျှော့ဖို့ တွေ့ဆုံဆွေးနွေးသွားမှာဖြစ်တယ်လို့ အမေရိကန် ဝေါလ်စထရိဂျာနယ်မှာ မကြာသေးမီက ဖော်ပြခဲ့တာကို တွေ့ရပါတယ်။**



**ကန်ဒေါ်လာအတက်ဘက် ဦးတည်**

သူတို့နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးတင်းမာမှုဟာ ကမ္ဘာ့ကုန်သွယ်ရေးအခြေအနေကို တစ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်စွမ်း ရှိပါတယ်။ အမေရိကန်ဟာ တရုတ်ပို့ကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမှုတွေ လုပ်ခဲ့ရာမှ တရုတ်နိုင်ငံရဲ့ ကုန်စည်တင်ပို့မှုဈေးကွက်ဟာ ကမောက်ကမ ဖြစ်ခဲ့ပြီး တရုတ်ငွေကြေးတန်ဖိုး အနည်းငယ် ကျဆင်းခဲ့ရပါတယ်။

တစ်ဖက်မှာတော့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ကုန်သွယ်ရေးနဲ့ ပတ်သက်တဲ့ မူဝါဒအခင်းအကျင်းကြောင့် အမေရိကန်ဒေါ်လာဟာ အတက်ဘက်သို့ ဦးတည်လာခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အစိုးရအဖွဲ့ဟာ တရုတ်ပို့ကုန်တွေ အပေါ် နောက်ထပ်အခွန်တိုးမြှင့်ကောက်ခံမှုတွေ ပြုလုပ်သွားဦးမယ်လို့လည်း ပြောခဲ့ပါတယ်။ တရုတ်နိုင်ငံကလည်း အခုလို အမေရိကန်ရဲ့ ကုန်သွယ်ရေးအပေါ် အခွန်တိုးမြှင့်ကောက်ခံတာကစလို့ အမေရိကန်ရဲ့ ကုန်သွယ်ရေးမူဝါဒကို လုံးလုံးမကြိုက်တဲ့အတွက် လက်စားချေတုံ့ပြန်မှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ ပြန်လည်ပြောကြားခဲ့ပါတယ်။

**စောင့်ကြည့်ရမယ်**

အကယ်၍ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ဟာ လာမည့်ရက်သတ္တပတ်အစောပိုင်းမှာ ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို ပြန်လည်စတင်နိုင်ခဲ့ပါက နှစ်နိုင်ငံကုန်သွယ်ရေး ရပ်တည်ချက်တွေဟာ ပြောင်းလဲသွားမလားဆိုတာ လေ့လာစောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

ဟိုးအရင် လွန်ခဲ့တဲ့ ဇွန်လကလည်း အမေရိကန်နဲ့ တရုတ်နိုင်ငံကြား အခုလို ကုန်သွယ်ရေးစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့သေးတယ်လို့လည်း သိရပါတယ်။ ယခင်လအစောပိုင်းမှာ အခွန်အကောက်တွေနဲ့ပတ်သက်ပြီးတော့ တရုတ်နဲ့ အမေရိကန်ရဲ့ အခြေအနေအပေါ် ယာယီ အဆင်ပြေချောမွေ့ကြောင်း ကြေညာခဲ့သော်လည်း တကယ့်လက်တွေ့မှာတော့ အမေရိကန်ပြည်ထောင်စုဟာ တရုတ်ရင်းနှီးမြှုပ်နှံမှုတွေကို ကန့်သတ်တာတွေ၊ တင်ပို့မှုကို ထိန်းချုပ်တာတွေနဲ့ တရုတ်နည်းပညာကုန်စည်တန်ဖိုး ၅၀ ဘီလီယံမှာ ၂၅ ရာခိုင်နှုန်း အခွန်ကောက်ခံမှုတို့ အပါအဝင် နောက်ဆုံးမှာ တရုတ်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ဖို့ ကြိုးစားခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့အခွန်စည်းကြပ်မှုတွေဟာ အရေးပေါ်အခြေအနေတွေကို ဖြစ်ပေါ်စေပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အခွန်စည်းကြပ်မှုဟာ တရုတ်နိုင်ငံကို ရိုက်ခတ်စေပါတယ်။ ဒီလိုပဲ ဆိုးရွားလှတဲ့ ကုန်သွယ်မှုသဘောတူညီချက်တွေကို ဖရိုဖရဲဖြစ်စေပါတယ်။

ဒါတင် မကသေးပါဘူး။ အမေရိကန်ပြည်ထောင်စုဟာ အီးယူကိုလည်း ကုန်သွယ်ရေးနဲ့ပတ်သက်တဲ့ ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါသေးတယ်။

**ကွဲလွဲမှုတွေဖြစ်နေ**

ကုန်သွယ်ရေး သဘောထားကွဲလွဲမှု လျော့နည်းသက်သာစေဖို့ ခေါင်းဆောင်နှစ်ဦးရဲ့ ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီးတော့ ဖြစ်နိုင်တဲ့ အလားအလာတွေကိုလည်း နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့တွေက ဆွေးနွေးသွားနိုင်ခြေရှိတယ်လို့ သုံးသပ်ရပါတယ်။ အမေရိကန်သမ္မတ ထရန့်အစိုးရအဖွဲ့ဝင်တွေအတွင်း တရုတ်နိုင်ငံအပေါ် ဘယ်လိုကိုင်တွယ်သွားရမလဲဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး အနည်းငယ်ကွဲလွဲမှုတွေ ဖြစ်ပေါ်နေတယ်လို့ သိရပါတယ်။

ဘဏ္ဍာရေးဝန်ကြီး စတီဗင်မနူချင်က တင်းမာတဲ့မူဝါဒတွေနဲ့ ပတ်သက်ပြီး သက်သာစေမယ့် နည်းလမ်းတွေကို လေ့လာသွားရမယ်လို့ တင်ပြချိန်မှာ အမေရိကန်ကုန်သွယ်ရေး အကြီးအကဲ ရောဘတ်လိုက်တင်ဇာက နောက်ထပ် အရေးယူပိတ်ဆို့မှုတွေ ပြုလုပ်ဖို့ တင်ပြခဲ့တာကို တွေ့ရပါတယ်။

သူတို့နှစ်ဦးရဲ့ အနည်းငယ်ကွဲလွဲတဲ့ တင်ပြချက်တွေအပေါ် အမေရိကန်သမ္မတဒေါ်နယ်ထရန့် တစ်ယောက် အနေနဲ့ ဘယ်လိုမျိုး လုပ်ဆောင်သွားမလဲဆိုတာကတော့ လာမယ့်အစည်းအဝေးမှာ စောင့်ကြည့်ရမှာဖြစ်ပြီး အဲဒီမှာ သူဘယ်လို ကုန်သွယ်ရေးနည်းဗျူဟာ ခင်းမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

**ကြိုးစားဦးမယ်**

တရုတ်နိုင်ငံကလည်း စီးပွားရေးမှာ ကမ္ဘာ့ဒုတိယနေရာမှာ ရပ်တည်နိုင်တာနဲ့အညီ သူကလည်း ဘယ်နည်းနဲ့မဆို အမေရိကန်ကိုကျော်ဖို့ ကြိုးစားနေတဲ့ သူလည်း ဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ ကုန်သွယ်ရေးနည်းဗျူဟာ ပြောင်းလဲမှုကြောင့်သာ လတ်တလော မှာ အခွင့်မသာသေးသလို ဖြစ်နေပေမယ့် နောင် တစ်ချိန်ချိန်မှာ ဘယ်နည်းနဲ့မဆို အမေရိကန်ကို ဖြတ်ကျော်ဖို့ကြိုးစားဦးမှာပဲ ဖြစ်ပါတယ်။

ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေး တင်းမာမှုတွေကို လျော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွလုပ်ဆောင်သွားဖို့နဲ့ အကယ်၍ သူတို့တွေသာ အတူတကွလက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ဗရမ်းဗတာ ဖရိုဖရဲ ဖြစ်ကုန်တော့မှာပဲဆိုပြီး မကြာသေးမီက ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တစ်က တိုက်တွန်းလိုက်ပါတယ်။

**“ဆိုးရွားနေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုတွေကို လျော့နည်းစေဖို့ အမေရိကန်ပြည်ထောင်စု၊ တရုတ်နဲ့ ရုရှားနိုင်ငံတို့ကို အတူတကွလုပ်ဆောင်သွားဖို့နဲ့ အကယ်၍ သူတို့တွေသာ အတူတကွလက်တွဲမလုပ်ဆောင်နိုင်ပါက ကုန်သွယ်ရေးမှာ ပဋိပက္ခတွေနဲ့ ဗရမ်းဗတာ ဖရိုဖရဲ ဖြစ်ကုန်တော့မှာပဲဆိုပြီး မကြာသေးမီက ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တစ်က တိုက်တွန်းလိုက်ပါတယ်”**

အမေရိကန်နဲ့ တရုတ်နိုင်ငံတို့ရဲ့ ကုန်သွယ်ရေးစစ်ပွဲ အသွင်ဆောင်နေမှု အကျိုးဆက်ကြောင့် ကမ္ဘာ့စီးပွားရေး ဖရိုဖရဲဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် အခုလိုမျိုး ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တစ်ရဲ့ မှတ်ချက်ထွက်ပေါ်လာခဲ့တာပဲဖြစ်ပါတယ်။ အမေရိကန်ဟာ သူ့ရဲ့ ဥရောပနဲ့ ကနေဒါ မဟာမိတ်တွေကိုလည်း အလွတ်မပေးဘဲ ကုန်သွယ်ရေးဗျူဟာတွေ ဖြန့်ကြက်ခဲ့ပါတယ်။

**ကုန်သွယ်ရေးစစ်မက်မဖြစ်ရေး**

ကုန်သွယ်ရေးစစ်ပွဲမဖြစ်ပွားဖို့ရာ ဥရောပနဲ့ တရုတ်နိုင်ငံတို့ရဲ့တာဝန်ပဲဖြစ်သလို အမေရိကန်နဲ့ ရုရှားတို့ရဲ့ တာဝန်လည်း ဖြစ်ပါတယ်။ ဆိုခဲ့တဲ့နိုင်ငံတွေဟာ စနစ်တကျဖြစ်နေတဲ့ ကမ္ဘာ့ကုန်သွယ်ရေးကို မဖျက်ဆီးဘဲ တိုးတက်အောင် ကြံဆောင်ကြရမှာပဲ ဖြစ်ပါတယ်။

သမိုင်းမှာ မဖြစ်စဖူး အဖြစ်ထူးတဲ့ ကုန်သွယ်ရေး စစ်ပွဲမဖြစ်ပွားဖို့ လုပ်ဆောင်ကြရမှာဖြစ်ပါတယ်လို့ ဥရောပသမဂ္ဂကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တစ်က ပေကျင်းမှာကျင်းပခဲ့တဲ့ ဥရောပ-တရုတ်ထိပ်သီးအစည်းအဝေးမှာ ပြောခဲ့ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ရဲ့ အမေရိကန်သည်သာ ပထမဆိုတဲ့ အစိုးရရဲ့ပြည်တွင်းလုပ်ငန်းတွေကို ပြည်ပယှဉ်ပြိုင်မှုမှ ကာကွယ်ပေးခြင်းဆိုင်ရာ မူဝါဒ ထုတ်ပြန်ပြီးတဲ့နောက်မှာ နိုင်ငံပေါင်း ၂၈ နိုင်ငံနဲ့ သာမက သန်း ၅၀၀ ပြည်သူတွေနဲ့ ကမ္ဘာ့အကြီးဆုံး ဈေးကွက်ရှိနေတဲ့ ဥရောပသမဂ္ဂဟာ သူ့ရဲ့ မဟာမိတ်နိုင်ငံတွေကို ကူညီကျားကန်ဖို့ ကြိုးစားနေပါတယ်။

ဒီနေ့ ကျွန်တော်တို့တွေဟာ ကြောက်စရာကောင်းတဲ့ ကစားနည်းကို ကစားမလားဆိုတာနဲ့ ပတ်သက်ပြီး ချီတုံချတုံ၊ မပြတ်မသားဖြစ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဘာနဲ့အလားသဏ္ဍာန်တူသလဲဆိုတော့ ယူကရိန်းနဲ့ ဆီးရီးယားနိုင်ငံမှာဖြစ်နေတဲ့ ပဋိပက္ခတွေနဲ့ ခပ်ဆင်ဆင်တူနေပါတယ်။ ဒါကြောင့်ပဲ အားလုံးလက်ခံနိုင်တဲ့၊ မျှတတဲ့ အဖြေတစ်ခုထွက်လာဖို့ လိုအပ်ပါတယ်လို့ ဒေါ်နယ်တစ်က ဆိုပါတယ်။

ပြင်သစ်သမ္မတ အန်မန်နျူရယ် မက်ခရွန်က မေလနှောင်းပိုင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ကုစားဖို့ လိုအပ်တယ်လို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ အဲဒီလို ပြောလိုက်တဲ့အချိန်နဲ့ တစ်ပြိုင်နက်တည်းမှာပဲ ဥရောပကုမ္ပဏီတွေဟာ စတီးနဲ့ အလူမီနီယံသွင်းကုန်တွေအပေါ် အမေရိကန်အခွန်ကောက်ခံတာကို အခွင့်သာရင် လက်တုံ့ပြန်ဖို့ တောင့်ခံထားကြပါတယ်။

အမေရိကန်နိုင်ငံရဲ့ စတီးနဲ့ အလူမီနီယံတွေအပေါ် အခွန်တိုးမြှင့်ကောက်ခံမယ်ဆိုတဲ့ ကြေညာချက်ဟာ ဇွန် ၁ ရက်မှာ စတင်အကျိုးဝင်ခဲ့ပါတယ်။

**ပြန်လည်တုံ့ပြန်**

ဥရောပသမဂ္ဂရဲ့ စတီးနဲ့ အလူမီနီယံသွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံတဲ့ကိစ္စ၊ ရုရှားနဲ့ အမေရိကန်နိုင်ငံရဲ့ အဓိကကုန်သွယ်ရေးမိတ်ဖက်များ ကိစ္စတွေအပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဇူလိုင်လအစောပိုင်းမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိ တရုတ်သွင်းကုန်တွေအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့ပါတယ်။

အခုလိုလုပ်တာဟာ တရုတ်နိုင်ငံအပေါ် ပြန်လည်တုံ့ပြန်တာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်ကလည်း အမေရိကန်ဟာ အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံရှိတဲ့ တရုတ်ကုန်ပစ္စည်းတွေအပေါ် အခွန်ကောက်မှုတွေ ထပ်မံလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ထပ်မံခြိမ်းခြောက်ခဲ့ပါတယ်။

ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးအားပြိုင်မှုဟာ ကျန်တဲ့ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုတွေ ဖြစ်ပေါ်စေပါတယ်။ တရုတ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုဟာ အရင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ အခုအခါ ၆ ဒသမ ၇ ရာခိုင်နှုန်းအထိ ဖြစ်လာပြီး အနည်းငယ်ကျဆင်းခဲ့တယ်လို့ အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

အခုလို ကုန်သွယ်ရေးတင်းမာတဲ့ အခြေအနေတွေကို ဘယ်လိုကိုင်တွယ်မလဲဆိုတာကတော့ အမေရိကန်နဲ့ တရုတ်နိုင်ငံ ခေါင်းဆောင်နှစ်ဦးတို့ လာမယ့် အစည်းအဝေးမှာ ဘယ်လို အကြောင်းအရာတွေ ဆွေးနွေးမလဲဆိုတဲ့အပေါ် တိုက်ရိုက်မူတည်နေပါတယ်ဆိုတဲ့အကြောင်း ရေးသားလိုက်ရပါတယ်။ ။

ကိုးကား - အေအက်ဖ်ပီ

# ကျောက်ဆည်မြို့နယ် ဆူးလေကုန်း အထက်တန်းကျောင်း(ခွဲ)ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်

**ကျောက်ဆည် ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဆူးလေကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ယမန်နေ့က အာရ်စီအမျိုးအစားနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ ကျင်းပရာ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာဇာနည်အောင်၊ မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်နှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး **(အောက်ပုံ)** ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး (KG) တန်း ကလေးငယ်များအတွက် အားကစားပစ္စည်းများနှင့် အစားအသောက်မုန့်များ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ကူညီပံ့ပိုးခဲ့သူများနှင့် ပညာရည်ထူးချွန်သူ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၈ သန်းဖြင့် မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီမှ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စတင်ဆောက်လုပ်ခဲ့သည့် ပေ ၁၄၀ × ၃၀ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး လက်ရှိတွင် ကျောင်းသားကျောင်းသူ ၃၁၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ဆူးလေကုန်းအခြေခံပညာရေး ကျောင်းသည် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် အစိုးရအသိအမှတ်ပြု မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် အလယ်တန်းကျောင်းအဖြစ်သို့ လည်းကောင်း၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ တွဲဖက်အထက် တန်းကျောင်းအဖြစ်သို့ လည်းကောင်း၊ ၂၀၁၃ ခုနှစ်တွင် အထက်တန်းကျောင်း (ခွဲ)အဖြစ်သို့ အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီး လန (၃၉) ပုံစံ (၁၀၅) ကို ၂၀၀၆ ခုနှစ်တွင် ရရှိခဲ့ပြီး မြေ ၁၀ ဒသမ ၄၆ ဧက အကျယ်အဝန်းရှိ ပညာရေးဌာနပိုင်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




# ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို ပုဂံဘုရားအနေကဇာတင်ပွဲ တက်ရောက်

**မကွေး ဩဂုတ် ၂၀**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း အလိုတော်ပြည့်ဘုရားအနီးရှိ ဘုရားအမှတ် ၄၁၀ အား ဗုဒ္ဓါဘိသေကအနေကဇာတင် အနုမောဒနာရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့က အဆိုပါ ဘုရားအမှတ် ၄၁၀ တွင် ကျင်းပခဲ့ရာ မကွေးမြို့မှ သံဃာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဦးစိရန္တသာရနှင့် မကွေးမြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်ကြီးများ၊ သံဃာတော်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဗုဒ္ဓါဘိသေကအနေကဇာတင် ကုသိုလ်မင်္ဂလာပြုလုပ်ပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့ပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားတင်ပြခဲ့ကြောင်း သိရသည်။ ပုဂံရှေးဟောင်းနယ်မြေအတွင်းရှိ အဆိုပါ ဘုရားအမှတ် ၄၁၀ သည် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က သဘာဝလျှော်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများအနက်မှ ဘုရားတစ်ဆူဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှု၏ ခွင့်ပြုချက်ဖြင့် မကွေးမြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဆရာတော် ဦးသာသနက ဦးစီး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီစဉ်ညွှန်ကြားမှု၊ မကွေးမြို့ပေါ်ရှိ ပရဟိတလူမှုရေးအဖွဲ့ပေါင်းစုံ၏ ကူညီမှု၊ မကွေး မြို့သူ မြို့သားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ငွေကျပ် သိန်း ၁၆၀ အကုန်အကျခံကာ ရှေးဟောင်း သုတေသနဦးစီးဌာန၏ ခွင့်ပြုချက်ရယူကာ ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံလှူဒါန်းခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်း သိရသည်။

**မေသူလွင် (မကွေးကိုယ်ပွား)**



# တစ်လနီးပါးရေကြီးနစ်မြုပ်ခဲ့ရသည့် ရွှေဂွန်းရေဘေးသင့်ပြည်သူများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့

**ဘားအံ ဩဂုတ် ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ သံလွင်မြစ်ကမ်းဘေးတွင်ရှိသော ရွှေဂွန်းကျေးရွာ ရေဘေးသင့်ပြည်သူများအား ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် သွားရောက် ကြည့်ရှုအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်စစ်နှင့် စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများသည် ရွှေဂွန်း တိုက်နယ်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများကို အားပေးစကားပြောကြားပြီး အလှူငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကြီးနစ်မြုပ်ခဲ့သည့် ရွှေဂွန်းကျေးရွာတွင် တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ မီးသတ်၊ ရဲစခန်းနှင့် စိုက်ပျိုးရေးဝန်ထမ်းများအား ရွှေဂွန်းအထကကျောင်း ရွှေပညာရတနာခန်းမ၌ တွေ့ဆုံခဲ့သည်။ အဆိုပါဒေသ ရေကြီးနစ်မြုပ်ခဲ့ရာတွင် မိသားစုဝင်များ ကျန်းမာရေးနှင့် စားသောက်ရေး၊ စာသင်ကျောင်းများအခြေအနေ၊ လယ်များအတွက် အစားထိုး ပြန်လည်စိုက်ပျိုးရမည့် စပါးမျိုးစေ့များ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အစားအစာများ အခြေအနေတို့ကို ဆွေးနွေးပြီး တက်ရောက်လာကြသော ဝန်ထမ်းများအား ဆန်၊ ဆီစသည့် ဟင်းချက်စရာများကို ထောက်ပံ့ပေးခဲ့သည်။

ထို့နောက် ရွှေဂွန်းကျေးရွာတွင် ရေကြီးနစ်မြုပ်ခဲ့သဖြင့် ယာယီရေဘေးစခန်းနှစ်ခုဖြစ်သည့် အထက်ဘုန်းတော်ကြီးကျောင်းတွင် အိမ်ထောင်စု ၁၂၉ စု၊ ရွှေစည်သာကားဝင်းတွင် အိမ်ထောင်စု ၁၈၀ စုစုပေါင်း အိမ်ထောင်စု ၃၀၉ စု အတွက် အသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက်ပစ္စည်း ၁၀ မျိုးခန့်ပါဝင်သည့် ကော်ရေပုံးတစ်ပုံးဆီနှင့် ကလေးငယ်များအား မုန့်များပေးဝေကာ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားခဲ့ကြောင်းနှင့် အဆိုပါ ရွှေဂွန်းကျေးရွာ အနိမ့်ပိုင်းများ တစ်လနီးပါး ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် သွားရောက်အားပေး

**တနင်္သာရီ ဩဂုတ် ၂၀**

တနင်္သာရီမြစ်ရေ အန္တရာယ်ရေမှတ်ထက် ကျော်လွန်ကာ တတိယအကြိမ် ရေကြီးရေလျှံမှုဖြစ်လျက်ရှိရာ ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အထက(တနင်္သာရီ) ကျောင်းတွင် မြိတ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူ ၁၀၀၀ ကျော်အား အခမဲ့ ဆေးစစ်ကုသပေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

"ရေပြန်ကျသွားတဲ့ အချိန်မှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဌာနဆိုင်ရာတွေနဲ့ လုပ်လို့တော့ မရပါဘူး။ အဓိက အကူအညီတောင်းလိုတာကတော့ ပြင်ပ ပရဟိတအဖွဲ့တွေ လာပြီး ကူညီစေချင်ပါတယ်။ နောက်တစ်ချက်ကလည်း ကျွန်တော်တို့ အခုလက်ရှိရိက္ခာဝေနေတဲ့အပိုင်းမှာ ရေကြီးနစ်မြုပ်ရွှေ့ပြောင်းတဲ့သူတွေကို အဓိကထားနေရတာဆိုတော့ ရေဘေးကြောင့် အိမ်မမြုပ်ပေမယ့် စားဝတ်နေရေးအခက်အခဲဖြစ်နေတဲ့ အိမ်ထောင်စုတွေလည်း အများကြီးရှိပါတယ်။ အဲဒီလိုလူတွေအတွက်ကိုလည်း တတ်နိုင်တဲ့ဘက်က လာရောက် ကူညီပေးကြပါ"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက ပြောသည်။



တနင်္သာရီမြို့နယ်တွင် မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ပထမအကြိမ် မြစ်ရေမြင့်တက်သဖြင့် အန္တရာယ်ရေအမှတ် ၂၄ ပေထက်ကျော်လွန်၍ ၂၆ ပေ ၃ လက်မအထိရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ၂၄ ပေ ၃ လက်မရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ၂၆ ပေ ၄ လက်မကျော်ခဲ့ပြီဖြစ်ကြောင်း၊ ကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်ထားရှိပြီး ယင်းစခန်းခြောက်ခုတွင် ရေဘေးသင့်ပြည်သူရွှေ့ပြောင်း အိမ်ထောင်စု ၁၃၅ စု လူဦးရေ ၇၀၇ ဦးသာရှိခဲ့သော်လည်း မြစ်ရေ ဆက်လက်မြင့်တက်လာပါက ကယ်ဆယ်ရေးစခန်းနှင့် ပြောင်းရွှေ့အိမ်ထောင်စု ထပ်တိုးနိုင်ကြောင်း ယာယီကွပ်ကဲရေးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ချင်းပြည်နယ်ရှိ ကော်ဖီစိုက်တောင်သူများအတွက် ကော်ဖီပျိုးပင်ပေါက်များ အခမဲ့ဖြန့်ဝေပေးမည်

**တီးတိန် ဩဂုတ် ၂၀**

ချင်းပြည်နယ်အတွင်း ကော်ဖီမျိုးကောင်းမျိုးသန့်ရရှိပြီး ကော်ဖီစိုက်တောင်သူများ တိုးတက်ဖွံ့ဖြိုးလာရေး၊ ရာသီဥတုနှင့်ကိုက်ညီပြီး အရောင်းအဝယ်ဈေးကွက် ကြီးမားကျယ်ပြန့်သည့် စီမံကိန်းဝင်သီးနှံ အောင်မြင်စွာစိုက်ပျိုးနိုင်ရေးတို့အတွက် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ကော်ဖီပျိုးပင်ပေါက်များ အခမဲ့ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း တီးတိန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ထေးဇန်)မှ သိရသည်။

ကော်ဖီပင် အသေအပျောက်ဖာထေးနိုင်ရေး၊ သေဆုံးအပင် အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီပင် အခမဲ့ ဖြန့်ဝေပေးမှုကို ဩဂုတ် ၁၆ ရက်မှစ၍ သုံးရက်အတွင်း ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း၊ မင်းတပ်၊ ကန်ပက်လက်၊ တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့နယ်များကို တစ်မြို့နယ်လျှင် အပင်ရေ ၁၀၀၀၀ နှုန်းဖြင့် အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ဖြန့်ဝေပေးမည့် ကော်ဖီပင်များကို ပြင်ဦးလွင်မြို့မှ သယ်ယူခြင်းဖြစ်ကြောင်း ထေးဇန်ကော်ဖီခြံတာဝန်ခံ ဦးမင်းလွင်ဦးက ပြောသည်။

"ချင်းပြည်နယ်က ကော်ဖီစိုက်တောင်သူတွေအနေနဲ့ အပင် အသေအပျောက် ဖာထေးစိုက်ပျိုးနိုင်ဖို့ ပြင်ဦးလွင်ကနေ ကော်ဖီပျိုးပင် ၅၀၀၀၀ ကို ပျိုးအိတ်မပါအနေအထားနဲ့ ထပ်မံသယ်ယူပြီး အခမဲ့ဖြန့်ဖြူးပေးပါမယ်။ ဒီနှစ်မှာ တောင်သူတွေ လိုအပ်နေတာကတော့ ပျိုးပင်လေးသိန်းဖြစ်ပေမယ့် တစ်သိန်းကျော်ပဲ ဖြန့်ဝေနိုင်တယ်။ နောက်နှစ်မှာ ပျိုးပင်သုံးသိန်းဖြန့်ဝေနိုင်ဖို့ စီစဉ်ထားတယ်။ ဒီနှစ်မှာ မင်းတပ်မြို့ဘက်ကို ကော်ဖီပျိုးပင် ၃၀၀၀ လောက် ဖြန့်ဝေပြီး နောက်နှစ်မှာတော့ မင်းတပ်နဲ့ အနီးတစ်ဝိုက်မြို့တွေမှာ ကော်ဖီပျိုးပင်ထုတ်လုပ်ပါမယ်။ စိုက်ချိန်နောက်ကျလို့ မဖြစ်ထွန်းတဲ့ တချို့အပင်လေးတွေ ရှိမယ်။ မိုးရာသီအစမှာ ဖြန့်ဝေပေးထားတဲ့ အပင်တွေထဲမှာလည်း စိုက်ပျိုးပြီး မဖြစ်ထွန်းတဲ့အပင်လေးတွေရှိမယ်။ ဒီလိုနေရာမှာ အစားထိုးစိုက်ပျိုးနိုင်ဖို့ အခမဲ့ထပ်မံဖြန့်ဝေပေးတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ထေးဇန်ကော်ဖီခြံမှ ချင်းပြည်နယ်အတွင်း ကော်ဖီစိုက်ပျိုးသည့်တောင်သူများကို ယခုနှစ် ဇူလိုင်လအတွင်းက ထေးဇန်ခြံတွင် ပျိုးထားသည့်ကော်ဖီပျိုးပင် ၅၀၀၀၀ နှင့် ပြင်ဦးလွင်မြို့နယ်မှ ဝယ်ယူခဲ့သည့်ကော်ဖီပျိုးပင် ၆၀၀၀၀ စုစုပေါင်း တစ်သိန်းကျော်ကို ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးနီးပါးတွင် အခမဲ့ဖြန့်ဝေပေးခဲ့သည်။



ချင်းပြည်နယ်အတွင်း ကော်ဖီစိုက်ဧက ၅၆၀ ရှိပြီး တစ်နှစ်လျှင် ဧက ၂၀၀ ကျော် ထပ်တိုးစိုက်ပျိုးလာစေရေးအတွက် အခမဲ့ဖြန့်ဝေပေးခြင်းကို ယခုနှစ်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ရာ လာမည့် ၂၀၂၁ ခုနှစ်တွင် ကော်ဖီစိုက်ဧက ၁၂၂၀ ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် မိုးကုတ်၊ ပြင်ဦးလွင်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် ရှာင်းဒေသတို့တွင် ကော်ဖီကို အများဆုံးစိုက်ပျိုးကြပြီး ကော်ဖီစိုက် ၃၅ ဒသမ ၄၈၅ ဧကခန့် စိုက်ပျိုးမှုရှိရာ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်၊ တရုတ် (တိုင်ပေ) နှင့် ဆွစ်ဇာလန်နိုင်ငံ များက ကမ်းလှမ်းဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။

**နေစု (ချင်းရိုးမ)**

## သီပေါပေါ်ကြိုဘုရားကြီး သမိုင်းအထောက်အထားများ ပြည့်စုံရေး ဆွေးနွေး

**သီပေါ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြိုဘုရားကြီး သမိုင်းကြောင်း ပိုမိုတိကျကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ဂေါပကအဖွဲ့နှင့် သမိုင်းသုတေသီများ ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က ပေါ်ကြိုဘုရားကြီး အရှေ့ဘက်ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်က ဘုရားကြီးသမိုင်းကြောင်းစာအုပ်ကို သပ်ရပ်ခိုင်ခံ့သော အသွင်အပြင်များဖြင့် ပြုစုဆောင်ရွက်နေ၍ သမိုင်းသုတေသီ ပညာရှင်များက ပိုမိုတိကျခိုင် လုံသော သမိုင်းအထောက်အထားများ ရရှိရေးကို ကူညီပံ့ပိုးပေးနိုင်ပါရန် မေတ္တာရပ်ခံကြောင်း ပြောသည်။

ထို့နောက် သမိုင်းအထောက်အထားများ ပိုမိုပြည့်စုံရေးဆောင်ရွက်ရမည်များကို ဆွေးနွေးကြသည်။

**စိုင်း (သီပေါ)**

## မိုင်းဆတ်၌ ဘက်စုံနည်းပညာသုံးစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့

**မိုင်းဆတ် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက် စိုက်ပျိုးထားသည့် တောင်သူများအား ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က မယ်နင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက သမားရိုးကျစိုက်နည်းစနစ်မှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စိုက်ပျိုးကြရန်နှင့် တောင်သူနှင့်စိုက်ပျိုးရေးဌာနမှ တာဝန်ရှိသူများ အပြန်အလှန်အားကိုးအားထားပြုပြီး အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရေးကိုလည်းကောင်း၊ ဒုတိယ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးက မိုင်းဆတ်မြို့တွင် ရွှေဘိုပေါ်ဆန်းမွှေးနှင့်ဒေသရာသီဥတုနှင့်ကိုက်ညီသော စပါးငါးမျိုးကို စမ်းသပ်စိုက်ပျိုးထားရှိမှု၊ ဓာတ်မြေဩဇာအလွန်အကျွံမသုံးစွဲရေးနှင့် ဓာတ်ကြွင်းအာနိသင်နည်းသော ဓာတ်မြေဩဇာသုံးစွဲရေးကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းဝင်းက ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်မှုကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မယ်နင်ကျေးရွာကွင်း၌ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကွက် စိုက်ပျိုးထားသည့် မယ်ဆွမ်တောင်ရပ်ကွက်၊ မယ်ဆွမ်မြောက်ရပ်ကွက်နှင့် မယ်နင်ကျေးရွာမှ တောင်သူများအား တစ်အိတ်လျှင် ၂၅ ကီလိုဂရမ်ရှိ ပုလဲဓာတ်မြေဩဇာအိတ် ၇၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော် (ပြန်/ဆက်)**



## နောင်ချိုမြို့၌ တံတားသစ်စီမံကိန်းမှ မလွတ်ကင်းသည့် မြေများအတွက်လျော်ကြေးပေးအပ်

**နောင်ချို ဩဂုတ် ၂၀**

ရှမ်းပြည်နယ် နောင်ချိုမြို့နယ်အတွင်း မြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားသစ်ဆောက်လုပ်ရေး ဆောင်ရွက်ရာတွင် စီမံကိန်းလုပ်ငန်းခွင်များအတွင်း ပါဝင်သွားသော ဒေသခံတောင်သူများ၏ မြေများအတွက် လယ်ယာမြေလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် အဆောက်အအုံလျော်ကြေးငွေများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

လျော်ကြေးငွေ ပေးအပ်ပွဲတွင် ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်အောင်လတ်နှင့် ခရိုင်လမ်း/တံ တား ဦးစီးဌာနမှူး ဦးဇော်သူလင်းတို့က မျက်ချင်းနုကျေးရွာ၊ လုံရုံးကျေးရွာနှင့် ကုန်းစံကျေးရွာတို့မှ တောင်သူလေးဦး၏ လယ်ယာမြေ ၅ ဒသမ ၃၃ ဧကအတွက် စုစုပေါင်း လျော်ကြေးငွေကျပ် ၇၆၇ သိန်းကျော်ကို တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၀-၈-၂၀၁၈

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၃၅/၉၇၀ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၄၅/၉၈၀ ကျပ် | ၉၉၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၀၀/၉၄၀ ကျပ် | ၉၇၅/၉၉၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၅/၉၈၀ ကျပ် | ၁၀၂၅/၁၀၄၀ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၉၈ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၃ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၂ ・ ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၈ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၆ ・ ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၉၃ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၇ ・ ၈၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၇၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ・ ၄၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၄ ・ ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၅ ・ ၁၄၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# အမရပူရ၊ ဘုရင့်ဂူသုံးလုံးနှင့် ဘိုးတော်ဘုရား

**မောင်သာ(ရှေးဟောင်းသုတေသန)**

ခရစ်နှစ် ၁၇၅၂ ခုနှစ်မှ ၁၈၈၅ ခုနှစ်အထိ ရှည်ကြာခဲ့သည့် ကုန်းဘောင်ခေတ်တွင် ဘုရင်နှစ်ပါး နန်းစိုက်ခဲ့သည့် အမရပူရသည် မြန်မာ့နန်းမြို့တော်ဟောင်းတစ်ခုအဖြစ် ယနေ့တိုင်ထင်ရှားလျက်ရှိသည်။ အမရပူရမြို့နယ်တွင် တည်ရှိနေသည့် ဦးပိန်တံတား၊ ပုထိုးတော်ကြီး၊ နေပူခံကိုယ်တော်ကြီး၊ ကျောက်တော်ကြီး ရုပ်ပွားတော်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျစသည့် ကုန်းဘောင်ခေတ် အမွေအနှစ်များသည် လာရောက်လည်ပတ် လေ့လာသူများဖြင့် စည်ကားနေလေ့ရှိသည်။ သို့သော် အမရပူရတွင်ရှိနေသည့် ကုန်းဘောင်ခေတ်ဘုရင်သုံးပါး၏ ဂူဗိမာန်များကိုမူ အများအားဖြင့် သတိမထားမိကြပါချေ။

အမရပူရမြို့တော်သည် ဗဒုံမင်းလက်ထက်တွင် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်း လက်ထက်တွင် ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိတစ်ကြိမ် ကုန်းဘောင်ခေတ်နေပြည်တော် နှစ်ကြိမ်ဖြစ်ခဲ့သည်။

ယခုအခါတွင် အမရပူရသည် မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်တွင်ပါဝင်ကာ မန္တလေးမြို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသည်။ ၈၀ ဒသမ ၁၁ စတုရန်းမိုင်ကျယ်ဝန်းသည့် အမရပူရမြို့နယ်ကို မြို့နှစ်မြို့(အမရပူရနှင့် မြစ်ငယ်)၊ ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၇၀ ဖြင့် ဖွဲ့စည်းထားရာ အရှေ့ဘက်တွင် ပုသိမ်ကြီးနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ အနောက်ဘက်တွင် တံတားဦးနှင့် စစ်ကိုင်းမြို့နယ်၊ တောင်ဘက်တွင်စဉ့်ကိုင်မြို့နယ်နှင့် မြောက်ဘက်တွင် ချမ်းမြသာစည်မြို့နယ်တို့ တည်ရှိသည်။

ပိုးထည်လုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများဖြင့် ထင်ရှားသည့် အမရပူရသည် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော်တွင် အလွန် ထင်ရှားခဲ့ကြသည့် ပရိယတ္တိ ကျမ်းပြုအကျော် ဆရာတော် အရှင်ဇနကာဘိဝံသနှင့် ပဋိပတ္တိကျင့်စဉ် မိုးကုတ်ဝိပဿနာ တရားတိုက်များကို ထူထောင်ခဲ့သည့် မိုးကုတ်ဆရာတော် ဦးဝိမလတို့ သီတင်းသုံးနေထိုင်ခဲ့သည့်ဒေသလည်း ဖြစ်ပေသည်။

**အမရပူရမှ ဘုရင့်ဂူဗိမာန် သုံးခု**

အမရပူရတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည့် ကုန်းဘောင်ဘုရင်သုံးပါး၏ ဂူဗိမာန်များကို အရိုးအိုးစေတီများအဖြစ် မြင်တွေ့ကြရသည်။ ဘိုးတော်ဘုရားဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉) သည် ၁၈၁၉ ခုနှစ် ဇွန် ၅ ရက်၊ စနေနေ့တွင် နတ်ရွာစံခဲ့ပြီး မြေးတော် အိမ်ရှေ့မင်းသားက နန်းမြို့အတွင်းရှိလွှတ်တော် အရှေ့မြောက်ဘက်၌ ဇွန်လ ၇ ရက်တွင် သင်္ဂြိုဟ်ခဲ့သည်။

ယခုအခါ၌ ဘိုးတော်ဘုရား၏ ဂူဗိမာန်ကို အမရပူရမြို့၏ နန်းမြို့ဟောင်း အရှေ့တောင်ဘက်ရှိ ရွှေစကားစေတီတော်၏ မြောက်ဘက်တွင် မြင်တွေ့ကြရသည်။ အုတ်ဂူစေတီသို့ တောင်သမန် ကန်ပတ်လမ်းမှ ဖြစ်စေ၊ မြို့ရိုးတောင်ဘက်တံခါးရှိ တပ်တွင်းဝင်ပေါက်မှဖြစ်စေ သွားရောက်နိုင်သည်။ ပေ ၈၀ကျယ်ဝန်းသည့် ပရိဝုဏ်အတွင်း ပေ ၅၀ ပတ်လည် ကုလားကျောင်းခံထားသည့် စေတီသည် ဘိုးတော်ဘုရား ဗဒုံမင်း၏အရိုးအိုးစေတီမဟုတ်ချေ။ စေတီအပေါ်ရင်ပြင် အနောက်တောင်ထောင့်တွင် တည်ရှိသည့် အုတ်ဂူပြာသာဒ်သည်သာ ဘိုးတော်ဘုရား၏ ဂူဗိမာန်ဖြစ်ပြီး ပြာသာဒ်ရှေ့တွင် ဘိုးတော်ဘုရားနှင့် ဆက်နွယ်သည့် အကြောင်းအရာများကို ရေးထိုးထားသည့် ကျောက်စာကိုစိုက်ထူထားသည်။

ဘိုးတော်ဘုရားဗဒုံမင်း နတ်ရွာစံပြီးနောက် နန်းတက်ခဲ့သည့် မြေးတော် စစ်ကိုင်းမင်း (ခရစ်နှစ် ၁၈၁၉-၁၈၃၇) သည် နန်းကျဘုရင်အဖြစ် ညီတော် သာယာဝတီမင်း၏ စောင့်ရှောက်မှုကို ခံယူခဲ့ကာ ၁၈၄၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် နတ်ရွာစံခဲ့သည်။ စစ်ကိုင်းမင်း၏ ရုပ်အလောင်းကို အမရပူရ ဝင်းတော်အတွင်း၌ မီးသင်္ဂြိုဟ်ခဲ့သည်။

ဘကြီးတော်စစ်ကိုင်းမင်း၏ အုတ်ပြာသာဒ်စေတီသည် အမရပူရနန်းတော် အနောက်



ဘိုးတော်ဘုရား၏ ကောင်းမှုတော် မင်းကွန်းပုထိုးတော်ကြီး

တောင်ထောင့်ရှိ ပြာသာဒ်ကြီးကျေးရွာ ရွှေလင်းပင်ဘုရားရှေ့ ကန်ပတ်လမ်းတွင်တည်ရှိသည်။ ပေ ၄၀ ပတ်လည် ပရိဝုဏ်အတွင်း၌ ပေ ၂၀ ပတ်လည် ကုလားကျောင်းခံ မုခ်သုံးပေါက် စေတီအတွင်း၌ ထိုင်တော်မူရုပ်ပွားတော် တစ်ဆူရှိသည်။ အုတ်ဂူပြာသာဒ် ဝင်ပေါက်ဘေးတွင် စစ်ကိုင်းမင်းနှင့် ပတ်သက်သည့် အကြောင်းအရာများရေးထိုးထားသော ကျောက်စာကို စိုက်ထူထားသည်။

စစ်ကိုင်းမင်းအုတ်ပြာသာဒ်သည် တောင်သမန်အင်းကိုမျက်နှာပြုလျက်ရှိရာ စစ်ကိုင်းမင်း၏ မိဖုရား နန်းမတော်မယ်နုကို ရေချကွပ်မျက်ခဲ့သည့် နေရာကို မျက်နှာမူတည်ထားခဲ့သည်ဟုဆိုကြသည်။ သို့သော် နန်းမတော်မယ်နုကို အမရပူရ သရက်တစ်ပင် သင်္ချိုင်းတွင် ကွပ်မျက်ခဲ့သည်ဟုလည်း ယူဆချက်များရှိသည်။

စစ်ကိုင်းမင်းကို နန်းချခဲ့သည့် ညီတော် သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆) သည် နောင်တော်စစ်ကိုင်းမင်း နတ်ရွာစံပြီး တစ်လအကြာ ၁၈၄၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် နတ်ရွာစံခဲ့ရာ သားတော် ပုဂံမင်းက လွှတ်တော်အရှေ့မြောက် ပဟိုရ်စင်အနီးတွင် မီးသင်္ဂြိုဟ်ခဲ့သည်။

သာယာဝတီမင်း၏အုတ်ဂူကို အမရပူရနန်းမြို့ဟောင်းအလယ်တွင် မြင်တွေ့နိုင်သည်။ လက်ရှိ တပ်တွင်း အထက်တန်းကျောင်း၏ မြောက်ဘက်တွင် ကပ်လျက်တည်ရှိနေသည့် သာယာဝတီမင်းအုတ်ဂူသည် ရတနာပုံခေတ် တော်ဝင်မိသားစုဝင်များ၏ အုတ်ဂူများနှင့် တူညီနေသဖြင့် ပြန်လည် တည်ဆောက်ခဲ့သည့် ဂူဖြစ်နိုင်ကြောင်း ယူဆကြသည်။ မူလအုတ်ဂူသည် အုတ်ခုံပေါ်တွင် လေးတိုင်စင်ထူ၍ အမိုးပြာသာဒ် တင်ထားသည့် အဆောက်အအုံဖြစ်ကြောင်း သမိုင်းသုတေသီ ရန်နောင်စိုး (စာရေးဆရာ ရနောင်-ဒွယ်) က ရေးသားခဲ့သည်။

**အမရပူရမြို့တည် ဗဒုံမင်း**

ဘိုးတော်ဘုရားဗဒုံမင်း မောင်ဝိုင်းသည် အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်ဖြစ်ပြီး ၁၇၈၂ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် တူတော် စဉ့်ကူးမင်းကိုစီရင်ပြီး အင်းဝထီးနန်းကို သိမ်းပိုက်၍ ကုန်းဘောင်ဆက်၏ ဆဋ္ဌမမြောက်ဘုရင် ဖြစ်လာခဲ့သည်။

ဗဒုံမင်းသည် တောင်သမန်အင်း၊ ဒုဋ္ဌဝတီမြစ်၊ ရွှေတချောင်း၊ တက်သေးအင်းနှင့် အောင်ပင်လယ်ကန်တို့ ဝန်းရံနေသည့် ထီးပေါင်းကားအရပ်၌ မြို့တည်ရန် ၁၇၈၂ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် မြို့ ကျုံး၊ ရွှေနန်း၊ ရွှေဂူ၊ ကျောင်း၊ ပိဋကတ်တိုက်၊ ကန် ခုနစ်ဌာနကို တစ်ပြိုင်တည်း ရွှေပန္နက်၊ ငွေပန္နက် စိုက်ခဲ့ပြီး ၁၇၈၃ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်တွင် မြို့တော် ခုနစ်ဌာနကို တစ်ပြိုင်တည်း စတင်တည်ဆောက်ခဲ့သည်။ မြို့တော် လေးမျက်နှာ၌ တံခါး ၁၂ ပေါက်၊ ပြ ၃၅ ခုနှင့် ပြာသာဒ်တို့ကို ပြုလုပ်ခဲ့သည်။ အမရပူရကို တည်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၁၄၄ ခုနှစ်ကို "အင်းအိုင် ဝိုက်လည်၊ အမရတည်"ဟု မှတ်သားခဲ့ကြသည်။

ဗဒုံမင်းသည် ၁၇၈၃ ခုနှစ် ဇွန်လ ၁ ရက်တွင် အမရပူရမြို့တော်ကို အရှေ့မျက်နှာ ဦးနှိမ်တံခါးမှ ထွက်၍ လက်ယာရစ်လှည့်ပြီး သိမ်းပိုက်ခဲ့ကာ ကုန်းဘောင်မင်းဆက်တွင် သက်တမ်းအရှည်ဆုံး အုပ်ချုပ်ခဲ့သည့်ဘုရင် ဖြစ်လာခဲ့သည်။ ဗဒုံမင်းသည် ၁၇၈၃ ခုနှစ် မေလ ၁၇ ရက်တွင် အမရပူရ ရွှေနန်း၌ ရာဇာဘိသေက ခံယူခဲ့သည်။

သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက အင်းဝသည် အထက်မြန်မာပြည်၏ အကောင်းဆုံး မင်းနေပြည်တော်နေရာဖြစ်ပြီး နေပြည်တော်ကို အင်းဝမှ အမရပူရသို့ ပြောင်းရွှေ့ခြင်းသည် နိုင်ငံနှင့်ပြည်သူများအား အကျပ်အတည်း အခက်အခဲများ ဖြစ်စေကြောင်း သုံးသပ် ရေးသားခဲ့သည်။

ဗဒုံမင်းသည် နိုင်ငံ၏ အရေးကိစ္စအဝဝကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စစ်တမ်းတစ်ခုကို အမြော်အမြင် ကြီးမားစွာ ကောက်ယူခဲ့ခြင်းသည် ကုန်းဘောင်ခေတ်၏ သမိုင်းဝင် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ခဲ့သည်။ ဗဒုံမင်းသည် နိုင်ငံတော်တစ်ဝန်း အိမ်ခြေစာရင်းကိုစစ်ဆေးကောက်ယူစေပြီး မြို့ရွာ နယ်နိမိတ်အပိုင်းအခြား၊ မြို့ရွာအိမ်ခြေစာရင်းများကိုထန်းဖူးများတွင် မှတ်တမ်းပြုခဲ့သည်။

ဗဒုံမင်း၏ စစ်တမ်းများအရ မြန်မာပြည်မနေ လူဦးရေသည် ၁၈၃၁၄၅၇ ဦး၊ ရခိုင်နှင့် တနင်္သာရီ ဒေသများ၏ လူဦးရေသည် ၁၇၀၀၀၀ ဖြစ်သဖြင့် တစ်နိုင်ငံလုံးလူဦးရေသည် ၂၀၀၁၄၆၇ ဦးဖြစ်ကြောင်း သိရှိခဲ့ကြရပေသည်။

**ဗဒုံမင်း၏ စစ်ပွဲများ**

ဗဒုံမင်းသည် သားတော်မဟာဥပရာဇာကို အချုပ်ပြုစေလျက် ရခိုင်ဓညဝတီသို့ ၁၇၈၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် စစ်ချီစေခဲ့သည်။ ၁၇၈၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ရခိုင်ကို သိမ်းယူခဲ့ပြီးနောက် မြန်မာနိုင်ငံအကျယ်အဝန်းသည် ခမည်းတော် အလောင်းမင်းတရားလက်ထက်ကထက် ပိုမိုကျယ်ပြန့် ကြီးမားခဲ့သည်။ သို့သော် ၁၇၈၅ ခုနှစ် ဇူလိုင်လ ၄ ရက်နှင့် ၁၇၈၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်တွင် ယိုးဒယားသို့ စစ်ချီခဲ့ရာ အောင်မြင်မှုမရရှိဘဲ တပ်များဆုတ်ခွာခဲ့ရသည်။

၁၇၉၂ ခုနှစ် မတ်လတွင် ထားဝယ်မြို့ဝန် မြင်စိုင်းသား နေမျိုးကျော်ထင်သည် ဗဒုံမင်းကို သစ္စာဖောက်ဖျက်၍ ယိုးဒယားသို့ ခစားဝင်သွားခဲ့သဖြင့် အတွင်းဝန်မင်းကြီး မဟာ သက်တော်ရှည် အချုပ်ပြုလျက် ထားဝယ်သို့ ချီစေခဲ့သည်။ ထားဝယ်တွင် တပ်စွဲနေသည့် ယိုးဒယားတပ်များသည် မြန်မာတပ်များကို ခုခံတိုက်ခိုက်ခဲ့ပြီး ဒီဇင်ဘာလတွင် ဆုတ်သွားခဲ့သည်။ ၁၇၉၇ ခုနှစ် အောက်တိုဘာလတွင် ဇင်းမယ်ကိုသိမ်းယူရန် နေမျိုးကျော်ထင်သီဟသူ ဦးစီးသည့် တပ်များကို ချီစေခဲ့သော်လည်း အောင်နိုင်မှုမရရှိဘဲ ၁၇၉၈ ခုနှစ် မတ်လတွင် တပ်များဆုတ်ခဲ့ရသည်။

**စံချိန်ရှင် ဘိုးတော်ဘုရား ဗဒုံမင်း**

ဘိုးတော်ဘုရားဗဒုံမင်း မောင်ဝိုင်းသည် မြန်မာ့သမိုင်းတွင် စံချိန်အမျိုးမျိုးချိုးနိုင်ခဲ့သည့် ဘုရင်တစ်ပါးဖြစ်ကြောင်း ကုန်းဘောင်ရှာပုံတော်စာအုပ်တွင် ဖတ်ရှုရပေသည်။ ကုန်းဘောင်ခေတ်တွင် နန်းသက်အရှည်ဆုံးဘုရင်ဖြစ်သူ ဗဒုံမင်းသည် အိမ်နိမ့် ၃၈ နှစ်၊ နန်းစံ ၃၇ နှစ် ဖြစ်သည်။ ထို့အတူ မိဖုရား၊ မောင်းမ၊ မိဿံ၊ ဆွေတော်မျိုးတော်များသည် စံချိန်တင်လောက်အောင် များပြားခဲ့ကာ မိဖုရား၊ ကိုယ်လုပ်တော် ၅၄ ဦးနှင့် သားတော်သမီးတော် ၁၃၇ ဦးအပါအဝင် ဆွေတော်မျိုးတော်ဦးရေ ၅၀၀ ရှိခဲ့သည်။

ကုန်းဘောင်ခေတ်တစ်လျှောက်တွင် ဗဒုံမင်းသည် အကျယ်ပြန့်ဆုံး မြန်မာနိုင်ငံရေိယာကို ပိုင်ဆိုင်ခဲ့ကာ မြန်မာနိုင်ငံတွင်အကြီးဆုံးသော မင်းကွန်းခေါင်းလောင်းတော်ကိုလည်း သွန်းလုပ်လှူဒါန်းခဲ့သကဲ့သို့ အပြီးမသတ်ခဲ့သည့် ထုထည်အကြီးမားဆုံးသော မင်းကွန်းပုထိုးတော်ကြီးကိုလည်း တည်ဆောက်ခဲ့သည်။ ဗဒုံမင်းသည် နန်းတက်ချိန်တွင် အရှည်လျားဆုံးသော ဘွဲ့တံဆိပ်နာမတော် "သီရိ ပဝရ ဝိဇယာ နန္တယသ တြိဘဝနာ ဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ"ဟူသည့် စာလုံး ၃၃ လုံးပါရှိသည့်ဘွဲ့ကို ခံယူခဲ့သည်။

ကုန်းဘောင်ခေတ်ကို နှစ်ပိုင်းပိုင်းလျှင် အလောင်းဘုရား နန်းတက်ချိန်မှ ဗဒုံမင်း နတ်ရွာစံချိန်အထိကာလသည် ပထမပိုင်းဖြစ်၍ ဘကြီးတော် စစ်ကိုင်းမင်း နန်းတက်ချိန်မှ သီပေါမင်းပါတော်မူသည့် အချိန်အထိကာလသည် ဒုတိယပိုင်းဖြစ်သည်။ ကုန်းဘောင်သက်တမ်း ၁၃၃ နှစ်တွင် ရှေ့ပိုင်း ၆၆ နှစ်သည် ကုန်းဘောင်၏ နေတက်ချိန်ဖြစ်၍ နောက်ပိုင်း ၆၆ နှစ်သည် ကုန်းဘောင်၏ နေကျချိန်ဖြစ်ကြောင်း သတင်းစာဆရာကြီးညိုမြက တင်စား ရေးသားခဲ့သည်။

**ဗဒုံနှင့်အင်္ဂလိပ်များ**

ဗဒုံမင်းလက်ထက်တွင် မြန်မာနိုင်ငံနှင့် နယ်ချဲ့ အင်္ဂလိပ်များအကြားတွင် ပြဿနာ ကြီးကြီးမားမား မရှိခဲ့ချေ။ အင်္ဂလိပ်တို့က ဗဒုံမင်းသည် ကျားကဲ့သို့ ရက်စက်ကြမ်းကြုတ်ကြောင်းမှတ်ချက်ပြုခဲ့ပြီး ဗဒုံမင်းလက်ထက်တွင် မြန်မာနိုင်ငံကို ရန်မရှာခဲ့သော်လည်း စစ်ကိုင်းမင်း၊ ပုဂံမင်းနှင့် သီပေါမင်းတို့ လက်ထက်တွင် စစ်ပွဲများဖြင့် အနိုင်ယူကာ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။

ဗဒုံမင်းလက်ထက်တွင် အင်္ဂလိပ်တို့နှင့် စစ်မက်ဖြစ်ပွားခြင်း မရှိခဲ့သော်လည်း ကောင်းမွန်သောဆက်ဆံရေးကား မရှိခဲ့ချေ။ ခမည်းတော် အလောင်းမင်းတရားလက်ထက်တွင် မွန်တို့နှင့် စစ်ဖြစ်နေချိန်တွင် မွန်များကို လက်နက်များ ရောင်းချပေးခဲ့သဖြင့် ၁၇၅၅ ခုနှစ် မေလ ၂၂ ရက်တွင် ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့၏စခန်းကို တိုက်ခိုက်ရှင်းလင်းခဲ့ပြီးနောက် အင်္ဂလိပ်တို့သည် နှစ် ၃၀ ကြာ ငြိမ်နေခဲ့ကြသည်။ သို့သော် ဗဒုံမင်းနန်းတက်လာအပြီး သုံးနှစ်အကြာ ၁၇၈၅ ခုနှစ်တွင် အင်္ဂလိပ်များသည် မြန်မာနိုင်ငံဘက်သို့ ဦးတည်လာခဲ့ကြသည်။

အင်္ဂလိပ်တို့သည် အမရပူရတွင် သံတဲ ဆောက်လုပ်ရန် မြေတစ်နေရာ အပိုင်စားပေးရန်တောင်းဆိုခဲ့ရာ ဗဒုံမင်းက ငြင်းပယ်ခဲ့သည်။ ခရစ်နှစ် ၁၈၁၃ ခုနှစ်တွင် ယုဒသန် ခေါ် ဂျပ်ဆင်နှင့် ဇနီးသည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ခရစ်ယာန်သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဗဒုံမင်းသည် ဂျပ်ဆင်အား ခရစ်ယာန်ဘာသာတရားများ ဟောကြားခွင့်ပြုခဲ့သည်။

**ကျောက်စာများစုဆောင်းခြင်း**

ဗဒုံမင်းသည် နိုင်ငံအတွင်း မြေခွန်ကင်းလွတ်ခွင့်ရရှိနေသည့် သာသနာ့မြေများကို သိရှိနိုင်ရန် တစ်နိုင်ငံလုံးရှိ ကျောက်စာများကို စုဆောင်းခဲ့ရာ မြေခွန်တော် ကိစ္စရပ်များကို စီမံရာတွင် များစွာအထောက်အကူဖြစ်ခဲ့သည်။ ချမ်းသာကြွယ်ဝသူများသည် မြေများကို သာသနာဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ရန် လှူဒါန်းခဲ့ကြသဖြင့် သာသနာ့မြေများ များပြားလာခဲ့ကာ မြေခွန်ရရှိမှု လျော့နည်းလာခဲ့သည်။

ကျောက်စာများစုဆောင်းစိစစ်ခြင်းလုပ်ငန်းကို တွင်းသင်းတိုက်ဝန် မဟာစည်သူနှင့်သက်ပန်းအတွင်းဝန် ဗလရာဇကျော်ထင်တို့အား တာဝန်ပေးခဲ့သည်။ ရှေးကရေးခဲ့သော ရာဇဝင်ကျမ်းများသည် ကျောက်စာများနှင့် ညီညွတ်မှုမရှိသဖြင့် ကျောက်စာများနှင့် ညီညွတ်သော ရာဇဝင်သစ်တစ်စောင်ရေးသားရန် ဗဒုံမင်းက တွင်းသင်းတိုက်ဝန်အား တိုက်တွန်းခဲ့သည်။ ထို့ကြောင့် နှောင်းလူတို့ အထောက်အထားပြုကြရသည့် တွင်းသင်းမဟာရာဇဝင်သစ် ထွက်ပေါ်လာခဲ့သည်။

ဗဒုံမင်းသည် အောင်မြင်သောဘုရင်တစ်ပါးဖြစ်ခဲ့ပြီး စစ်သူရဲကောင်းများနှင့် အမတ်ကြီးများက သူ၏အောင်မြင်မှုများကို ပံ့ပိုးပေးခဲ့ကာ မြန်မာရှင်ဘုရင်များ အလွန်တန်ဖိုးထားသည့် ဆင်ဖြူတော်များကို ကိုးကောင်အထိ ပိုင်ဆိုင်ခဲ့သည်။

ဗဒုံမင်း၏သားတော် အိမ်ရှေ့မင်းသည် ၁၈၀၉ ခုနှစ် မတ်လ ၂၉ ရက်တွင် ကွယ်လွန်ခဲ့သဖြင့် မြေးတော်စစ်ကိုင်းမင်းအား အိမ်ရှေ့အရာပေးခဲ့သည်။ ဗဒုံမင်းဟုထင်ရှားသည့် ဘိုးတော်ဘုရားသည် ကုန်းဘောင်ထီးနန်းကို ၁၇၈၂ ခုနှစ်မှ ၁၈၁၉ ခုနှစ် ဇွန်လ ၅ ရက်အထိ စိုးစံကာ နတ်ရွာလားခဲ့ပြီးနောက် စစ်ကိုင်းမင်းသည် ကုန်းဘောင်ထီးနန်းကို ဆက်ခံခဲ့သည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မင်းတုန်းမင်းသည် ရတနာပုံ မန္တလေးကို တည်ထောင်၍ အမရပူရမှ ပြောင်းရွှေ့နန်းစိုက်ခဲ့သဖြင့် အမရပူရသည် နန်းမြို့ဟောင်းတစ်ခုအဖြစ်ကျန်ရှိခဲ့သည်။ အမရပူရတွင် ဗဒုံမင်းနှင့် သာယာဝတီမင်းတို့ နန်းစိုက်ခဲ့စဉ် တည်လုပ်ခဲ့သည့် ဘုရား၊ ပုထိုး၊ စေတီများအပါအဝင် ရှေးဟောင်း အဆောက်အအုံများသည် ယခုတိုင် ကျန်ရှိနေပေသည်။ မြန်မာ့သမိုင်း၏ အတိတ်ပုံလွှာများအဖြစ် အမရပူရတွင် တည်ရှိနေသည့် ကုန်းဘောင်ခေတ် အမွေအနှစ်များကို ထိန်းသိမ်းကာ မြန်မာ့ယဉ်ကျေးမှု အထောက်အထားများကို ကာကွယ်စောင့်ရှောက်ခဲ့ကြသဖြင့် ကုန်းဘောင်ဘုရင်သုံးပါး၏ ဂူဗိမာန်များအပါအဝင် အမရပူရရှိ ရှေးဟောင်းအဆောက်အအုံများသည် မြန်မာတို့၏ မြင့်မားသော သမိုင်းတန်ဖိုးကို ဖော်ညွှန်းလျက်ရှိနေကြပေသည်။ ။

# ယခင်နှစ်က မကျင်းပနိုင်ခဲ့သည့် တောင်ပြုံးပွဲတော် ယခုနှစ်တွင် စည်ကားစွာကျင်းပမည်

**မန္တလေး ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသော တောင်ပြုံးပွဲတော်ကို ယခင်နှစ်က မကျင်းပနိုင်ခဲ့သော်လည်း ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ဈေးဆိုင်ခန်းပေါင်း ၉၀၀ ကျော်ခန့်ကို ခွင့်ပြုရောင်းချသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။

"ကျွန်တော်တို့ရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ တောင်ပြုံးပွဲတော်မှာ နှစ်တိုင်း ရောင်းချပေးနေတဲ့ ဈေးဆိုင်ခန်းသမားတွေရှိတယ်၊ အဲဒါတွေကို အရင်ဆုံး ဦးစားပေးရောင်းချသွားမှာပါ။ မနှစ်က တိုင်းဒေသကြီးအစိုးရရဲ့ပွဲတော်ကျင်းပခွင့်မရရှိခဲ့တဲ့အတွက် ဒေသခံဈေးသည်တွေ၊ နယ်လှည့်ရောင်းချနေတဲ့ဈေးသည်တွေအားလုံး အခက်အခဲလေးတွေတော့ ဖြစ်သွားရတာမျိုးရှိတယ်၊ မနှစ်က ကျန်တာတွေကတော့ ဦးရာလူစနစ်နဲ့ ရောင်းချပေးသွားမှာပါ၊ အခုနှစ်မှာတော့ အဲဒီအတွက် အားလုံးအဆင်ပြေအောင် ဖန်တီးပေးသွားမှာပါ"ဟု တောင်ပြုံးပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က တောင်ပြုံးပွဲတော်ကျင်းပရန် ရက်ပိုင်းအလိုတွင် ရာသီတုပ်ကွေးရောဂါ( H1N1)ဖြစ်ပွားမှုကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်အတွက် တောင်ပြုံးပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရက ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခဲ့ပြီးနောက် ပွဲတော်ကျင်းပဖြစ်ခဲ့ခြင်းမရှိတော့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်က ဈေးဆိုင်ခန်းများအတွက် စရန်ပေးထားသည့် ဆိုင်ခန်းရှင်များအားလုံးအနေဖြင့် ယခုနှစ်တွင် ကျန်ငွေကိုသာ ဆက်လက်ပေးသွင်း၍ ဆိုင်ခန်းနေရာများ ဝယ်ယူနိုင်ရန်အတွက် ဆောင်ရွက်ထားကြောင်းလည်း ကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

တောင်ပြုံးပွဲတော်၌ နှစ်စဉ်ဈေးရောင်းချသည့် နယ်လှည့်ဈေးသည်တစ်ဦးက "အရင်နှစ်က ကျွန်မတို့ နယ်လှည့်ဈေးသည်တွေ စရန်ပေးပြီးမှ ဆိုင်ထွက်ခွင့်မရခဲ့ပါဘူး၊ ဒါကြောင့် အခုနှစ်မှာ ဈေးဆိုင်ခန်းခတွေကိုလည်း တာဝန်ရှိသူများအနေနဲ့ သက်သက်သာသာဈေးနှုန်းများနဲ့ ရောင်းချပေးစေလိုပါတယ်"ဟု ပြောသည်။

လက်ရှိတွင်ဈေးဆိုင်ခန်းနေရာများမှာ တစ်ခန်းလျှင် ကျပ် တစ်သိန်းမှ နှစ်သိန်းကြားအထိရှိပြီး ပွဲတော်အတွင်း နှစ်စဉ်ပါဝင်သည့် ရေနှင့်သန့်စင်ခန်း၊ လျှပ်စစ်၊ ဇာတ်ရုံ(၁-၂)တည်ဆောက်မည့်မြေနေရာ၊ ရုပ်ရှင် သို့မဟုတ် ဆပ်ကပ်သို့မဟုတ် မျက်လှည့်ရုံ တည်ဆောက်မည့်မြေနေရာများတွင် လုပ်ကိုင်နိုင်ရန်အတွက်မူ ပွဲတော်ကျင်းပရေးကော်မတီက အိတ်ဖွင့်တင်ဒါခေါ်ယူသွားမည်ဖြစ်ကာ မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြထားကြောင်း သိရသည်။



တောင်ပြုံးပွဲတော်ကြီးကို နှစ်စဉ် ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက်အထိကျင်းပပြီး ယခုနှစ်တွင်လည်း ပွဲတော်လာသူများမှာ ဩဂုတ် ၁၅ ရက်မှစတင်၍ လာရောက်နေကြပြီဖြစ်ရာ လက်ရှိ ဩဂုတ် ၁၉ ရက်အထိ တောင်ပြုံးပွဲတော်၌ ပွဲတော်လာသူများ၊ ဈေးဆိုင်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကျင်းပ

**ဌာနဆိုင်ရာများက ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ပြည်သူများသိရှိစေရန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တိုက်ရိုက်တွေ့ဆုံကာ ပြည်သူများ၏လိုအပ်ချက်များကို တင်ပြဆွေးနွေးနိုင်ရန်နှင့် ပြည်သူများ အသိပညာတိုးပွားပြီး ဆွေးနွေးပြောဆိုတတ်သည့်အလေ့အထများ ရရှိလာစေရန် ရည်ရွယ်လျက် ပြည်သူ့စကားဝိုင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်၍ မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသည်။**

### ကွန်ဟိန်း

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကွန်ဟိန်းမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းပြည့်စန္ဒီမြင့်က ပြည်သူ့စကားဝိုင်းကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေး၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီး ဒေါ်နန်းလောဝ်၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းငွေလှ၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနှင့် မြို့နယ် Book Club အသင်းဥက္ကဋ္ဌ ဦးတင်အေးတို့က အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်သော အသင်းအဖွဲ့များ၊ သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**





### နေပြည်တော်

မျိုးဆက်သစ်ကျောင်းသားလူငယ်များ ကိုယ်ကျင့်တရားကောင်းမွန်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ အများနှင့် ပါဝင်ဆွေးနွေးတတ်စေရန်နှင့် မေးခွန်းများမေးမြန်းတတ်စေရန် ရည်ရွယ်၍ ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့်ပြည်သူ့စကားဝိုင်းကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဒက္ခိဏသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းထွေး၊ ပျဉ်းမနားမြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ ဦးအောင်နိုင်ဦးနှင့် ဒေါ်သက်သက်နွယ်တို့က လူငယ်နှင့်စာရိတ္တခေါင်းစဉ်ကို ရှုထောင့်အမျိုးမျိုးဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲတက်ရောက်သည့် ကျောင်းသား ကျောင်းသူများ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

### ပန်းတောင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ငါးဆယ်ပေးကျေးရွာအုပ်စု ဘုရားပေါ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၇ ရက်က ကျင်းပသည်။ ပြည်သူ့စကားဝိုင်းတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်သင်းသင်းအေးက ပြည်သူ့စကားဝိုင်းများကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ပပဟန်က လွှတ်တော်အတွင်းရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းရေးရာကော်မတီများအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင့်ဆွေက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများအတွက် လုံခြုံရေးဆောင်ရွက်နေမှုများနှင့် ပြည်သူများ ဗဟုသုတတိုးပွားရေးအတွက် စာအုပ်စာပေများဖတ်ကြားရမည့်အပြင် ယခုလို စကားဝိုင်းများတွင် အပြန်အလှန်မေးမြန်းဆွေးနွေးကြရန်လည်းကောင်း၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့မှ ဒုရဲအုပ်ကျော်နိုင်ဦးက လူကုန်ကူးမှုဆိုင်ရာ အသိပညာများကိုလည်းကောင်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာပိုက်ထွေးက မွေးမြူရေးလုပ်ငန်းဖြစ်သည့် ကျွဲ၊ နွား၊ ဝက်၊ ဆိတ်များကို စီးပွားဖြစ်/တစ်ပိုင်တစ်နိုင် မွေးမြူရာတွင် သိထားရမည့်အချက်အလက်များကိုလည်းကောင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းသန်းဇော်မှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုဗဟိုပြုစီမံကိန်းနှင့် ပူးပေါင်းဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**အောင်မြင့်(ပန်းတောင်း)**

### သီပေါ

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ပေါ်ကြိုကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ကျင်းပသည့် အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်စင်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး လုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မြို့နယ် လယ်ယာစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးသိန်းဇော်၊ မြို့နယ် ဒုတိယပညာရေးမှူး ဦးဇော်မင်းထွန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝါဝါထွဋ်၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာအုန်းအုန်းမြင့်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်အောက်ရှိ ကျေးလက်နေပြည်သူများနှင့် အများဆုံးသက်ဆိုင်သည့် ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများ အကျိုးရှိစွာသုံးနိုင်ရေး စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါပြည်သူ့စကားဝိုင်းသို့ ဒေသခံ ကျေးလက်နေပြည်သူ ၄၀၀ ကျော် တက်ရောက်ပြီး သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စိုင်း(သီပေါ)**

### တာမိုးညဲ

မူဆယ်ခရိုင် တာမိုးညဲမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၇ ရက်က တာမိုးညဲအထက၌ ကျင်းပခဲ့ရာ မြို့အုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နှင်းရီကပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့်အတူ မြို့မရဲစခန်းမှူး ရဲအုပ်အောင်မင်း၊ ဆရာဝန်ကြီး ဒေါက်တာရှိန်ဌေး၊ လမ်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးဝင်းလွင်ဦး၊ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နှင်းဆီနှင့် MANA အဖွဲ့မှ ဒေါက်တာသက်ပိုင်ဦးတို့က လူငယ်နှင့်အနာဂတ်ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

### နောင်ချို

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် လုံရုံးအုပ်စု သဖန်းကိုင်းဘုန်းတော်ကြီးကျောင်း၌ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများဖြစ်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဌေးလင်းအောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ကျေးလက်ဖွံ့ဖြိုးရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့လာရောက်သော လုံရုံး၊ သဖန်းကိုင်း၊ စက်ရုံ၊ လယ်ကြီးတော၊ ကုန်းစုံ၊ ကျောက်ကြမ်း၊ ခဲမွန်နှင့် ကုန်းသာကျေးရွာများမှ ပြည်သူများက သိလိုသည်များကို မေးမြန်းခဲ့ကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**စိုးဝင်း(နောင်ချို)**

### မိုင်းလုံ

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မိုင်းလုံမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မိုင်းလုံမြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့ရာ လဝကဦးစီးမှူး ဦးထင်ကျော်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းအေးအေးမြင့်က ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းလုံမြို့ဆေးရုံမှ ဒေါက်တာနန်းဝတ်ရည်သင်း၊ ရဲစခန်းမှူး ဦးအောင်ကိုလတ်၊ စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်စိုးစိုးအေး၊ မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းမြင့်၊ ပညာရေးဌာနမှ ဒေါ်စိုးစိုးနှင့် လဝကဦးစီးမှူး ဦးထင်ကျော်ဦးတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ အင်အား ၁၄၀ ခန့် တက်ရောက်ခဲ့ပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အကြံပြုဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## သတင်းတိုများ

### ဒိုက်ဦးမြို့နယ်၌ ကျေးရွာကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်ဖွင့်

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဦးဒေါင်းစုကျေးရွာ အလက(ခွဲ)ကျောင်း၌ ကျောင်းဆောင်သစ်နှင့် သုတဒီပ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးဟံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ အာရ်စီအမျိုးအစား အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေကျပ် ၈၆ သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့ကာ စာကြည့်တိုက်မှာ ၁၉ ပေပတ်လည် အာရ်စီအဆောက်အအုံဖြစ်ပြီး စာကြည့်တိုက်ကော်မတီဝင်များ၏ ထည့်ဝင်ငွေကျပ် ၄၅ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (ဒိုက်ဦး)**

### ပွင့်ဖြူမြို့နယ်၌ တောင်သူပညာပေးဟောပြောပွဲပြုလုပ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ တောင်သူပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက်က ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးသိပ္ပံခန်းမ၌ကျင်းပခဲ့ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနစုမှ သုတေသနပညာရှင် ဒေါ်မြင့်ရီနှင့် သီးနှံစိုက်စနစ်ပညာရှင်များ၊ ပိုးမွှားရောဂါသုတေသနပညာရှင်များနှင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းမြတ်တို့က တောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်ရေးအတွက် သီးနှံအမျိုးအစားအလိုက် သိကောင်းစရာများကို ဟောပြောခဲ့ပြီး တောင်သူများက သိရှိလိုသည့်မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ ဟောပြောပွဲသို့ ကျေးရွာ ၁၇ ရွာမှ တောင်သူ ၂၀၀ ကျော် တက်ရောက်ခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ကျောက်မဲမြို့တွင် တိုင်းရင်းသား ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောက်မဲမြို့နယ်အတွင်းမှ ရှမ်းတိုင်းရင်းသား ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျောက်မဲမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းကကြီးမှူး၍ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်နှင့် မြို့နယ်ဒုတိယပညာရေးမှူး ဦးကျော်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးစိုင်းလှိုင်းပန်က အသင်း၏လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တစ်နိုင်ငံလုံးတွင် ဘောဂဗေဒဘာသာရပ် ပထမဆုရ အထက(ခွဲ)ဟူးကွက်မှ ကျောင်းသူတစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၃ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၅ ဦးနှင့် ရိုးရိုးအောင် ၂၂၆ ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။ ကျောက်မဲမြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းအနေဖြင့် ထူးချွန်ကျောင်းသားများအား ယခုလို ဆုချီးမြှင့်ခြင်းသည် တတိယအကြိမ်ဖြစ်ပြီး ယခင်ကလည်း ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်အား ယခုလို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

### မိုင်းရယ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ် မိုင်းရယ်မြို့နယ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ ဆင့်ပွားသင်တန်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဩဂုတ် ၁၈ ရက်က ဖွင့်လှစ်ခဲ့သည်။ ဖွင့်ပွဲတွင် ဆင့်ပွားသင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်ကို လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက ရှင်းလင်းပြောကြားပြီးနောက် မိုင်းရယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်သည့် ရပ်မိရပ်ဖများအား ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများကို ခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်ကြားပို့ချပေးခဲ့သည်။

**ခင်မာလာ**

### ငါန်းဇွန်မြို့နယ်၌ ကျေးရွာစာသင်ကျောင်းဆောင်သစ်ဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သူနတ်စစ်ကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)မှ ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သော ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်သည် အလျားပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ရန်ပုံငွေကျပ် ၁၃၄ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး (ငါန်းဇွန်)**

### စစ်ကိုင်းမြို့နယ်မှ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

၂၀၁၇ - ၂၀၁၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့်အောင်မြင်ခဲ့ကြသော စစ်ကိုင်းမြို့နယ်အတွင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မြို့မိမြို့ဖအဖွဲ့(စစ်ကိုင်း)၏ ဦးဆောင်မှုဖြင့် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့ရာ မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလွင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်းတို့က ပညာရေးဆိုင်ရာများကို ပြောကြားသည်။ ထို့နောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ဆုများချီးမြှင့်ခဲ့သည်။ ဆုပေးပွဲသို့ ခြောက်ဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ခြောက်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၂ ဦးတို့ကို ဆုများချီးမြှင့်ခဲ့ပြီး ယခုဆုပေးပွဲမှာ ဒုတိယအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၆၆)**

## မကွေးမြသလွန်စေတီတော် မြောက်ဘက်တန်ဆောင်းကို မြန်မာမှုများဖြင့် မွမ်းမံလျက်ရှိ

**မကွေး ဩဂုတ် ၂၀**



မကွေးမြို့ မြသလွန်စေတီရင်ပြင်တော်မြောက်ဘက်ရှိ မဟာအတုလရံသီတန်ဆောင်းတော်၏ မျက်နှာကြက်များ၊ နံရံများနှင့် တိုင်လုံးများကို ဩဝါဒဆရာတော်ကြီးများ၏ လမ်းညွှန်ချက်နှင့်အညီ အမရပူရခေတ်လက်ရာ၊ တကောင်းခေတ်လက်ရာများဖြင့် မွမ်းမံခြယ်သပြင်ဆင်လျက်ရှိကြောင်း မြသလွန်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားပြီး အတည်ပြုထားသည့်တိုင်ပုံစံ၊ ကနုတ်ပုံစံ၊ ပန်းပုံစံများကို မန္တလေးမြို့မှ တမ္ဘဝတီဦးဝင်းမောင်၏အဖွဲ့များက မြန်မာ့ဗိသုကာပညာရပ်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး နဝကမ္မငွေ ကျပ်သိန်း ၁၁၀၀ ကျော် အသုံးပြုလုပ်ဆောင်သွားမည်ဖြစ်သည်။

"ဒီတန်ဆောင်းတော်ကြီးက အလျား ၁၀၈ ပေ၊ အနံ ပေ ၃၀ ရှိပါတယ်၊ ဝါတွင်းမှာ ဉပုသ်သည်များ တစ်နေကုန် နားနေဝတ်ပြုရာ တန်ဆောင်းတော်ဖြစ်ပါတယ်၊ မူလအဆောက်အအုံက ခိုင်ခံ့မှုကိုအသားပေးပြီး တည်ဆောက်ထားတာပါ၊ မြန်မာမှုမပါလို့ ဆရာတော်ကြီးများက စေတီပုထိုးဆိုတာ မြန်မာမှုလေးတွေနဲ့ ပိုပြီးတော့သင့်တော်ပါတယ်ဆိုပြီးတော့ ဩဝါဒပေးလို့ လုပ်ဆောင်ဖြစ်သွားတာပါ"ဟု မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပက ဒုတိယဥက္ကဋ္ဌ ဦးအေးကျော်က ပြောသည်။

တန်ဆောင်း၏ အတွင်း၊ အပြင် နေရာများအားလုံးကို မြန်မာမှုများထည့်သွင်းပြီး ဘုရားဖူးလာပြည်သူများအတွက် ဘာသာရေးနယ်မြေနှင့်တူတန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ဇူလိုင်လ ပထမပတ်ထဲကပင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သီတင်းကျွတ်ပွဲတော်မတိုင်မီ အောက်တိုဘာ ၁၅ ရက်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌထံမှ သိရသည်။

မြသလွန်စေတီတော်မြတ်၏ ရင်ပြင်တော်တွင် မှန်တိုက်ဖြစ်သည့် မဟာဝိဇယတန်ဆောင်း၊ သဘာဝလေရှူရှိုက်နိုင်သော မဟာအတုလရံသီတန်ဆောင်းတော်၊ ရွှေဘုံသာမုနိတန်ဆောင်း၊ လျောင်းတော်မူတန်ဆောင်း၊ ဓာတ်တော်တိုက်နှင့်ပဝါရဏာအသင်း စသည့်နေရာများမှာ ဘုရားဖူးများ အေးချမ်းစွာ နားနေဝတ်ပြုနိုင်သော နေရာများဖြစ်ကြောင်း သိရသည်။ **ဇေယျတု(မကွေး)**

## ဒီးမော့ဆိုမြို့နယ်တွင် အိမ်တွင်းငြိမ်းချမ်းရေးစကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ဒီးမော့ဆို ဩဂုတ် ၂၀**

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောရပ်ရွာဆီသို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို Care Myanmar မှကြီးမှူး၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌ ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစိုးနိုင်က ဌာနအနေဖြင့် ရပ်ရေးရွာရေးကိစ္စရပ်များတွင် ဆွေးနွေးတိုင်ပင်နိုင်ရန်အတွက် Community Centre ကို ဖွင့်လှစ်ပေးထားပြီး မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးမှုများ လာရောက်ပြုလုပ်နိုင်ကြောင်း ပြောကြားသည်။



ထို့နောက် Care Myanmar(ဒီးမော့ဆို)မှ စီမံချက်အရာရှိ ဒေါ်လူစီးယာက ကျား/မ အခြေပြု အကြမ်းဖက်မှုကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ၅၀ တွင် ဆောင်ရွက်လျက်ရှိပြီး ယခု ကျင်းပပြုလုပ်သော အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောရပ်ရွာဆီသို့ စကားဝိုင်းဆွေးနွေးပွဲသည် ကျား/မ အခြေပြု အကြမ်းဖက်မှုများ၏ အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်စေရန်၊ အကြမ်းဖက်မှုပုံစံအမျိုးမျိုးကို သတိပြုမိစေရန်နှင့် အသိအမြင်တိုးလာစေရန်၊ အကြမ်းဖက်မှုကို ကာကွယ်တားဆီးရေးအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ဆောင်ရွက်နိုင်ရန်၊ လူမှုအပြောင်းအလဲဖော်ဆောင်ရာတွင် ရပ်ကွက်ကျေးရွာအတွင်းရှိ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို လှုံ့ဆော်နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်ကြသော Women Club အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျား/မအခြေပြု အကြမ်းဖက်မှုကာကွယ်တားဆီးရေးဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက အကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးမှ ရပ်ကွက်နှင့် ကျေးရွာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်း ပြန်လည်အသက်ဝင်လာ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အချို့မှ ရပ်ကွက်နှင့် ကျေးရွာများတွင် သန့်ရှင်းရေး စုပေါင်းလုပ်ငန်းများကို ဇွန်လအတွင်းမှစ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် ရပ်/ကျေး အုပ်ချုပ်ရေးအဖွဲ့များနှင့် ပရဟိတအဖွဲ့များ၊ ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်လာသည်ကို တွေ့ရပြီး ရုံးပိတ်ရက် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်မှုများ ပြန်လည်အသက်ဝင်လာလျက်ရှိကြောင်း သိရသည်။

ယခင်က တနင်္ဂနွေရုံးပိတ်ရက်တွင် ပြည်သူများသည် မိမိတို့လမ်း၊ ကျောင်း၊ ရပ်ကွက်/ကျေးရွာ သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းလုပ်ဆောင်၍ အလှူရှင်များ လှူဒါန်းသော ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ အကြော်တို့ကို တပျော်တပါး စုပေါင်းစားသောက်ကြသောဓလေ့သည် နောက်ပိုင်းတွင် ပျောက်ကွယ်ခဲ့ရာမှ ယခုအခါ ပြန်လည်အသက်ဝင်လာခြင်းကြောင့် သက်ကြီးရွယ်အိုများနှင့် သံဃာတော်ကြီးများက ဝမ်းသာပီတိဖြစ်လျက်ရှိသည်။

"ပျောက်ကွယ်သွားတဲ့ဓလေ့တစ်ခုကို အခုလို ပြန်လည်ဖော်ဆောင်နိုင်တာကို ဝမ်းလည်းသာတယ်၊ ကျေနပ်ပီတိလည်းဖြစ်တယ်၊ ပြည်သူအားလုံးပါလာဖို့တော့လိုသေးတယ်၊ အမျိုးသားရေးစိတ်ဓာတ်ရှိတဲ့သူနည်းနေသေးရင် ရေရှည်မှာ မအောင်မြင်နိုင်ဘူး၊ ကိုယ့်အိမ်ရှေ့ကအမှိုက်နဲ့ ချုံနွယ်မြက်တွေကို ကိုယ်စီရှင်းနိုင်ရင် ရန်ကုန်မြို့ကြီး သန့်ရှင်းသပ်ရပ်မှုကို မြင်တွေ့ရလိမ့်မယ်၊ ဆရာတော်တို့ကိုလည်း လိုတာပြော၊ ဖြည့်ဆည်းပေးဖို့အဆင်သင့်ပဲ"ဟု လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်ရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဉာဏိစိတ္တက မိန့်ကြားသည်။

လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာများ၌ အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတအဖွဲ့များစုပေါင်းပြီး ရေမြောင်းများဆယ်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်း၊ အများပြည်သူသွားလာသည့်လမ်းများပေါ်မှ အန္တရာယ်ရှိသောသစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် လုပ်ဆောင်လျက်ရှိသည်။ ကျူးကျော်နေထိုင်မှုနှင့်အဆောင်ငှားရမ်းနေထိုင်မှုများ များပြားခြင်းကြောင့် ရပ်ကွက်သန့်ရှင်းရေးလုပ်ဆောင်ရာတွင် အခက်အခဲများရှိသော်လည်း ပုံမှန်တစ်ရက် စုပေါင်းသန့်ရှင်းရေးကို အုပ်ချုပ်ရေးပိုင်းက လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရွှေလင်ပန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလေးနိုင်မြင့်က "ပြီးခဲ့တဲ့အပတ်က ရွှေမြင့်မိုရ်ပတ်လမ်းနဲ့ ဒီအပတ်မှာ အထကခွဲ(၉)ကျောင်းရှေ့ ကျန်စစ်သားလမ်းက ချုံနွယ်၊ မြက်၊ အမှိုက်နဲ့ သစ်ကိုင်းတွေကို ရှင်းလင်းတယ်၊ ကျွန်တော်တို့ စုပေါင်းသန့်ရှင်းရေးလုပ်တာ ၁၀ ပတ်ရှိပြီ၊ အုပ်ချုပ်ရေးနဲ့ ပရဟိတအဖွဲ့တွေ ပူးပေါင်းလုပ်ဆောင်တာပါ၊ မိမိအိမ်ရှေ့မှာလုပ်ဆောင်ဖို့တော့ ဆော်ဩတယ်၊ အရင်လို မိုးရာသီမှာ သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်တာ နည်းသွားတယ်"ဟု ပြောသည်။

ကျူးကျော်နေထိုင်မှုနှင့် စက်မှုဇုန်လုပ်သားများသော လှိုင်သာယာတွင် အသည်းရောင်အသားဝါဘီပိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှော၊ သားအိမ်ခေါင်းရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ ဖြစ်ပွားတတ်ပြီး ယခုကဲ့သို့ တစ်ပတ်တွင်တစ်ရက် ရပ်ကွက်/ကျေးရွာအလိုက် လမ်းတိုင်းနှင့် အိမ်တိုင်းရှေ့တွင် သန့်ရှင်းရေးကို ပုံမှန်စုပေါင်းဆောင်ရွက်ခြင်းဖြင့် ကလေးသူငယ်နှင့် ကျောင်းသား ကျောင်းသူတို့၏ ကျန်းမာရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**၁၆၄**

# ရေပြန်ကျလို့ အိမ်ပြန်ရာ ဓာတ်လိုက်မှုတွေ သတိထားပါ

**မောင်မောင် ( လျှပ်စစ်)**

**“ဝါဆိုဝါခေါင် ရေဖောင်ဖောင်” ဆိုတဲ့ စကားကို အစဉ်အလာမပျက်အောင် ထိန်းသိမ်းတာထင်ပါ့။ မြန်မာပြည်အနှံ့ မိုးရွာလိုက်တာမှ ဩချရပါတယ်။ ကြောက်ပါပြီလို့ ပြောရမလားလို့ ထင်မိတယ်ဗျာ။ ကျွန်တော်ငယ်ငယ် လေးတန်း၊ ငါးတန်းကျောင်းသားဘဝက ဒီလိုမိုးသဲသဲမဲမဲရွာတဲ့အချိန်မျိုးမှာ ကျောင်းလွှတ်လို့အိမ်အပြန် ရေလျှံနေတဲ့လမ်းပေါ် ဆော့ကစားရတာ တော်တော်ကို ပျော်ရပါတယ်။ တစ်ခါက ရေထဲဆော့ရင်း မြောင်းထဲပြုတ်ကျတော့ တစ်ကိုယ်လုံးရွှံ့ရွှံ့စိုနေလို့ အိမ်ရောက်တော့ အရိုက်ခံရတာလည်း အမှတ်တရပါဗျာ။ ဒါပေမယ့် ခုခေတ်လို လျှပ်စစ်ဓာတ်ကြိုးပြတ်ကျလို့ ဓာတ်လိုက်တာမျိုးတော့ မကြားမိတာ အမှန်ပါခင်ဗျာ။**

အခုတော့ မိုးတွေကသည်း ရေတွေက လျှံနေတာမြင်ရတာ နှလုံးခုန် ရင်တုန်မိပါတယ်။ စိုးရိမ်စိတ်တွေကလည်း များရပါတယ်။ အကြောင်းက ကျွန်တော်တို့ ရန်ကုန်မှာ မိုးတွေဝုန်းဒိုင်းကြဲရွာသလို မြစ်ကူးချောင်းဖျား၊ မြစ်ကမ်းနံဘေး၊ ချောင်းနံဘေး ဒေသတွေမှာ မိုးသည်းလို့ ရေကြီးရေလျှံ၊ ရေလွှမ်းမိုးနေတာကြောင့် ရေဘေးဒုက္ခသည်တွေအတွက် စိုးရိမ်မိတာအမှန်ပါ။ ရေဘေးသင့်ဒေသတွေနဲ့ ပတ်သက်တဲ့သတင်းအစုံစုံကို နေ့စဉ်ကြားနေရတာမို့ မစိုးရိမ်ဘဲ မနေနိုင်ပါ။

မြန်မာနိုင်ငံမှာ အခုနှစ်ဇွန်လ နောက်ဆုံးပတ်ကစပြီး ရေကြီးရေလျှံလိုက်တာ ဩဂုတ်လကိုသာ ရောက်တယ် မပြီးနိုင်သေးပါ။ ဦးနှင်းပဲ့ထောင်၊ ပဲ့နှင်းဦးထောင် ဆိုသလို ဟိုဒေသရေကြီးလိုက်၊ သည်ဒေသရေကြီးလိုက်၊ တစ်နေရာရေပြန်ကျရင် တခြားတစ်နေရာမှာ ရေကြီးပြန်နဲ့ ချာလပတ်လည်နေပါတယ်ဗျာ။ ရေကြီးရေလျှံတဲ့အတွက် ရေဘေးသင့်ဒေသတွေမှာရှိတဲ့ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းအပါအဝင် စာသင်ကျောင်း တော်တော်များများပိတ်ထားရတဲ့ သတင်းကိုလည်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပြန်ပါတယ်။

## နှစ်ကျော့ပြန် ရေလွှမ်းခံရ

သို့သော်လည်း အချို့နေရာဒေသတွေဆိုရင် နှစ်ကျော့ပြန်ရေလွှမ်းခံရတာလည်း ရှိသေး။ ကဲ - ဘယ်လောက်စိတ်ညစ်ကြမလဲ။ ဘယ်လောက်ဒုက္ခရောက်ကြမလဲနော်။ ရေဘေးသင့်ခံရသူ ပြည်သူတွေခမျာ ရေလွတ်ရာ ရေဘေးကယ်ဆယ်ရေးစခန်းတွေကို ရွှေ့ရ ပြောင်းရ၊ ကယ်ဆယ်ရေးစခန်းတွေမှာ ကြုံသလိုကျသလို၊ ဖြစ်သလို နေထိုင်ကြရ။ လာရောက်လှူဒါန်းကြတဲ့ အစားအသောက်တွေသာ စားသောက်ကြရနဲ့ ဘယ်အဆင်ပြေကြပါ့မလဲ။ ကိုယ့်အိမ်ကိုယ့်ရာမှာ နေရသလို စိတ်လွတ်ကိုယ်လွတ် ရှိပါ့မလား။ ဘာနဲ့စားရစားရ၊ ဘယ်လိုနေရနေရ ကိုယ့်အိမ်ကိုယ့်ရာက အကောင်းဆုံးမဟုတ်ပါလားဗျာ။

ဒါကြောင့်လည်း ရေဘေးသင့်ပြည်သူတွေခမျာ ရေပြန်ကျလို့ ကိုယ့်အရပ်ဒေသကို ပြန်လည်ရွှေ့ပြောင်း နေထိုင်နိုင်ပြီဆိုရင် ဝမ်းသာအားရ၊ အပြေးအလွှားပြန်ကြ။ အိမ်ပြန်ရောက်တော့ အိမ်မှာ ပျက်စီးချွတ်ယွင်းနေတာတွေ ပြင်ကြရ၊ အိမ်သန့်ရှင်းရေးတွေလုပ်ရ၊ ပျောက်နေတဲ့ ပစ္စည်းပစ္စယတွေ ပြန်ရှာရ၊ နေသားတကျ ပြန်ထားရနဲ့ တော်တော်ကို အလုပ်ရှုပ်ကြမှာပါ။

အိမ်ထဲမှာ ကျန်နေခဲ့တဲ့ ရွှံ့တွေ၊ နွံတွေ၊ အမှိုက်တွေကို ဆေးရဖယ်ရတာလည်း မလွယ်ပါဘူး။ ဒီဒုက္ခတွေထက်ပိုဆိုးတာကတော့ ရေကြီးရေလျှံချိန်မှာ ရေနှင့်အတူ မျောပါလာပြီး ရေပြန်ကျချိန်မှာ ဟိုချောင်ကပ်၊ ဒီချောင်ကပ်၊ ဟိုနေရာခွေ၊ ဒီနေရာခွေနေတဲ့ မြွေဆိုးအန္တရာယ်နဲ့ အမှတ်တမဲ့သတိလက်လွတ်ဖြစ်ရတဲ့ ဓာတ်လိုက်မှု အန္တရာယ်တွေကိုလည်း တွေ့ကြုံရတတ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်က သတိတရနဲ့ ဖြစ်ပေါ်နိုင်တဲ့ဓာတ်လိုက်မှုအန္တရာယ် မဖြစ်စေလိုတဲ့ စေတနာနဲ့ သတိပေးရေးနေရတာပါ။ မစိုးရိမ်လို့၊ သတိမပေးလို့၊ မရေးလို့ မဖြစ်အောင် ၂၀၁၆ ခုနှစ်က မြန်မာ့အလင်းသတင်းစာမှာ ပါတဲ့သတင်း သုံးပုဒ်က တိုက်တွန်းနှိုးဆော်နေပါတယ်။

## ဓာတ်လိုက်သေဆုံးမှုများ

၂၀၁၆ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့က ဧရာဝတီမြစ်ရေကြီးပြီး ပခုက္ကူမြို့နယ် ဖိုကုန်းကျေးရွာနေ မမြင့်မြင့်ခိုင် နေအိမ်ဝင်းအတွင်း ဧရာဝတီမြစ်ရေအနက် တစ်ပေခွဲခန့် ဝင်ရောက်နေချိန် ၎င်းရဲ့ နေအိမ်နောက်ဖေးရှိ လမ်းမီးတိုင်မှ ပြုတ်ကျနေသော လိုင်းမီးကြိုး (ဓာတ်ကြိုး)မှာ အမြင့်ငါးပေခန့်ရှိ နောက်ဖေးခြံစည်းရိုးဝင်း ထရံပေါ်ကျနေကြောင်း မမြင့်မြင့်ခိုင်က ၎င်းရဲ့နေအိမ် နောက်ဖေးမှ အပြင်သို့ထွက်စဉ် ပြုတ်ကျနေသော လိုင်းမီးကြိုးကို ကိုင်မိရာ ဓာတ်လိုက်ပြီး ရေထဲပြုတ်ကျ သေဆုံးသွားသတဲ့။

> **“ဓာတ်လိုက်သေဆုံးမှုများကို လေ့လာကြည့်လျှင် ပြုတ်ကျနေသည့် ဓာတ်ကြိုး၊ အိကျနေတဲ့ ဓာတ်ကြိုးများကြောင့် သေဆုံးရခြင်း၊ လျှပ်စစ်ဓာတ်အား တပ်ဆင်ပြုပြင်ရာ၌ လျှပ်စစ်ကျွမ်းကျင်သူများကို တာဝန်မပေးဘဲ မိမိကိုယ်တိုင် ကိုင်တွယ်ပြုပြင် ဆက်သွယ်ခြင်းတို့ကြောင့် သေဆုံးရခြင်းတို့ကို တွေ့ရှိရ”**

၂၀၁၆ခုနှစ် ဩဂုတ်လ ၄ ရက် ညနေပိုင်းကလည်း ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပန်းတောင်းမြို့နယ်အတွင်း ကြခတ်ရပ်ကွက်၌ ရေငါးပေခန့် မြင့်တက်နေသောနေရာရှိ နေအိမ်တစ်အိမ်၌ အိမ်အောက်ထပ်ရှိ လျှပ်စစ်မီးပလပ်ခုံမှာ ရေထိလုနီးပါးဖြစ်နေ၍ အိမ်ရှင်အမျိုးသားက မီးပလပ်ခုံကို ရေလွတ်ရာသို့ ပြောင်းရွှေ့စဉ် ပလပ်ခုံရှိ မီးခလုတ်မပိတ်ဘဲ ဖြုတ်မိရာ ဓာတ်အားရှိနေ၍ ပလပ်ခုံကိုင်လျက် ဓာတ်လိုက်နေစဉ် အိမ်နီးချင်းများက မိန်းခလုတ်ပိတ်မှသာ လူနှင့်ပလပ်ခုံ လွတ်သွားပြီး လူကအောက်သို့ပြုတ်ကျပြီး ဆေးရုံမရောက်မီ လမ်း၌ သေဆုံးသွားရပါတယ်။

ထိုနှစ် ဩဂုတ်လ ၇ ရက် ညနေကလည်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကုန်းဇောင်းရွာ စက်တန်းရပ်ကွက်နေ ဦးသိန်းထွန်း ၅၅ နှစ်မှာ ဓာတ်တိုင်မှ နေအိမ်ကို သွယ်တန်းထားသော လျှပ်စစ်ဓာတ်ကြိုးလျော့ကျ (အိကျ)နေလို့ အနားမှာရှိတဲ့ ကုက္ကိုပင်ပေါ်တင်ဖို့ ကောက်ကိုင်လိုက်တာ ဓာတ်လိုက်သေဆုံးသွားရသတဲ့။ သတိတစ်ချက်လွတ်တာနဲ့ ခံရတာမို့ နှမြောစရာပါ။ ဒီဓာတ်လိုက်မှုသုံးခုက ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ ဖြစ်တဲ့ ဓာတ်လိုက်မှုသတင်းပါခင်ဗျ။

အိုးကမပူ၊ စလောင်းကပူတယ်လို့တော့ မထင်ကြပါနဲ့၊ စာရေးသူက မြန်မာပြည်သူပြည်သားတွေ၊ လူသားအရင်းအမြစ်တွေ လျှပ်စစ်ကြောင့်၊ ဓာတ်လိုက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှုမဖြစ်ရအောင် အစဉ်တစိုက်သတိပေး ရေးသားနေသူမို့၊ ရေဘေးကယ်ဆယ်ရေးစခန်းက မိမိတို့ နေအိမ်ပြန်ကြသူတွေအနက် ၂၀၁၅ ခုနှစ်က ရေဘေးလွတ်လို့ အိမ်အပြန် စိတ်မချမ်းမြေ့စရာဖြစ်ခဲ့ရတဲ့ မြန်မာ့အလင်းသတင်းစာပါ ဓာတ်လိုက်မှုသတင်းလေးပုဒ်ကိုလည်း ပြန်လည်ဖော်ပြသတိပေးလိုပါတယ်။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၆ ရက် ည ၇ နာရီကျော်က မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် မယ်ဇလီကျေးရွာနေ ကိုဇော်လင်းထွန်း ၂၆ နှစ်မှာ နေအိမ်ကို ပြန်လာစဉ် ကျေးရွာမီးစက်မှ ဓာတ်အားပို့လွှတ်ထားတဲ့ လျှပ်စစ်မီးကြိုးပြတ်ကျနေသည့် ရေအိုင်ထဲဖြတ်လျှောက်ရာ ပြတ်ကျနေသော ဓာတ်ကြိုးကို နင်းမိ၍ ဓာတ်လိုက်သေဆုံးခဲ့ရသတဲ့။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက် ညကလည်း မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာနေ ဦးမြင့်သူ ၅၂ နှစ်မှာ သူနေထိုင်ရာဒေသ၌ ရေနစ်မြုပ်၍ လျှပ်စစ်ဓာတ်အား ခေတ္တဖြတ်တောက်ထားချိန်တွင် နေအိမ်ရှိ လျှပ်စစ်မီတာဘောက်ကို ပြန်လည်ပြုပြင်နေစဉ် သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးမှ လျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်ရာ ဓာတ်လိုက်သေဆုံးကြောင်း ဖတ်ရှုမှတ်သားရပြန်ပါတယ်။

## လမ်းခုလပ်၌ သေဆုံး

၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၀ ရက် မွန်းလွဲပိုင်းကလည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇေယျဝတီရပ်ကွက် စက်မှုလယ်ယာလမ်းတွင် ဦးမျိုးမြင့် ၃၇ နှစ်က သူ၏နေအိမ် ရေနစ်မြုပ်ခဲ့ရာမှ ရေများပြန်ကျသွားပြီဖြစ်၍ နေအိမ်သို့ပြန်လည် ပြောင်းရွှေ့နေထိုင်ရန်အတွက် လျှပ်စစ်မီးပြန်လည်ပြုပြင်တပ်ဆင်ရာ မီးပလပ်တပ်ထားသော ဝိုင်ယာနှစ်ပင်ကို ကိုင်မိသဖြင့် ပက်လက်လန် လဲကျသွားသဖြင့် ရေစကြိုမြို့မဆေးရုံကြီးသို့ ပို့ဆောင်စဉ် လမ်းခုလပ်၌ သေဆုံးသွားခဲ့ရသည်။

